# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်၊ စနေနေ့။ Saturday, 30 September 2023 ၁၁၂၃၄


## လူအပေါင်းချစ်မြတ်နိုး

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်းပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်းပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ -၂၁၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၅/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၅/ ၂၀၂၃)သို့ တက်ရောက်အမှာစကား ပြောကြား

## ပြည်သူလူထုအကျိုးကို လက်တွေ့ကျကျ ထိထိရောက်ရောက် ဆောင်ရွက်ပြခြင်းဖြင့် အလုပ်ဖြင့် သက်သေပြကြရန် တိုက်တွန်း

နေပြည်တော် စက်တင်ဘာ ၂၉

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၃)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰




ကြေးမုံ

# ရှေ့သို့လှမ်းချီ မျက်ခြည်မပြတ်ကြိုးပမ်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်လာရေး အကောင်အထည်ဖော်ရာတွင် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်နှစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးလုပ်ငန်းစဉ်နှစ်ရပ်အဖြစ် မျက်ခြည်မပြတ် အကောင်အထည်ဖော်လျက်ရှိသည်။ ယင်းတို့ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက် (၉)ရပ်ကို ချမှတ်ထားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ခဲ့သည့် နှစ်နှစ်ကျော်ကာလအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေး စသည့်ကဏ္ဍပေါင်းစုံ၌ ယခင်နှင့်မတူ တိုးတက်ဖြစ်ထွန်းလာအောင် ဆောင်ရွက်နိုင်ခဲ့သည်။ "မိမိတို့နိုင်ငံအနေဖြင့် တည်ငြိမ်အေးချမ်းမှုရှိပြီး မျှော်မှန်းချက်များ၊ ဦးတည်ချက်များကို မှန်မှန်ကန်ကန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဆိုပါက နှစ်အနည်းငယ်အတွင်း ဒေသတွင်းနိုင်ငံများအကြား၌ အလယ်အလတ်အဆင့်၌ ရပ်တည်နိုင်မည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၄/၂၀၂၃)တွင် ပြောကြားခဲ့သည်။

နိုင်ငံတော်၏ ရည်မှန်းချက်များ၊ ဦးတည်ချက်များ မျှော်မှန်းထားသည့်အတိုင်း အောင်မြင်စွာ အကောင်အထည်ပေါ်လာစေရန်အတွက် နိုင်ငံတော်ကို တည်ငြိမ်အေးချမ်းမှုရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တိတိကျကျ မှန်မှန်ကန်ကန်ဖြင့် တက်ညီလက်ညီ ကြိုးပမ်းအကောင်အထည်ဖော်နိုင်ပါက အနာဂတ်ကာလတွင် ဒေသတွင်းနိုင်ငံများအကြား၌ တင့်တယ်ဝင့်ထည်စွာ ရပ်တည်လာနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ကုန်လွန်ခဲ့သည့်ကာလများက တိုင်းပြည်အပေါ် ဦးဆောင်မှု၊ စီမံခန့်ခွဲမှုလွဲမှားမှုများနှင့် အားနည်းချက်အဖုံဖုံနှင့် အနှောင့်အယှက်အမျိုးမျိုးတို့ကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အားနည်းမှုများနှင့် နောက်ကျကျန်ရစ်ခဲ့မှုများကို တွေ့ကြုံခဲ့ရသည်။

မြန်မာနိုင်ငံတွင် မြေပေါ်မြေအောက်သယံဇာတများ၊ သဘာဝအရင်းအမြစ်များ၊ လူသားစွမ်းရည်များ များစွာပိုင်ဆိုင်ထားသော်လည်း ထိထိရောက်ရောက် အကျိုးရှိစွာအသုံးမချနိုင်ခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေခဲ့ခြင်းဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပြည်တွင်းကုန်ထုတ်စွမ်းအားများ မြင့်မားတိုးတက်လာရေးနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာရေးကို မြှင့်တင်အားပေးပြီး မျက်ခြည်မပြတ် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ ထို့အပြင် နိုင်ငံတော်၏တာဝန်ကို ထိရောက်စွာ ထမ်းဆောင်နိုင်ရန်အတွက် ယုံကြည်စွာဖြင့် တာဝန်ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များကိုအသုံးပြု၍ ကိုယ်ကျိုးစီးပွားရှာဖွေသူများကိုလည်း ထိရောက်စွာ အရေးယူမှုများ ပြုလုပ်လျက်ရှိသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာရေးကို ဆောင်ရွက်ရာတွင် မြေပြင်အခြေအနေ ပကတိအခြေအနေလိုအပ်ချက်များကို မှန်မှန်ကန်ကန်သိမြင်ပြီး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် နိုင်ငံတော်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များကိုယ်တိုင် နယ်မြေဒေသအသီးသီးသို့ ကွင်းဆင်းသွားရောက်၍ ထိတွေ့ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူများ၏ လိုအပ်ချက်များနှင့်သဘောထားဆန္ဒများ တစ်ထပ်တည်းကျနေရန် အရေးကြီးသည်။ ပြည်သူများ၏ဆန္ဒများကို အတတ်နိုင်ဆုံးဖြည့်ဆည်းပေးနိုင်မှသာ မျှော်မှန်းထားသည့်ခရီးလမ်းကို ဖြောင့်တန်းစွာ လျှောက်လှမ်းနိုင်မည်ဖြစ်သည်။ လိုလားချက်များကို ဖြည့်ဆည်းပေးပြီး အားလုံးတက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြပါက အမျိုးသားရေးလုပ်ငန်းစဉ်နှင့် နိုင်ငံရေးလုပ်ငန်းစဉ်များ အကောင်အထည်ပေါ်လာပြီး အနာဂတ်ကာလတွင် မျှော်မှန်းထားသည့်အတိုင်း မလွဲမသွေဖြစ်လာမည်မှာသေချာသည်။ တကယ်လုပ်လျှင် အဟုတ်ဖြစ်မည်ဆိုသည့်အတိုင်း အမှန်တကယ်အလုပ်လုပ်ကြလျှင် မျှော်မှန်းသည့်အတိုင်း ဖြစ်လာမည်ဟု ယုံကြည်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် နှောင့်ယှက်ဖျက်ဆီးမှုများနှင့် စေတနာမထားဆောင်ရွက်မှုများကို ရှင်းလင်းဖယ်ရှားပြီး တစိုက်မတ်မတ် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်မှု၏ အကျိုးရလဒ်များကို တွေ့မြင်နေရပြီဖြစ်သည်။ ပြည်သူများအနေဖြင့်လည်း အမှားအမှန်၊ အကောင်းအဆိုးတို့ကို ခွဲခြားနားလည်နေကြပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းသာယာဝပြောရေးကို မျှော်လင့်နေကြသည်။ မျှော်လင့်ချက်များကို လက်တွေ့လက်တွဲညီညီ ကြိုးပမ်းအကောင်အထည်ဖော်ကြရန်သာရှိသည်။ ငြိမ်းချမ်းရေးတွင်လည်း အလားအလာကောင်းများရရှိနေပြီး တည်ငြိမ်အေးချမ်းမှုကို ဖျက်ဆီးသည့် အဖျက်သမားများကို စည်းလုံးညီညီတိုက်ဖျက်ကြကာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ကုန်ထုတ်စွမ်းအားတိုးတက်ရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရှေ့သို့လှမ်းချီ မျက်ခြည်မပြတ် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# နယ်စပ်ရေးရာဝန်ကြီးဌာနက ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်၊ ပဲ၊ ဆီနှင့် ဆားများ ဆက်ကပ်လှူဒါန်း

လွိုင်လင် စက်တင်ဘာ ၂၉

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင် သီတင်းသုံးနေထိုင်သည့် သံဃာတော်များ၊ သာမဏေများအတွက် ဆွမ်းကွမ်းအခက်အခဲမရှိစေရေးနှင့် အခြားဘာသာရေးဆိုင်ရာ အဖွဲ့အစည်းများသို့ ဆွမ်းဆန်တော်၊ ပဲ၊ ဆီနှင့် ဆား အမယ်လေးမျိုးကို ဆက်ကပ်လှူဒါန်းလျက်ရှိရာ လွိုင်လင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့် လွိုင်လင်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ဒုတိယ ညွှန်ကြားရေးမှူး ဦးဟန်ဝင်းအောင် တို့က လွိုင်လင်မြို့နယ် ရတနာစည်ပရိယတ္တိစာသင်တိုက်နှင့် ပင်လုံမြို့ ဓမ္မ စေတီပရိယတ္တိစာသင်တိုက်ရှိ ရဟန်း၊ သာမဏေများအား ဝါတွင်းကာလ ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ပဲ၊ ဆီနှင့် ဆား အမယ်လေးမျိုးကို ယမန်နေ့တွင် သွားရောက်ဆက်ကပ် လှူဒါန်းခဲ့သည်။




နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ခရိုင်/ မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆက်ကပ် လှူဒါန်းမှုများပြုလုပ်လျက်ရှိရာ မြန်မာနိုင်ငံတစ်ဝန်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် အခြားဘာသာရေးကျောင်းများသို့လည်း လှူဒါန်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မိုင်းပျဉ်းမြို့ မြို့မစျေး၌ ခြံစည်းရိုးကာရံမှု ကွင်းဆင်းစစ်ဆေးဆောင်ရွက်

မိုင်းပျဉ်း စက်တင်ဘာ ၂၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့၌ စည်ပင်သာယာရေးဌာနက မြို့မစျေးခြံစည်းရိုးကာရံနေမှုကို တာဝန်ရှိသူများက ယနေ့ ကွင်းဆင်းစစ်ဆေးသည်။

မိုင်းပျဉ်းမြို့ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာလှပရေးတို့အတွက် မြို့နယ်စည်ပင်သာယာရေးဌာနက ပုံမှန်လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၇ သန်းဖြင့် ဒုတိယသုံးလပတ် မြို့မစျေးခြံစည်းရိုးကာရံခြင်းလုပ်ငန်း (ပေ ၃၂၀ x ၅ ပေ) ကို မိုင်းပျဉ်းမြို့နယ်စည်ပင်သာယာရေးဌာနမှ တာဝန်ခံအင်ဂျင်နီယာက ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းပြီးစီးမှု အခြေအနေများကို အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

သင့်စီးပွားရေး လုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၂၉ - ၉ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၉,၀၀၀ | ၁၈၉ | ၁,၆၈၀,၃၀၀ |
| MTSH | ၃,၀၅၀ | ၃,၀၅၀ | ၅,၆၂၇ | ၁၇,၀၆၂,၃၅၀ |
| MCB | ၇,၄၀၀ | ၇,၅၀၀ | ၅ | ၃၇,၂၀၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၂၁၆ | ၃၆၇,၂၀၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၀ | ၀ |
| EFR | ၂,၂၀၀ | ၂,၂၀၀ | ၅၃၆ | ၁,၁၇၉,၂၀၀ |
| AMATA | ၄,၈၀၀ | ၅,၀၀၀ | ၄၅၅ | ၂,၂၂၈,၆၀၀ |
| MAEX | ၁,၇၅၀ | ၁,၈၀၀ | ၂၇၂ | ၄၇၆,၁၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

# အလုပ်အကိုင်အခွင့်အလမ်းများနှင့် အားပေးကူညီမှုများကို ဖော်ဆောင်ပေးနိုင်မှသာလျှင် အလုပ်ကို အင်ပြည့်အားပြည့်လုပ်နိုင်မည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် စီမံခန့်ခွဲသည့်သူများက စနစ်တကျဖြင့် စီမံခန့်ခွဲဆောင်ရွက်

**☆ မိမိတို့အနေဖြင့် နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်ချမှတ်ထားရှိပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**

**☆ အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စား၊ ရေ၊ ရိက္ခာဖူလုံရေးကို ချမှတ်ဆောင်ရွက်ထားရှိပြီး တိုင်းပြည်အတွင်းရှိ ပြည်သူ ပြည်သားအားလုံး မပူမပင်မကြောင့်မကြဖြင့် အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရမည်**

**☆ ၎င်းအချက်နှစ်ချက်သည် စဉ်ဆက်မပြတ် အကောင်အထည်ဖော်ရမည့် နိုင်ငံတော်၏ မျှော်မှန်းချက်ဖြစ်**

**☆ တိုင်းပြည်သည် မူလအခြေအနေထက် ပိုမိုတိုးတက်လာရမည်ဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကောင်းမွန်သည့်သမိုင်းတစ်ခုကို ချန်ထားခဲ့နိုင်ရမည်**

☆ ရှေ့ဖုံးမှ

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**အလုပ်လုပ်ရန်နှင့် အလုပ်လုပ်နိုင်သည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန် စနစ်တကျစီမံခန့်ခွဲပေးရမည်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်၏အခြေအနေ အရပ်ရပ်ကို ထိန်းသိမ်းတာဝန်ယူဆောင်ရွက်ခဲ့ပြီးနောက်ပိုင်း အစိုးရအဖွဲ့လုပ်ငန်းများအောင်မြင်ရန် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ အောင်မြင်မှုများ၊ တိုးတက်မှုများ အများအပြားရှိသကဲ့သို့ အချို့သောကိစ္စများ၌ အားနည်းချက်များ ရှိခဲ့သည်ကိုလည်း တွေ့ရှိရကြောင်း၊ အောင်မြင်မှုဆိုသည်မှာ လုပ်ဆောင်နိုင် စွမ်းအားအပေါ်တွင်သာ မူတည်သည်ဟု မြင်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ပိုင်ဆိုင်ထားရှိပြီးဖြစ်သည့် မြေပေါ်မြေအောက် သယံဇာတများ၊ သဘာဝအရင်းအမြစ်များ၊ လူသားအရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲပြီး အကျိုးရှိစွာအသုံးချနိုင်မည်ဆိုပါက အမှန်တကယ်အကျိုးရှိနိုင်မည်ဖြစ်ကြောင်း။

ဖွံ့ဖြိုးမှုနောက်ကျသည့် နိုင်ငံ (LDC) နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကူညီထောက်ပံ့မှုများရရှိမည့် အခွင့်အရေးများရှိသော်လည်း နိုင်ငံရေးအကြောင်းပြချက်များဖြင့် ထောက်ပံ့ကူညီမှုများ ဖြတ်တောက်ခံရသည့် အခြေအနေ၌ ကိုယ့်အားကိုယ်ကိုး ရပ်တည်၍ အောင်မြင်မှုရှိအောင် ဆောင်ရွက်ခဲ့ရကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၏ ထောက်ပံ့ကူညီမှုကိုသာ ရရှိခဲ့ပြီး ၎င်းအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် မိမိတို့ခြေထောက်ပေါ်တွင် ရပ်တည်နိုင်ရေး အဓိက ကြိုးစားအားထုတ်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုစွမ်းအားများကို မြှင့်တင်ရေး ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တာဝန်စယူကာစ အစောပိုင်းကာလများတွင် တည်ငြိမ်အေးချမ်းရေးကို ဦးစားပေးဆောင်ရွက်ရသည်ဖြစ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အလေးပေးဆောင်ရွက်နိုင်ခြင်းမရှိခဲ့သော်လည်း နောက်ပိုင်းတွင် စီးပွားရေးကို ဖိဖိစီးစီးဖြင့် အားပေးဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၌ အဓိကလိုအပ်သည်မှာ အမှန်တကယ် အလုပ်လုပ်ရန်နှင့် အလုပ်လုပ်နိုင်သည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးရန် လိုအပ်ချက်များရှိနေသည်ကို တွေ့ရှိရကြောင်း၊ အလုပ်လုပ်ရန် မည်သို့ပင် တိုက်တွန်းနေစေကာမူ အလုပ်လုပ်နိုင်ရန် ဖန်တီးပေးမှု၊ အားပေးကူညီပေးမှုမရှိပါက စွမ်းအားပြည့် အလုပ်လုပ်နိုင်မည်မဟုတ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် အားပေးကူညီမှုများကို ဖော်ဆောင်ပေးနိုင်မှသာလျှင် အလုပ်ကို အင်ပြည့်အားပြည့်လုပ်နိုင်မည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည့်အတွက် စီမံခန့်ခွဲသည့်သူများက စနစ်တကျဖြင့် စီမံခန့်ခွဲဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**ယုံကြည်မှုပေးထားသည့်အတိုင်း အမှန်တကယ် အလုပ်လုပ်ကြရန်နှင့် မှန်ကန်စွာစီမံခန့်ခွဲပေးနိုင်ရမည်**

လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ဝန်ကြီးချုပ်များ၊ ဝန်ကြီးဌာနအလိုက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများကို တာဝန်များ ခွဲဝေခန့်အပ်ခဲ့ရာတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအဖွဲ့ စတင်ဖွဲ့စည်းစဉ်ကတည်းကပင် ဝန်ကြီးဌာနအလိုက်၊ လုပ်ငန်းခွင်အလိုက် အတွေ့အကြုံရှိသူများ၊ လုပ်ငန်းကျွမ်းကျင်သူများ၊ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်မည့်သူများကို စိစစ်ရွေးချယ်၍ ယုံကြည်မှုဖြင့် တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကောင်းမွန်စွာ အလုပ်လုပ်နိုင်မည်၊ အကောင်အထည်ဖော်နိုင်မည်ဆိုသည့် ယုံကြည်မှုဖြင့် တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ပိတ်ဆို့နှောင့်ယှက်မှုမျိုးစုံကြားမှ တာဝန်များထမ်းဆောင်ရာတွင် ကာလတိုအတွင်း အောင်မြင်မှုများ၊ တိုးတက်မှုများ ရှိခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ဆက်လက်၍ ယုံကြည်မှုကို မြှင့်တင်ပြီး ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုးတက်မှုရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်ချမှတ်ထားရှိပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားရေးရည်မှန်းချက် နှစ်ရပ်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စား၊ ရေ၊ ရိက္ခာဖူလုံရေးကို ချမှတ်ဆောင်ရွက်ထားရှိပြီး တိုင်းပြည်အတွင်းရှိ ပြည်သူ ပြည်သားအားလုံး မပူမပင်မကြောင့်မကြဖြင့် အေးချမ်းစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရမည်ဖြစ်ကြောင်း၊ ၎င်းအချက်နှစ်ချက်သည် စဉ်ဆက်မပြတ် အကောင်အထည်ဖော်ရမည့် နိုင်ငံတော်၏ မျှော်မှန်းချက်ဖြစ်ကြောင်း၊ မျှော်မှန်းချက်များကို ဖြည့်ဆည်းနိုင်ရေး ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး နောက်ဆုံးရည်မှန်းချက်သည် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးပင်ဖြစ်ကြောင်း၊ တိုင်းပြည်သည် မူလအခြေအနေထက် ပိုမိုတိုးတက်လာရမည်ဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကောင်းမွန်သည့်သမိုင်းတစ်ခုကို ချန်ထားခဲ့နိုင်ရမည်ဖြစ်ကြောင်း၊ လက်တွေ့ အကောင်အထည်ဖော်နိုင်ရေး ဦးတည်ချက်(၈)ရပ်ကို ချမှတ်ထားရှိကြောင်း၊ ၎င်းအချက်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် တာဝန်ရှိသူများက မျက်ခြည်မပြတ် ထိန်းသိမ်းအကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၎င်းအချက်များကို ကြီးကြပ်ပေးရမည့် တာဝန်ရှိသည်ဖြစ်သည့်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမတည်ငွေများထုတ်ပေးခြင်း၊ ချေးငွေပြန်လည်ပေးဆပ်ရမည့်ကာလကို တိုးမြှင့်ပေးခြင်း၊ ဝန်ထမ်းများ၏ ထောက်ပံ့ကြေးများ တိုးမြှင့်ပေးခြင်းတို့ကို ဆောင်ရွက်၍ လုပ်ငန်းဆောင်ရွက်ရာတွင် ခွန်အားပိုမိုရရှိအောင် စီမံခန့်ခွဲဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များအနေဖြင့် အလုပ်လုပ်နိုင်ရန်၊ လုပ်ငန်းအောင်မြင်မှုရှိစေရန် စီမံခန့်ခွဲပေးရန်၊ ကူညီပေးရန်တာဝန်ရှိကြောင်း။

လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းများ အောင်မြင်မှုရှိ၊ မရှိ စိစစ်ရန်နှင့် တိုးတက်မှုရှိအောင် ဆောင်ရွက်ရန်မှာ ဝန်ကြီးဌာနများအလိုက် ခန့်အပ်တာဝန် ပေးအပ်ထားသည့် ညွှန်ကြားရေးမှူး၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အမြဲတမ်းအတွင်းဝန်များက လုပ်ဆောင်ရန်တာဝန်ရှိကြောင်း၊ အစိုးရဌာနအကြီးအကဲများ၏ တာဝန်သည် အရေးကြီးပြီး ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော်မှုကို မျက်ခြည်မပြတ်ကြည့်၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ ဌာနဆိုင်ရာအကြီးအကဲများသည်ပြည်ထောင်စုဝန်ကြီးများကို အာမခံချက်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ အမှန်တကယ်အလုပ်လုပ်နိုင်သည့်သူများကို တာဝန်ပေးအပ်ရန်နှင့် အမှန်တကယ် အလုပ်လုပ်ရန်လိုကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် ဝန်ထမ်းများနှင့် ဆွေးနွေးပွဲများပြုလုပ်၍ နိုင်ငံတော်၏ မူဝါဒများကို ချပြရှင်းလင်းဆောင်ရွက်ပေးသွားမည်ဆိုပါက မိမိတို့အစိုးရ၏ လုပ်ငန်းဆောင်ရွက်နေမှုများအပေါ် ထဲထဲဝင်ဝင်နားလည်သဘောပေါက်လာပြီး အလုပ်လုပ်နိုင်သည့် စွမ်းရည်များ တိုးတက်လာမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် လာမည့် အောက်တိုဘာ ၁ ရက်တွင် စတင်ပြုလုပ်မည့် စမ်းသပ်သန်းခေါင်စာရင်းကောက်ယူမှုအတွေ့အကြုံအပေါ်မူတည်၍ ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူမှုအား ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ယင်းအပေါ်မူတည်၍ ခိုင်မာမှန်ကန်သည့် မဲစာရင်းများရရှိလာပါက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့စီမံဆောင်ရွက်နေမှုများကို ဝန်ကြီးဌာနများအလိုက် ရှင်းလင်းပြောကြားသွားရန်လိုကြောင်း။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်**

ယခုအခါ မိုးစပါးနှင့် မိုးသီးနှံများ စိုက်ပျိုးပြီးဖြစ်ကြောင်း၊ စိုက်ပျိုးခဲ့သည့် စပါးအပါအဝင် အခြားမိုးသီးနှံများ အားလုံး ဖြစ်ထွန်းရှင်သန်အောင် ဆောင်ရွက်ရန်နှင့် ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီစွာထွက်ရှိရေး ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများကိုလည်း အောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ထွက်ကုန်များကို MSME လုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်၍ တန်ဖိုးမြှင့်ထုတ်ကုန်များ အဖြစ်ထုတ်လုပ်နိုင်ရေး အဓိကထား ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ ကျေးလက်နေ လူဦးရေ ၇၂ ရာခိုင်နှုန်း အနက် ၄၅ ရာခိုင်နှုန်းခန့်မှာ စိုက်ပျိုးရေးကို တိုက်ရိုက်ဆောင်ရွက်နေကြသူများဖြစ်ကြကြောင်း၊ အခြားကျေးလက်နေပြည်သူများမှာ စိုက်ပျိုးရေးကိုအခြေခံသည့် အခြားစီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ကြသဖြင့် မိမိတို့နိုင်ငံသားအများစုမှာ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား ဆောင်ရွက်နေသူများဖြစ်ကြကြောင်း၊ ကမ္ဘာပေါ်တွင် Food Security အတွက် လိုအပ်ချက်များရှိကြောင်း၊ အဆိုပါ စားနပ်ရိက္ခာ လိုအပ်ချက်ကို စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် နိုင်ငံများကသာ ဖြည့်ဆည်းပေးနိုင်သဖြင့် စွမ်းအားပြည့်စိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုကြောင်း၊ အချို့နိုင်ငံများ၏ သီးထပ်စွမ်းအားမှာ ၃၀၀ ရာခိုင်နှုန်းခန့်ရှိသော်လည်း မိမိတို့နိုင်ငံ၏ သီးထပ်စွမ်းအားမှာ ၁၅၀ ရာခိုင်နှုန်းကျော်ခန့်သာရှိကြောင်း၊ ထို့ကြောင့် သီးထပ်စွမ်းအားများ တိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ လူများ၏ နေ့စဉ်စားသောက်မှုများတွင် အသီးအနှံများအပြင် အသား၊ ငါးနှင့် ဥများ ပါဝင်ကြောင်း၊ မိမိတို့နိုင်ငံတွင် ကြက်၊ ဝက်၊ ဆိတ်၊ နွားနှင့် ငါး စသည့်အသားငါးများကို အဓိကထားစားသုံးကြပြီး နိုင်ငံတစ်ဝန်း၌လည်း မွေးမြူ၍ရကြောင်း၊ မိမိတို့နိုင်ငံတွင် မွေးမြူရေးနှင့်ပတ်သက်၍ စနစ်တကျမွေးမြူခြင်းမရှိသောကြောင့် လိုအပ်ချက်များရှိနေကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျ မွေးမြူမည်ဆိုပါက ပြည်တွင်း၌ အသား၊ ငါးနှင့် ဥများကို ဖူလုံစွာဖြင့် စားသုံးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်ကြစေရေး တာဝန်ရှိသူများအနေဖြင့် ကြပ်မတ် ဆောင်ရွက်နေရန်လိုကြောင်း။

စာမျက်နှာ ၄ သို့ ☆

**☆ စားနပ်ရိက္ခာ လိုအပ်ချက်ကို စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် နိုင်ငံများကသာ ဖြည့်ဆည်းပေးနိုင်သဖြင့် စွမ်းအားပြည့်စိုက်ပျိုးထုတ်လုပ်နိုင်ရန်လို**

**☆ အချို့နိုင်ငံများ၏ သီးထပ်စွမ်းအားမှာ ၃၀၀ ရာခိုင်နှုန်းခန့်ရှိသော်လည်း မိမိတို့နိုင်ငံ၏ သီးထပ်စွမ်းအားမှာ ၁၅၀ ရာခိုင်နှုန်းကျော်ခန့်သာရှိ၊ သီးထပ်စွမ်းအားများ တိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်လို**

☆ စာမျက်နှာ ၃ မှ

### ကုန်ထုတ်လုပ်မှုစွမ်းအား မြှင့်တင်ခြင်းဖြင့် တိုင်းပြည်အတွက် အကျိုးဖြစ်ထွန်းစေနိုင်

**☆ ပုဂ္ဂလိကစက်ရုံအလုပ်ရုံလုပ်ငန်းများ၊ MSME လုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ဝန်ကြီးဌာနများအလိုက် ဆောင်ရွက်နေသည့် စက်ရုံအလုပ်ရုံများ စွမ်းအားပြည့်လည်ပတ်နိုင်မည်ဆိုပါက တိုင်းပြည်အတွက် အကျိုးများစွာ ဖြစ်ထွန်းစေမည်**

မိမိတို့နိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ဖြင့်ဆောင်ရွက်နေသည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ သို့သော် ဝန်ကြီးဌာနများ၌ စက်ရုံများရှိပြီး ထုတ်လုပ်နိုင်စွမ်းများရှိကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ထားရသည့် စက်ရုံများ ပြန်လည်လည်ပတ်၍ ကုန်ထုတ်လုပ်မှုများဆောင်ရွက်နိုင်ရန်လိုကြောင်း၊ စက်ရုံများအတွက် လိုအပ်သည့်ပြင်ဆင်မှုများနှင့် အဆင့်မြှင့်တင်မှုများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ စက်ရုံများလည်ပတ်နေခြင်းဖြင့် ထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများအား ပုဂ္ဂလိက လုပ်ငန်းများကလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံအတွက် လိုအပ်သည့် ထုတ်ကုန်များကို အပြည့်အဝထုတ်လုပ်နိုင်ရေး ပုဂ္ဂလိကလုပ်ငန်းများ၏ လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးနေရန်လိုကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းများ တိုးတက်စေရေးအတွက် နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပုဂ္ဂလိကစက်ရုံအလုပ်ရုံလုပ်ငန်းများ၊ MSME လုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သည့်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ဝန်ကြီးဌာနများအလိုက်ဆောင်ရွက်နေသည့် စက်ရုံအလုပ်ရုံများ စွမ်းအားပြည့်လည်ပတ်နိုင်မည်ဆိုပါက တိုင်းပြည်အတွက် အကျိုးများစွာဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းများကိုလည်း အောင်မြင်အောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ သို့မှသာ နိုင်ငံ့စီးပွားတိုးတက်လာမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ၏ အလုပ်လုပ်နိုင်စွမ်းမြှင့်တင်နိုင်ရေး အမြဲအလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ၏ ကုန်ထုတ်စွမ်းအားစုများ၌ ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိပြီး ထောက်ပံ့မှုများ၊ သက်သာချောင်ချိရေးကိစ္စများ၊ စရိတ်များကို တိုးမြှင့်ပေးခဲ့ကြောင်း၊ တစ်ဖက်တွင်လည်း ကုန်ဈေးနှုန်းများ ကျဆင်းစေရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထပ်မံ၍ နိုင်ငံ့ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပိုမိုပေးအပ်နိုင်ရေးစဉ်းစားဆောင်ရွက်လျက်ရှိပြီး မကြာမီအချိန်တွင် ထုတ်ပြန်ပေးသွားမည် ဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများ၌ အလုပ်လုပ်ကိုင်နေကြသည့် နိုင်ငံသားများမှ ပြန်လည်ပေးပို့သည့် ငွေကြေးများသည်လည်း နိုင်ငံ၏ ငွေကြေးလည်ပတ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူ ဖြစ်စေကြောင်း၊ ထို့ကြောင့် ၎င်းတို့အတွက် ပိုမိုအကျိုးခံစားခွင့်(Incentive)များ ရရှိရေးကိုလည်း စီမံဆောင်ရွက်လျက်ရှိကြောင်း။

ဘဏ္ဍာငွေသုံးစွဲမှုများနှင့်ပတ်သက်၍ မလိုလားအပ်သည့်နေရာများတွင် အပိုငွေများကုန်ကျမှုမရှိအောင် ချွေတာသုံးစွဲခြင်းဖြင့် ပိုလျှံမှုများကို အခြားဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအလိုက် လုပ်ငန်းများ တိုးတက်အောင်မြင်မှုရှိစေရေး အပြန်ပြန်အလှန်လှန်စိစစ်၍ ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြည်သူလူထုအကျိုးကို လက်တွေ့ကျကျ ထိထိရောက်ရောက် ဆောင်ရွက်ပြခြင်းဖြင့် အလုပ်ဖြင့်သက်သေပြကြရန် တိုက်တွန်းလိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၃ ခုနှစ် စမ်းသပ်သန်းခေါင်စာရင်းအောင်မြင်စွာ ကောက်ယူနိုင်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

**ပဲခူး စက်တင်ဘာ ၂၉**



ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းဖြစ်သည့် ၂၀၂၃ ခုနှစ် စမ်းသပ်သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေး အမှတ်စဉ်(၂/၂၀၂၃) ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှရရှိသော ကိန်းဂဏန်းအချက်အလက်များကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများရေးဆွဲချမှတ်ရာတွင် အခြေခံအချက်အလက်များဖြစ်၍ တန်ဖိုးရှိသည့် ကိန်းဂဏန်းအချက်အလက်များဖြစ်၍ မှန်မှန်ကန်ကန်ရရှိရန်လိုအပ်ကြောင်း၊ ယခင် ၂၀၁၄ ခုနှစ်တွင် သန်းခေါင်စာရင်းကောက်ယူခဲ့သည့် အတွေ့အကြုံများအပေါ်မူတည်၍ အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်ကာ ၂၀၂၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစဉ်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရှေ့ပြေးအနေဖြင့် ၂၀၂၃ ခုနှစ် စမ်းသပ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းအဆင့်အလိုက် အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် စနစ်တကျ သုံးသပ်ဆွေးနွေးကာ လုပ်ငန်းလျာထားချက်များ၊ လိုအပ်ချက်များကို တင်ပြပေးစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သောင်းထိုက်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးကျော်ထွဋ်နှင့် ခရိုင်/မြို့နယ်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌများက သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ဌာနဆိုင်ရာများပါဝင်သည့် ပူးပေါင်းအဖွဲ့များဖြင့် ကောက်ယူသွားမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း တင်ပြဆွေးနွေးခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း စမ်းသပ်သန်းခေါင်စာရင်းကောက်ယူခြင်းကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ပဲခူးမြို့နယ်၌ စာရင်းကောက်ကွက်ငါးခုတွင် အိမ်ထောင်စု ၂၂၆၃ စု၊ လူဦးရေ ၁၀၃၂၀ နှင့် ပေါင်းတည်မြို့နယ်၌ စာရင်းကောက်ကွက်လေးခုတွင် အိမ်ထောင်စု ၄၇၇ စု၊ လူဦးရေ ၁၇၉၀ တို့အား စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မန္တလေးပြည်သူ့ဆေးရုံကြီးတွင် မွေးရာပါနှလုံးရောဂါ လူနာများအား Device Closure နည်းလမ်းဖြင့် ကုသခြင်းကို ဗီယက်နမ်နိုင်ငံမှ နှလုံးအထူးကုအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၉**



ကျန်းမာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ Hanoi Medical University မှ နှလုံးအထူးကုဆရာဝန်ကြီး Dr. Nguyen Lan Hieu နှင့်အဖွဲ့သည် စက်တင်ဘာ ၂၃ ရက်မှ ၂၄ ရက်အထိ မန္တလေးပြည်သူ့ဆေးရုံကြီးတွင် ပါမောက္ခ ဒေါက်တာကျော်စိုးဝင်း၊ ပါမောက္ခ(နှလုံးဆေးကု) ခေါင်းဆောင်သောအဖွဲ့နှင့်အတူ မွေးရာပါ နှလုံးရောဂါလူနာများအား ခွဲစိတ်စရာမလိုဘဲ ပေါင်ခြံသွေးကြောမှတစ်ဆင့် အပေါက်ပိတ်စက်ကိရိယာဖြင့်ပိတ်ခြင်း နည်းလမ်း(Device closure)ဖြင့် အောင်မြင်စွာ ကုသပေးခဲ့သည်။

**အောင်မြင်စွာ ကုသပေးနိုင်ခဲ့**

ဗီယက်နမ်-မြန်မာအဖွဲ့များ ပူးပေါင်း၍ Congenital Heart Disease Device Closure အလုပ်ရုံ ဆွေးနွေးပွဲ ပြုလုပ်ကာ နှလုံးအပေါ်ခန်းတွင် အပေါက်ပါခြင်း (Atrial Septal Defect–ASD)၊ နှလုံးအောက်ခန်းတွင် အပေါက်ပါခြင်း (Ventricular Septal Defect–VSD)၊ နှလုံးမှအဆုတ်သို့ သွားသော သွေးကြောရှိ အဆို့ရှင်ကျဉ်းခြင်း (Pulmonary Stenosis)စသည့် မွေးရာပါနှလုံးရောဂါလူနာရှာဖွေခြင်းကို လက်တွေ့ နှလုံးတီဗွီဓာတ်မှန်(Echocardiogram) ကြည့်ရှုစစ်ဆေးပြီး နှလုံးခွဲစိတ်ကုသခြင်းသို့မဟုတ် Device closure နည်းလမ်းဖြင့် ကုသခြင်းတို့ကို ဆွေးနွေးခဲ့ကြသည်။

မွေးရာပါ နှလုံးရောဂါလူနာများ အနက် ၃၄ ဦးကို အောင်မြင်စွာ ကုသပေးနိုင်ခဲ့ပြီး နှစ်ရက်တာကာလအတွင်း နှလုံးအပေါ်ခန်းတွင် အပေါက်ပါသောလူနာ ၂၁ ဦး၊ နှလုံးအောက်ခန်းတွင် အပေါက်ပါသော လူနာ နှစ်ဦး၊ နှလုံးမှ အဆုတ်သို့သွားသော သွေးကြောရှိ အဆို့ရှင်ကျဉ်းလူနာ လေးဦးနှင့် နှလုံးသွေးကြောမကြီးနှင့် အဆုတ်သွေးကြောမကြီး ဆက်နေသော လူနာ (PDA) ခုနစ်ဦးတို့ကို ကုသပေးနိုင်ခဲ့ခြင်းဖြစ်ကာ ခွဲစိတ်စရာမလိုဘဲ ပေါင်ခြံသွေးကြောမှတစ်ဆင့် အပေါက်ပိတ်စက်ကိရိယာဖြင့် ထုံဆေးဖြင့်ပိတ်ခြင်း (Device closure) နည်းလမ်းဖြင့် အောင်မြင်စွာ ကုသပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တီးတိန်မြို့၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲ ပြုလုပ်

**တီးတိန် စက်တင်ဘာ ၂၉**

ချင်းပြည်နယ် တီးတိန်မြို့တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းမပျောက် မတည်ထောက်ပံ့ငွေ လွှဲပြောင်းပေးအပ်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်အဆင့် ကျေးရွာစီမံကိန်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဝင်းသန်းက အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ခံဦးခွါလ်လျန်းမုန်က အရင်းမပျောက် မတည်ထောက်ပံ့ငွေ ထုတ်ချေးပေးခြင်းဆိုင်ရာ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်အဆင့် ကျေးရွာစီမံကိန်းကြီးကြပ်ရေးကော်မတီမှ တာဝန်ရှိသူများက ရပ်ကွက်/ကျေးရွာအဆင့်စီမံကိန်းကြီးကြပ်ရေးကော်မတီနှင့် အိမ်ထောင်စုများထံသို့ အရင်းမပျောက် မတည်ထောက်ပံ့ငွေကျပ်သိန်း ၁၈၀ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မဲခေါင်-လန်ချန်း MSME များ ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုဆိုင်ရာ အဆင့်မြင့်တင်နိုင်ရန် စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းဆင်းပွဲကျင်းပ






**နေပြည်တော် စက်တင်ဘာ ၂၉**

မဲခေါင်-လန်ချန်း MSME များ ဒစ်ဂျစ်တယ် ကျွမ်းကျင်မှုဆိုင်ရာ အဆင့်မြှင့်တင်နိုင်ရန် စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ကျွမ်းကျင်ပညာရှင်များ၊ နည်းပြ ဆရာ ဆရာမများ၊ ဆက်စပ် ဝန်ကြီးဌာနများမှ သင်တန်း တက်ရောက်သည့် ဝန်ထမ်းများ၊ နေပြည်တော်အတွင်းရှိ MSME လုပ်ငန်းရှင်များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်သည်။ ထို့ပြင် တိုင်းဒေသကြီး/ပြည်နယ်များမှ MSME လုပ်ငန်းရှင်များ၊ မဲခေါင်-လန်ချန်း ဒေသမှ ကိုယ်စားလှယ်များသည် Virtual စနစ်ဖြင့် တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ငါးရက်ကြာကျင်းပခဲ့သည့် ယခုသင်တန်းကို မဲခေါင်-လန်ချန်း ဒေသတွင်းနိုင်ငံများရှိ MSME များ၊ MSME အသင်းအဖွဲ့များ၊ အစိုးရတာဝန်ရှိသူများနှင့် မူဝါဒချမှတ်သူများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရန်၊ ဒစ်ဂျစ်တယ်ဆန်းသစ်တီထွင်မှုဆိုင်ရာ အလေ့အကျင့်များ၊ မူဝါဒ၊ ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်စပ်သည့် ထွန်းသစ်စ ဒစ်ဂျစ်တယ် စက်မှုလုပ်ငန်းသစ်များအကြောင်းပိုမိုနားလည်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ထို့ပြင် ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များအကောင်အထည်ဖော်ရာတွင် MSME များ နောက်ကျကျန်ရစ်မှုမရှိစေရဟူသော မျှော်မှန်းချက်၊ ကတိကဝတ်များနှင့်အညီ ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကို ဖြည့်ဆည်းပေးရန်လည်း ရည်ရွယ်ပါကြောင်း။

ပရောဂျက် တစ်ခုလုံးအနေဖြင့် MSME လုပ်ငန်းများအတွက် ဒစ်ဂျစ်တယ် တတ်မြောက်မှု၊ ဝေဖန်ပိုင်းခြား တွေးခေါ်မှုနှင့် ပြဿနာ ဖြေရှင်းနိုင်မှုစွမ်းရည်များ တိုးမြှင့်လာနိုင်ပြီး MSME များ၏ ဒစ်ဂျစ်တယ်ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်အသွင်ပြောင်းမှုကို အရှိန်မြှင့်နိုင်မည်ဖြစ်ကြောင်း၊ မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်ချိတ်ဆက်မှုနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စသည့် ရည်မှန်းချက်နှစ်ရပ်ကို အကောင်အထည်ဖော်ရာတွင် အထောက်အပံ့ဖြစ်စေပြီး အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ဝင်ငွေကို တိုးမြှင့်လာစေမည်ဖြစ်ကြောင်း၊ မဲခေါင်-လန်ချန်း နိုင်ငံများအကြား စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို မြှင့်တင်ရန်လည်း အထောက်အကူ ပြုမည်ဖြစ်ကြောင်း၊ သင်တန်းမှရရှိခဲ့သည့် အသိပညာနှင့် ကျွမ်းကျင်မှုများ အပေါ်အခြေခံ၍ ဒစ်ဂျစ်တယ် အသွင်ပြောင်းရေးတွင် ကြိုးပမ်းအားထုတ်မှုများကို ဆက်လက်လုပ်ဆောင်ရန် အားလုံးကို တိုက်တွန်းလိုကြောင်း၊ သင်တန်းသားများနှင့် ကျွမ်းကျင်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်သွယ်မှုကွန်ရက်ကို တည်ဆောက်ရန် တိုက်တွန်းလိုကြောင်း၊ သင်တန်းမှရရှိသည့် အသိပညာ၊ ဗဟုသုတများကို လက်တွေ့နယ်ပယ်တွင် အကျိုးရှိစွာ ပြန်လည်အသုံးပြုရင်း ပြန့်ပွားအောင် ဆက်လက်ဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားကိုယ်စားလှယ်ထံ ပေးအပ်ပြီး သင်တန်းသားကိုယ်စားလှယ်နှင့် နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း ဒုတိယဥက္ကဋ္ဌတို့က ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ မီဒီယာ ပူးပေါင်းဆောင်ရွက်ခြင်းအခမ်းအနား ကျင်းပ



**ဖနောင်ပင် စက်တင်ဘာ ၂၉**

မဲခေါင်-လန်ချန်း မီဒီယာ ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်အဖြစ် MLC သတင်းထောက်များအတွက် မြစ်ကြောင်း မျှဝေ အနာဂတ် မျှဝေခြင်းနှင့်သတင်းမီဒီယာအခန်းကဏ္ဍ မြှင့်တင်ခြင်းဆိုင်ရာ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကမ္ဘောဒီးယားနိုင်ငံ သီဟာနုပြည်နယ်ရှိ Sokha Beach Resort ၌ ကျင်းပသည်။

မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှုတွင် ဒေသတွင်း ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖော်ဆောင်ရာတွင် အဖွဲ့ဝင်နိုင်ငံများ၏ သတင်းမီဒီယာသမားများအားလုံး၏ကဏ္ဍသည် အလွန်အရေးကြီးသည့်အတွက် ယခုကဲ့သို့ Shared River Shared future and the role of journalists အစီအစဉ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပံ့ပိုးမှုဖြင့် ကမ္ဘောဒီးယားနိုင်ငံက ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အခမ်းအနားတွင် ကမ္ဘောဒီးယား ပြန်ကြားရေးဝန်ကြီး မစ္စတာ Neth Pheaktra က မီဒီယာသည် အလွန်အရေးကြီးပြီး လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ဒေသတွင်း အခြေအနေမှန်များကို ဖော်ပြနိုင်ပါကြောင်း၊ ရေးရိုးမီဒီယာများအပြင် ယခုနောက်ပိုင်း၌ အွန်လိုင်းမီဒီယာများ တွင်ကျယ်လာသည့်အတွက် မီဒီယာများအားလုံး ကျင့်ဝတ်နှင့်အညီ ရေးသားကြရန် လိုအပ်ပါကြောင်း၊ မဲခေါင်-လန်ချန်း မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာနယ်ဇင်းအတတ်ပညာ အရည်အသွေး တိုးတက်မြင့်မားရေးအတွက် ယခုအစီအစဉ်မှာ များစွာ အထောက်အကူပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

ထို့အတူ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ Wu Chuanbing နှင့် ကမ္ဘောဒီးယား သတင်းအချက်အလက်နှင့် ရုပ်သံထုတ်လွှင့်မှု (INB) ၏ ညွှန်ကြားရေးမှူးချုပ် Mr. Phos Sovann၊ ကမ္ဘောဒီးယား ပြန်ကြားရေးဝန်ကြီးဌာန၏ အတွင်းရေးမှူးချုပ်တို့က အမှာစကားများပြောကြားသည်။

ထို့နောက် စာနယ်ဇင်းအတတ်ပညာများ ပံ့ပိုးမြှင့်တင်ခြင်းနှင့် အခက်အခဲများကို ကျော်လွှားခြင်း ခေါင်းစဉ်ဖြင့် ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန၏အကြံပေး ပရော်ဖက်ဆာ Moeun Chhean ကလည်းကောင်း၊ သီဟာနုပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်မျှော်မှန်းချက်များဆိုင်ရာ ခေါင်းစဉ်ဖြင့် ဒေသခံအုပ်ချုပ်ရေးအဖွဲ့ကိုယ်စားလှယ်ကလည်းကောင်း တင်ပြဆွေးနွေးပြီး နိုင်ငံတကာမီဒီယာများ၊ ကမ္ဘောဒီးယား ပြည်တွင်းမီဒီယာများနှင့် မဲခေါင်-လန်ချန်းနိုင်ငံများမှ သတင်းထောက်များက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ဖိတ်ကြားထားသည့်မီဒီယာများသည် ယင်းဒေသရှိ စက်မှုဇုန်သို့ မီဒီယာလေ့လာရေး အစီအစဉ်အဖြစ် သွားရောက်ခဲ့ကြပြီး General Tires Technology ကုမ္ပဏီစက်ရုံ၌ အရည်အသွေးမြင့်မားသည့် တာယာအမျိုးမျိုးအား အဆင့်မြင့်နည်းပညာ အသုံးပြုထုတ်လုပ်ပုံအဆင့်ဆင့်ကို ကြည့်ရှုလေ့လာကြသည်။

မဲခေါင် - လန်ချန်းပူးပေါင်းဆောင်ရွက်မှုကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံ နေပြည်တော်၌ ကျင်းပခဲ့သည့် (၁၇)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေး၌ ထိုင်းနိုင်ငံက မဲခေါင် ဒေသတွင်းနိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကို လျှော့ချရန်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရန်အတွက် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန်လိုအပ်ကြောင်း ကနဦးဆွေးနွေးမှုအပေါ် တရုတ်နိုင်ငံက ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ပါဝင်သည့် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တစ်ရပ်ထူထောင်ရန် အဆိုပြုခဲ့ရာမှ စတင်ခဲ့ခြင်းဖြစ်သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်ကို နိုင်ငံရေးနှင့်လုံခြုံရေးမဏ္ဍိုင်၊ စီးပွားရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးမဏ္ဍိုင်နှင့် လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူအချင်းချင်း အပြန်အလှန် ထိတွေ့ဆက်ဆံရေးမဏ္ဍိုင် စသည့်မဏ္ဍိုင်သုံးရပ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ **ခင်ရတနာ**

# အင်္ဂပူမြို့နယ်အတွင်းရှိ ကျောက်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

**အင်္ဂပူ စက်တင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်အတွင်းရှိ ရွှေတောင်စု-ကညင်ဆိပ်လမ်း ကျောက်ခင်းခြင်းနှင့် ဆင်သေ-အိုးကွဲ-အင်းကောက်လမ်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယမန်နေ့က ဧရာဝတီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွေးကိုကို၊ ဟသ်ာတခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကိုကိုသိန်းဇော်လင်းနှင့်တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

အင်္ဂပူမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဌာနက ဆောင်ရွက်သော ရွှေတောင်စု - ကညင်ဆိပ်လမ်း( အကျယ် ၁၄ ပေ၊ အမြင့် ၁၄လက်မ၊ အရှည် ၀/၃ ဒသမ ၅၃မိုင်) ကျောက်ခင်းခြင်းဆောင်ရွက်ပြီးစီးမှုနှင့် Forever One ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သော ဆင်သေ-အိုးကွဲ-အင်းကောက်လမ်း(အရှည် ၀/၄ ဒသမ ၅၂မိုင်၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၄ လက်မ) ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■

# ဂီတစွမ်းအား ပြည်ထွန်းကား

စန်းနီလာဝင်း

**စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာသည် စည်းရုံးရေးသြဇာရော ပညာပေးသြဇာပါ အစွမ်းထက်မြက်လှသော လူထုဆက်သွယ်ရေးကိရိယာဖြစ်သည်။ သရုပ်မှန်အနုပညာသည် တိုင်းကျိုးပြည်ပြု ပြည်သူ့အနုပညာပင်ဖြစ်သည်။ သရုပ်မှန် အနုပညာသည် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် ထက်သန်ရေးနှင့် ဇာတိသွေးဇာတိမာန်ရှင်သန်မှုကို ရှေးရှုပါသည်။ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးကို များစွာအထောက်အကူပြုပါသည်။ သရုပ်မှန်အနုပညာတွင် ရသမြောက်သော ဖြေဖျော်မှုများပါဝင်ပြီး အမျိုးသားရေးကို သွေဖည်ဆန့်ကျင်ခြင်း လုံးဝမရှိပါ။**

ထို့ကြောင့် ယဉ်ကျေးမှု မနုဿဗေဒပညာရှင်တို့က “ယဉ်ကျေးမှုအနုပညာသည် လူနှင့် ပတ်ဝန်းကျင်ကို လွှမ်းမိုးထိန်းချုပ်နိုင်ရန်အတွက် လူတို့ဖန်တီးထုတ်လုပ်သော အရာများဖြစ်သည်။ ထိုယဉ်ကျေးမှုတွင် စာပေ၊ ဂီတ၊ သဘင်၊ ရုပ်ရှင်၊ ပန်းချီ၊ ပန်းပုအနုပညာတို့ဖြင့် မိမိတို့လူမျိုး၏ ယဉ်ကျေးမှုအဆင့်အတန်းကို တိုင်းတာပြသနိုင်သည်” ဟု ဖွင့်ဆိုထားသည်ကို တွေ့ရသည်။

တေးဂီတဟူသည် သာယာငြိမ့်ညောင်းခြင်း၊ ချိုလွင်သံသာခြင်းတို့ဖြင့် နားဆင်သူ၏ သောတအာရုံကို ဖမ်းစားနိုင်စွမ်းရှိသော ပင်ကိုစွမ်းရည်ရှိသည်။ ရေမြေတောတောင် သဘာဝအလှအပများကိုလည်း ဖွဲ့နွဲ့သီကျူးပုံဖော်ပြသနိုင်ပါသည်။ ရိုးရာအစဉ်အလာ ဓလေ့ထုံးစံများကိုလည်း ဖွဲ့နွဲ့သီကျူးဖော်ပြနိုင်သည်။ ချစ်ခင်ဖွယ်၊ လွမ်းဆွတ်ဖွယ်၊ ဝမ်းနည်းဖွယ်၊ ကြေကွဲဖွယ်၊ ပျော်ရွှင်ဖွယ်၊ ရယ်ရွှင်ဖွယ်၊ ရဲရင့်ဖွယ်၊ ကြောက်ရွံ့ဖွယ်၊ တည်ငြိမ်ရင့်ကျက်ဖွယ် စသည့် သုတမျိုးစုံကို ပေးစွမ်းနိုင်စွမ်းရှိပါသည်။ ဤတွင်မက မိမိတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်များ ရှင်သန်ပေါက်ဖွား ခိုင်မြဲစေသည့် ဝိသေသဂုဏ်အင်သတ္တိများရှိနေပါသည်။ ထို့ကြောင့် ဂီတအနုသုခုမပညာနယ်ပယ်တွင် “ဂီတသာလျှင် လူမျိုးသာ၍ ဂီတချာလျှင် လူမျိုးချာမည်” ဟု ဆိုရိုးစကားရှိနေခြင်းပင် ဖြစ်ပါသည်။

အလားတူ အကသဘင်ပညာတွင်လည်း “ဇာတ်သမားလာလျှင် မှတ်သားစရာပါရမည်၊ ဇာတ်သမားပြန်လျှင် မှတ်သားစရာကျန်ရမည်” ဟူသော ဆိုရိုးစကားသည် သဘင်အနုသုခုမပညာ၏ စွမ်းအားကိုဖော်ကျူးထားခြင်းပင် ဖြစ်ပါသည်။



မြန်မာတို့၏ ရှေးခေတ်ဆိုင်းဝိုင်း။

### လူ့ဘဝနှင့် အနုသုခုမပညာ

သရေခေတ္တရာ ဇေယျာဖိနိုင်ငံတော်ခေတ်ဖြစ်သော ပျူခေတ်ကတည်းကပင် သုခုမသဘင်ပညာ ထွန်းကားခဲ့သည်။ မဇ္ဈိမတိုင်း (အိန္ဒိယပြည်)မှ တူရိယာပစ္စည်းများ၊ စိန့်တိုင်း (တရုတ်ပြည်)မှ တူရိယာပစ္စည်းများကို ပျူတို့သည် မိမိတို့၏ မူပိုင်တူရိယာများဖြစ်သော နှဲ၊ ပတ်သာ၊ စည်း စသည်တို့နှင့် ပေါင်းစပ်တီးမှုတ်ခဲ့ကြသည်။

ပုဂံခေတ်သို့ရောက်လာသောအခါ သုခုမသဘင်ပညာဆိုင်ရာ တူရိယာပစ္စည်းများမှာ ယခင်ကထက် များစွာပြည့်စုံလာခဲ့သည်။ ပုဂံဘုရားနံရံများ၌ ရေးဆွဲထားခဲ့သော နန်းတွင်းကချေသည်များ၏ ပုံများ၊ အမျိုးသမီးတူရိယာပညာရှင်များ၏ ပုံများကိုပင် ယနေ့တိုင်မြင်တွေ့နေရသေးသည်။ ပုဂံခေတ်ကျောက်စာများတွင်လည်း ပုဂံခေတ်သုခုမပညာတို့၏လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရေးထိုးဖော်ပြထားသည်ကိုလည်း မြင်တွေ့ရပါသည်။

ညောင်ရမ်းခေတ်တွင် ဂီတအနုသုခုမစာဆိုပညာရှင် “ဝန်ကြီးပဒေသရာဇာ”သည် “မဏိကက်” ပြဇာတ်ကို ရေးသားခဲ့ရာ ထိုပြဇာတ်သည် ဇာတ်သဘင်အနုပညာ၏ အရုဏ်ဦးဟု ဆိုနိုင်ပါသည်။ ထိုပြဇာတ်တွင် ဇာတ်ကောင်များ၏ အချီအချ ဆိုဟန် ပြောဟန်၊ တေးဂီတတီးမှုတ်ဟန်တို့သည် ကုန်းဘောင်ခေတ်သို့ ကူးပြောင်းအမွေပေးရန်ဖြစ်လာပြီး ကုန်းဘောင်နန်းတွင်း၌ ဇာတ်သဘင်များ အစီအရီ ပေါ်ပေါက်လာတော့သည်။

### ဇာတ်သမားလာလျှင် မှတ်သားစရာပါရမည်<br>ဇာတ်သမားပြန်လျှင် မှတ်သားစရာကျန်ရမည်

မြန်မာ့ဇာတ်သဘင်၏ သမိုင်းစဉ်တွင် (၁) အနိမ့်သဘင်၊ (၂) အမြင့်သဘင်၊ (၃) အတီးသဘင်၊ (၄) အဆိုသဘင်ဟူ၍ လေးမျိုးရှိခဲ့ကြောင်း သိရသည်။ ရွှေနန်းသုံး ဝေါဟာရအဘိဓာန်ကြီးတွင် “သားတော်၊ သမီးတော်များကို ရှင်တော်ပြုနားတော်ထွင်း မင်္ဂလာအခမ်းအနား၌ဖြစ်စေ၊ အလှူတော်မင်္ဂလာအခမ်းအနား၌ဖြစ်စေ၊ တောင်စမုတ်ဇာတ်ရုံကြီး၌ဖြစ်စေ ကပြရသည်။ ထိုကပြသည့်ပွဲသည် ရုပ်သေးပွဲကြီးပင်ဖြစ်သည်။ ရုပ်သေးစင်တော်ကြီးတွင် (၁) ဘုရင်မင်းမြတ်တော်ကောက်တော်မူသောစင်တော်ကြီး၊ (၂) မိဖုရားခေါင်ကြီးနှင့် အိမ်ရှေ့ဥပရာဇာတို့ တော်ကောက်တော်မူသော စင်တော်လတ်၊ (၃) အခြားမိဖုရားငယ်များနှင့် သားတော်၊ သမီးတော်တို့ တော်ကောက်သော စင်တော်သေးဟူ၍ သတ်မှတ်ထားသည်ကို တွေ့ရသည်။

ဂီတအနုသုခုမပညာကို အားပေးချီးမြှောက်သော ဘုရင်တို့က သဘင်ပညာဆိုင်ရာ အမိန့်တော်မှတ်တမ်းများ ချမှတ်ခဲ့သည်။ သဘင်ပညာဆိုင်ရာ အမိန့်မှတ်တမ်းများ၌ –

“သဘင်ပညာသည် တိုင်းကျိုးပြည်ကျိုးကို တိုက်ရိုက်အားဖြင့်သော်လည်းကောင်း၊ သွယ်ဝိုက်သောအားဖြင့်သော်လည်းကောင်း ပြုပြင်နိုင်ခြင်း၊ သာသနာရေး၊ ဘာသာရေး၌ အားပေးကူညီနိုင်ခြင်းများကြောင့် သဘင်ပညာရှင်များ စည်းကမ်းလိုက်နာရန် သဘင်ဆရာများ ထားရသည်။ သာသနာကို ထိခိုက်သော၊ ဂိုဏ်းမလွတ်သော ကဗျာသီချင်းများကို သီဆိုခွင့်မပြု၊ ကျူးလွန်သည့် တေးသီချင်းရေးစပ်သူကို လက်ဖြတ်စေ၊ တေးသီချင်းသီဆိုသူကို လျှာဖြတ်စေ အပြစ်ပေးရမည်။ သဘင်သည်များကို “သဘင်ဝန်က ပြစ်ဒဏ်စီရင်ရမည်” ဟု အမိန့်တော်ချမှတ်ထားခဲ့သည်ကို တွေ့ရှိရသည်။

သာယာဝတီမင်းလက်ထက်သို့ ရောက်သောအခါ နန်းတော် အဝန်းအဝိုင်းအတွင်း၌သာမက နိုင်ငံတစ်ဝန်းလုံး လှည့်လည်ကပြစေခဲ့ရာ ဂီတအနုသုခုမပညာသည် ပြည်သူတို့အားလုံး ပိုင်ဆိုင်သော မြန်မာအနုပညာပုံသဏ္ဍာန်နှင့် အနှစ်သာရဆီသို့ ကူးပြောင်းရောက်ရှိလာခဲ့သည်။ အနိမ့်သဘင်ဟုခေါ်သော မြေဝိုင်းအကသည် ကုန်းဘောင်ခေတ်၏ ထင်ရှားကျော်ကြားသည့် အနုပညာတစ်ရပ်ဖြစ်ခဲ့ပြီး မြေဝိုင်းအကသဘင်များကို ကျေးလက်တောရွာအနှံ့တွင် ခြိမ့်ခြိမ့်သဲကျင်းပခဲ့ကြသည်။ မြေဝိုင်းအကသဘင်သည် ဘိုးတော်ဘုရားမင်းလက်ထက် မတိုင်မီက “ဗုံရှည်အက”ဟု ခေါ်တွင်ကပြခဲ့ကြသည့် အစဉ်အလာရှိပြီးဖြစ်သည်။

မြေဝိုင်းအကသဘင်ကို လာရောက်ကြည့်ရှုသည့်ပရိသတ်သည် မြေပေါ်တွင် ဝိုင်းထိုင်၍ ကြည့်ရှုရသောကြောင့် မြေဝိုင်းဇာတ်ဟူ၍လည်းကောင်း၊ ပရိသတ်ပြည်သူတို့၏ အလယ်ဗဟိုတွင် ပန်းပင်စိုက်၍ ဝိုင်းဝန်းကပြကြရသဖြင့် ပန်းပင်ဝိုင်းဇာတ်ဟူ၍လည်းကောင်း ခေါ်ဝေါ်သုံးစွဲခဲ့ကြသည်။ ဇာတ်သဘင်များ၏ အစနိဒါန်းဖြစ်သော မြေဝိုင်းအကသည် မြို့ပြသာမက ကျေးလက်တောရွာအနှံ့ရှိ ပြည်သူများ ကြည့်ရှုအားပေးကြသောကြောင့် ပရိသတ်နှင့် ပထမဦးဆုံး တိုက်ရိုက်ထိတွေ့ ဖြေဖျော်တင်ဆက်ရသော ပြည်သူ့အနုပညာတစ်ရပ် ဖြစ်လာခဲ့ပါသည်။ မြေဝိုင်းအကသဘင်ကို ကျေးလက်တောရွာများတွင် နွေရာသီကာလ တပေါင်း၊ တန်ခူးကောက်ရိတ်သိမ်းပြီးချိန်များ၌ ဗုဒ္ဓပူဇနိယပွဲတော်များ၊ ဘုန်းကြီးပျံကျင်းပသည့် အခမ်းအနားများတွင် ကြီးကျယ်ခမ်းနားစွာ ကပြလေ့ရှိကြသည်။

ကုန်းဘောင်ခေတ်တွင် စင်တော်ကောက်သဘင်ပညာရှင်တို့ ရရှိခဲ့ကြသောလစာများမှာ ပထမတန်းစား မင်းသား၊ မင်းသမီးတို့က ကျပ် ၈၀၀ မှ ၁၀၀၀ အထိလည်းကောင်း၊ ပထမတန်းစား လူရွှင်တော်များမှာ ကျပ် ၅၀၀ မှ ၆၀၀၊ ကချေသည်မှာ ကျပ် ၆၀၊ ဆိုင်းပညာရှင်မှာ ကျပ် ၄၀ ရရှိကြသည်ဟု သိရသည်။

နန်းတွင်းရှိ မှူးမတ်အချို့ အဂတိလိုက်စားခဲ့သဖြင့် ပြည်သူတို့ နစ်နာခဲ့ရပုံတို့ကို မင်းတုန်းမင်းလက်ထက်တွင် ဇာတ်စင်ပေါ်မှနေ၍ “ဆန်ဝယ်ခိုင်းသော ဇာတ်ဝင်ခန်းတွင် ဈေးဝယ်သူအဖြစ် လူရွှင်တော်က ဆန်တစ်ပြည်ငွေတစ်မတ်(၂၅ ပြား) ပေးရမည်ကို သုံးပဲဖိုးသာ ဝယ်ခဲ့သဖြင့် ဆန်သည်အဖြစ် သရုပ်ဆောင်သူ လူရွှင်တော်က ဆန်ခြင်တွယ်သော ပြည်တောင်းကို စောင်းချပေးလိုက်သည်။ ထိုအခါ ဆန်ဝယ်သူလူရွှင်တော်က မှူးမတ်မဟုတ်သောကြောင့် ပြည်စောင်းရသည်ဟု ပြက်လုံးထွင်ခဲ့ရာ မင်းတုန်းမင်းကြီးက မှူးမတ်များအား ဆုံးမပဲ့ပြင်ပြုပြင်စေခဲ့သည်။ ထိုကဲ့သို့ ရတနာပုံခေတ်တွင် ဂီတအနုသုခုမပညာသည် တိုင်းကျိုးပြည်ပြုဖြစ်ခဲ့သည်ကို သာဓကတစ်ခုအဖြစ် တင်ပြခြင်းဖြစ်ပါသည်။

### ဂီတအနုသုခုမပညာနှင့်အမျိုးသားရေး

ယခုဆိုလျှင် ၂၀၂၃ ခုနှစ် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပချိန်သို့ ရောက်ရှိလာပါပြီ။ အဆို၊ အက၊ အရေး၊ အတီး အနုပညာသည် ပြည်သူ့အသည်းနှလုံးကို ယူကျုံးရစ်ပတ်ဆွဲဆောင်စည်းရုံး အသိပညာပေးနိုင်သည့် အထက်မြက်ဆုံးသော လူထုဆက်သွယ်ရေးကိရိယာတစ်ခုဖြစ်သည်။

ပဒေသရာဇ်ခေတ်ကာလကတည်းကပင် အဆို၊ အက၊ အရေး၊ အတီး အနုသုခုမပညာရှင်တို့သည် ထီးသုံး၊ နန်းသုံး၊ ကြငှန်းသုံးအဖွဲ့အနွဲ့ သီကုံးဖော်ကျူးတင်ဆက်ခြင်းမှ ခွဲထွက်ကာ အခြေခံလူတန်းစားများဖြစ်ကြသည့် တောင်သူလယ်သမားတို့က စိုက်ပျိုးကုန်ထုတ်အလုပ်လုပ်ကြပြီး မြန်မာ့ပဒေသာမြေယာကို အလှဝေဆာစေခဲ့ပုံတို့ကို ဗုံကြီးသံတေးသီချင်းများဖြင့် ပြည်သူတို့အား အလုပ်အကျွေးပြုခဲ့ပုံများမှာ မြန်မာ့အနုပညာသမိုင်းတွင် မော်ကွန်းစိုက်ထူနိုင်ခဲ့ပါသည်။

ကိုလိုနီနယ်ချဲ့ အင်္ဂလိပ်အစိုးရလက်ထက်တွင် အမျိုးသားလွတ်မြောက်ရေးအတွက် လွတ်လပ်ရေးကြိုးပမ်းမှုကာလမှာပင် သဘင်အနုပညာရှင်တို့သည် နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများ၌ ရှေ့တန်းကပါဝင်ဦးဆောင်ဆင်နွှဲခဲ့ကြသည်ကို ဂုဏ်ယူလေးစားအတုယူဖွယ် တွေ့ရှိရပါသည်။ ကိုလိုနီခေတ်တွင် ဇာတ်သဘင်ပညာရှင် မင်္ဂလာဦးအောင်မောင်းသည် သုံးရောင်ခြယ်ဗမာ့အလံတော်နှင့် ဂီတစာဆိုဆရာကြီး ရွှေတိုင်ညွန့်၏ သုံးရောင်ခြယ် အမျိုးသားရေးသီချင်းကို သီဆို၍ ဇာတ်ခုံပေါ်၌ သရုပ်ဖော်တင်ဆက်ကာ နယ်ချဲ့ဆန့်ကျင်ရေးကို လှုံ့ဆော်တိုက်ပွဲဝင်ခဲ့ပါသည်။

စာမျက်နှာ ၇ သို့

**“တေးဂီတဟူသည် သာယာငြိမ့်ညောင်းခြင်း၊ ချိုလွင်သံသာခြင်းတို့ဖြင့် နားဆင်သူ၏သောတအာရုံကို ဖမ်းစားနိုင်စွမ်းရှိသော ပင်ကိုစွမ်းရည်ရှိသည်။ ရေမြေတောတောင် သဘာဝအလှအပများကိုလည်း ဖွဲ့နွဲ့သီကျူးပုံဖော်ပြသနိုင်ပါသည်။ ရိုးရာအစဉ်အလာ ဓလေ့ထုံးစံများကိုလည်း ဖွဲ့နွဲ့သီကျူးဖော်ပြနိုင်သည်။ ချစ်ခင်ဖွယ်၊ လွမ်းဆွတ်ဖွယ်၊ ဝမ်းနည်းဖွယ်၊ ကြေကွဲဖွယ်၊ ပျော်ရွှင်ဖွယ်၊ ရယ်ရွှင်ဖွယ်၊ ရဲရင့်ဖွယ်၊ ကြောက်ရွံ့ဖွယ်၊ တည်ငြိမ်ရင့်ကျက်ဖွယ်စသည့် သုတမျိုးစုံကို ပေးစွမ်းနိုင်စွမ်းရှိပါသည်။ ဤတွင်မက မိမိတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်များ ရှင်သန်ပေါက်ဖွား ခိုင်မြဲစေသည့် ဝိသေသဂုဏ်အင်သတ္တိများရှိနေပါသည်။ ထို့ကြောင့် ဂီတအနုသုခုမပညာနယ်ပယ်တွင် “ဂီတသာလျှင် လူမျိုးသာ၍ ဂီတချာလျှင် လူမျိုးချာမည်”ဟု ဆိုရိုးစကားရှိနေခြင်းပင်ဖြစ်”**

✣ စာမျက်နှာ ၆ မှ

၁၉၃၀ ပြည့်နှစ်တွင် ရေနံမြေသပိတ်တပ်ဖွဲ့များ ချောက်ရေနံမြေမှ ရန်ကုန်မြို့သို့ ချီတက်ခဲ့စဉ်ကလည်း ဇာတ်သဘင်ပညာရှင် မင်္ဂလာဦးအောင်မောင်းကပင် စည်တော်ကြီးအကဖြင့် ကြိုးကျယ်ခမ်းနားစွာကြိုဆို၍ ရေနံမြေသပိတ်တပ်ကြီးကို ဂုဏ်ပြုကြိုဆိုထောက်ပံ့လှူဒါန်းခဲ့သည်။ ကိုလိုနီခေတ်တွင် အင်္ဂလိပ်နယ်ချဲ့ဘုရင်ကို နယ်ချဲ့အလိုတော်ရိများက ဂုဏ်ပြုနေချိန်၌ ဇာတ်သဘင်အချို့က အင်္ဂလိပ်နယ်ချဲ့၏ ယူနီယံဂျက်အလံယိမ်း ကပြနေချိန်တွင် ဇာတ်သဘင်ပညာရှင် မင်္ဂလာဦးအောင်မောင်းက ဇာတ်ခုံပေါ်၌ သုံးရောင်ခြယ်အလံကို လွှင့်ထူလျက် ဗန္ဓုလယိမ်း၊ ဓားယိမ်းအကများကို သရုပ်ဖော်ကပြပြီး နယ်ချဲ့ဆန့်ကျင်ရေးကို လှုံ့ဆော်ကာ သမိုင်းပေးတာဝန်ကျေပွန်ခဲ့ပါသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့ပြီးနောက် ၁၉၄၈–၁၉၄၉ ခုနှစ်များ၌ တိုင်းပြည်က နုနုမုန်တိုင်းကထန်ထန် ဖြစ်နေချိန်တွင် မြန်မာ့ရုပ်ရှင်နှင့် ပြဇာတ်အနုပညာရှင်တို့သည် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်တို့ကို အရင်းခံပြီး နိုင်ငံတော်၏အမျိုးသားကာကွယ်ရေးအတွက် သက်စွန့်ကြိုးပမ်း ပါဝင်ဆင်နွှဲခဲ့ကြသည်ကို ဂုဏ်ယူစံပြုဖွယ် တွေ့ရှိရပါသည်။

၁၉၄၉ ခုနှစ်တွင် 'ရန်ကုန်အစိုးရ' ဟု သတ်မှတ်ခံရလောက်အောင်ပင် ထိုစဉ်က ကေအင်န်ဒီအိုလက်နက်ကိုင်များက ရန်ကုန်မြို့ အင်းစိန်ထိအောင် ထိုးဖောက်သိမ်းပိုက်တိုက်ခိုက်ခဲ့ကြရာ မြန်မာ့တပ်မတော်က ခုခံကာကွယ်တွန်းလှန်ပြီး အောင်ပွဲဆင်ခဲ့သည်မှာ သမိုင်းသက်သေတည်ခဲ့ပြီး ဖြစ်ပါသည်။ ထိုစဉ်က အင်းစိန်တိုက်ပွဲကြီးတွင် ရှေ့တန်းရောက် တပ်မတော်သားများအတွက် စားနပ်ရိက္ခာပို့ရေး၊ သူနာပြုစုရေး၊ ဂီတဖြင့်ဖျော်ဖြေရေးလုပ်ငန်းများကို ရုပ်ရှင်ဂီတပြဇာတ် အစည်းအရုံးကြီးက ကြီးမှူး၍ ပြည်သူ့ကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းကာ ရှေ့တန်းစစ်မျက်နှာအထိ သက်စွန့်ကြိုးပမ်း သွားရောက်ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ သက်စွန့်ကြိုးပမ်းဆောင်ရွက်ချက်များကို ကြည့်ခြင်းအားဖြင့် ရုပ်ရှင်ပြဇာတ် အနုပညာရှင်တို့သည် အမျိုးသားရေးနှင့်ယှဉ်လာလျှင် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အရင်းခံဖြင့် ရုပ်ရှင်နှင့်ပြဇာတ်များကို ထုတ်လုပ်ကပြရုံသာမက အမျိုးသားရေးလိုအပ်ချက်အရ လိုအပ်လာလျှင် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုပါ ပါဝင်ထမ်းဆောင်ခဲ့ကြသည်ကို မော်ကွန်းမှတ်တိုင်စိုက်ထူထားခဲ့ရပါသည်။

ထိုစဉ်က အင်းစိန်တိုက်ပွဲကြီး၌ ရုပ်ရှင်နှင့်ပြဇာတ်အနုပညာရှင်များ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆင်နွှဲခဲ့ပုံကို ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ထုတ် ဟံသာဝတီသတင်းစာနှင့် ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတို့တွင်–

"လူထုကြီးအား မှီခို၍ စီးပွားရှာလာခဲ့ကြသော ရုပ်ရှင်နှင့် ပြဇာတ်သမားများသည် လူထုကို ပြန်လည်ကျေးဇူးဆပ်သောသဘောဖြင့် လူထုအပေါ်၌ကျရောက်လာမည့်အန္တရာယ်အပေါင်းတို့ကို ကာကွယ်ပေးရန် အရေးကြုံနေပြီဖြစ်၍ ရုပ်ရှင်နှင့်ပြဇာတ်အစည်းအရုံးဝင်များဖြစ်သော ပညာသည်များနှင့် ရုပ်ရှင်မင်းသား၊ မင်းသမီးများ၊ ဒါရိုက်တာများ၊ လူကြမ်းများ အစရှိသည့်ပုဂ္ဂိုလ်တို့သည် စစ်ရေးလေ့ကျင့်မှုများနှင့် သူနာပြုပညာရပ်များကို လေ့လာနေပြီဖြစ်ကြောင်း၊ အစည်းအရုံးကြီးမှ ပြည်သူ့ကာကွယ်ရေးအဖွဲ့ကြီးကို ဖေဖော်ဝါရီလ ၆ ရက်နေ့က ဖွဲ့စည်းပြီးဖြစ်လေရာ ဓာတ်ပုံဆရာများကလည်း အင်းစိန်တိုက်ပွဲသို့ သွားရောက်ရုပ်ရှင်ရိုက်ကူးနေပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံ ရုပ်ရှင်နှင့်ပြဇာတ်အစည်းအရုံး၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့မှ ရှေ့တန်းစစ်မျက်နှာ၊ အင်းစိန်၊ ဒညင်းကုန်း၊ စော်ဘွားကြီးကုန်း၊ မရမ်းကုန်း၊ သမိုင်း၊ မင်္ဂလာဒုံရှိ တောင်ပိုင်းစစ်ဌာနချုပ်မှ အစိုးရတပ်များသို့ ထမင်းထုပ်၊ ဆေးလိပ်၊ မီးခြစ်၊ ချိုချဉ်၊ စာနယ်ဇင်းများ ထောက်ပံ့ရာ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် စစ်သေနတ်ဖြင့် သောင်းကျန်းသူတို့က ပစ်ခတ်ခဲ့ကြောင်း၊ ၉ ရက်နေ့တွင် သမိုင်းလမ်းဆုံအနီး၌ စစ်သေနတ်များဖြင့် ထပ်မံပစ်ခတ်ခဲ့ကြောင်း။

ရှေ့တန်း၊ နောက်တန်းနှစ်ခုစလုံးကို ဖျော်ဖြေရေးအဖွဲ့များ စေလွှတ်ရန် စီစဉ်ပြီးဖြစ်ကြောင်း၊ ရုပ်ရှင်ပြဇာတ်ပညာရှင်အပေါင်းတို့သည် ရုပ်ရှင်နှင့်ပြဇာတ်အစည်းအရုံးကြီးက ကြီးမှူးသော ပြည်သူ့ကာကွယ်ရေးအဖွဲ့တွင် နေ့စဉ် နံနက် ၈ နာရီမှ ၁၁ နာရီအထိ တစ်ဖွဲ့၊ နံနက် ၁၁ နာရီမှ ညနေ ၃ နာရီအထိ တစ်ဖွဲ့ အဖွဲ့နှစ်ဖွဲ့ခွဲ၍ စစ်ရေးလေ့ကျင့်နေကြသည်ကိုလည်း တွေ့ရကြောင်း။

ထို့ပြင် ရုပ်ရှင်ပညာသည်များနှင့် ရုပ်ရှင်ကုမ္ပဏီများ အလှည့်ကျတာဝန်ယူပြီးလျှင် စစ်မြေပြင်တွင် ကေအင်န်ဒီအိုသောင်းကျန်းသူများကို တိုက်ခိုက်နေကြသော ဗမာ့တပ်မတော်သားများထံသို့ ထမင်းထုပ်၊ ဆေးလိပ်၊ သတင်းစာများ နေ့စဉ်အရောက်ပို့ပေးနေကြောင်း၊ ရုပ်ရှင်နှင့်ပြဇာတ်အစည်းအရုံးကြီးက ကြီးမှူးတည်ထောင်လိုက်သော ရုပ်ရှင်နှင့် ပြဇာတ်အသင်းသားများ ပါဝင်သည့် ပြည်သူ့ကာကွယ်ရေးအဖွဲ့၏ စစ်ဝန်ထမ်းများ တံဆိပ်မှာ ပခုံးဒေါက်အနီတွင် ယူအက်စ်အက်စ် အမည်ရိုက်နှိပ်ထားပြီး ရိုင်ဖယ်သေနတ်နှစ်လက်ကို ကြက်ခြေခတ်ပုံသဏ္ဌာန် ရိုက်နှိပ်ထားသည်ကို တွေ့ရကြောင်း" စသည်ဖြင့် ဖော်ပြပါရှိခဲ့သည်။

အလားတူ ထိုစဉ်က ရုပ်ရှင်နှင့်ပြဇာတ်ကာကွယ်ရေးအဖွဲ့ကြီးက ထုတ်ပြန်ခဲ့သော ပြန်ကြားချက်ကို ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ထုတ် ဟံသာဝတီသတင်းစာ၌–

**တိုင်းပြည်လူထုသို့**

ကျွန်မတို့ ရုပ်ရှင်ပြဇာတ်အစည်းအရုံးဝင် အမျိုးသား အမျိုးသမီးအပေါင်းတို့သည် ပြည်သူလူထုအား မှီခိုအားထားရသူများဖြစ်သည့်အလျောက်၊ ပြည်သူလူထု ဒုက္ခရောက်သည့်အလျောက်၊ ပြည်သူလူထုဒုက္ခနှင့် ရင်ဆိုင်တိုးနေရသည့်အချိန်တွင် ကျွန်မတို့ ရုပ်ရှင်ပြဇာတ်လောကအတွင်း ပါဝင်သူတို့သည် ပြည်ထောင်စုရန်သူမှန်သမျှကို ဖြိုခွင်းရန်အတွက် ပစ္စည်းအင်အား၊ လူအင်အားနှင့်ဆိုင်ရာမှ ဆောင်ရွက်နေကြ၍ ကျွန်မတို့ ခေါင်းဆောင်ကြီးများကိုယ်တိုင် ပြည်ထောင်စုရန်သူကို ချေမှုန်းလျက်ရှိသော စစ်သည်တော်ရဲဘော်များအား ထောက်ပံ့ရန်အတွက် ထမင်းထုပ်များ ကောက်ခံသိမ်းယူလျက်ရှိပါသည်။ သို့အတွက် မြို့မိမြို့ဖများက တတ်အားသမျှကူညီကြဖို့ မေတ္တာရပ်ခံပါကြောင်း၊

(ပုံ) မေရှင်
ပြန်ကြားရေးမှူး
ရုပ်ရှင်ပြဇာတ်ကာကွယ်ရေးအဖွဲ့

ဟူ၍ ဖော်ပြထားသည်ကိုတွေ့ရပါသည်။



သဘင်ပညာရှင်ကြီး ဂရိတ်ဦးဖိုးစိန် ကပြဖျော်ဖြေသည့် ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

## အရိုးပေါ် အရွက်မဖုံးစေရန်
## မြန်မာ့ဟန်၊ မြန်မာ့အသံ၊ မြန်မာ့စံ

ကိုလိုနီခေတ်က ဇာတ်သဘင်ပညာရှင် မင်းသားကြီး ဦးစိန်ကတုံးနှင့် ဆိုင်းပညာရှင် နေမျိုးဗလကျော်ထင် ရွှာစားကြီး စိန်ဗေဒါနှင့် တွဲဖက်၍ တစ်ညတည်းတွင် နိပါတ်တော် ဇာတ်ထုပ်နှစ်ထုပ်ကို တီထွင်ကပြခဲ့ရာ ဇာတ်ထုပ်တစ်ထုပ်ကို အခြေခံပြီး နှစ်ပါးသွားမြိုင်ထ သီဆိုကပြရင်း ဇာတ်ထုပ်ကို သရုပ်ဖော်ကပြခဲ့သဖြင့် ပွဲကြည့်ပရိသတ်မှာ နိပါတ်တော် ဇာတ်ထုပ်နှစ်ထုပ်စလုံးကို မျက်စိထဲက မထွက်နိုင်အောင် စွဲမြဲနှစ်သက်ခဲ့ကြသည်။ ထိုသို့ တီထွင်ကပြနည်းမှာ အရိုးကိုအရွက်မဖုံးစေဘဲ မြန်မာ့ဟန်မပျက် တင်ဆက်နိုင်ခဲ့သောကြောင့် မြန်မာပွဲကြည့်ပရိသတ်သာမက ထိုစဉ်က အိန္ဒိယဘုရင်ခံချုပ်ကပါ နှစ်ခြိုက်စွဲလမ်းခဲ့သဖြင့် မင်းသားကြီး ဦးစိန်ကတုံးအား ရွှေနာရီတစ်လုံးဖြင့် ဂုဏ်ပြုချီးမြှင့်ခဲ့သည်ဟု သိရသည်။

မြန်မာ့သဘင်ကို တစ်ခေတ်ဆန်းသစ်တီထွင်ခဲ့သည့် သဘင်ပညာရှင်ကြီး ဂရိတ်ဦးဖိုးစိန်သည် ရုပ်ရူပကာချောမော၊ အသံလည်းကောင်း၊ အပြောကလည်းပိုင်၊ အကကိုလည်း နိုင်သည့်အပြင် ဇာတ်ခုံအခင်းအကျင်းနှင့် ဇာတ်ခုံကြီးကိုလည်း ထည်ဝါခံ့ညားအောင် တီထွင်ဆန်းသစ်ခဲ့သည့် သဘင့်ဦးသျှောင်ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်သည်။ ထို့ပြင် အနောက်တိုင်းခြေထိုးအကကို အရယူကာ မြန်မာသံ၊ မြန်မာဟန်မပျက် စည်းဝါးအတွင်း နိုင်နင်းစွာကပြနိုင်သည့် သဘင်ပညာစွမ်းရည်မှာ အံ့ဩမကုန်ဖြစ်ခဲ့ကြရသည်။

ယခု (၂၄) ကြိမ်မြောက် မြန်မာ့ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင် ယှဉ်ပြိုင်သီဆိုရမည့် တေးသီချင်းအချို့တွင် သီဆိုသူရောတီးမှုတ်သူတို့အတွက်ပါ ဂီတသံစဉ်(key)များ သတ်မှတ်ပေးထားသည်ကို ထူးခြားစွာ တွေ့ရှိရသည်။ ဤသို့ ဂီတသံစဉ် (key)ကို သတ်မှတ်ယှဉ်ပြိုင်စေခြင်းကြောင့် မြန်မာ့ဂီတအနုသုခုမပညာရှင်များကို အထူးကျေးဇူးတင်မိပါသည်။ အကြောင်းမှာ သတ်မှတ်ထားသည့် ဂီတသံစဉ်အတိုင်း ယှဉ်ပြိုင်သီဆို တီးမှုတ်စေခြင်းကြောင့် (၁) တေးပြုစာဆိုရေးစပ်သည့် တေးသီချင်းစာသား၏ ကောင်းမွန်ခြင်း၊ (၂) တီးမှုတ်ရသည့် ဂီတသံစဉ်၏ ကောင်းမွန်ခြင်း၊ (၃) တေးဆိုသူတို့၏ အသံဂုဏ်ကောင်းမွန်ခြင်းဟူသော ဂီတအနုပညာ၏ ဂုဏ်အင်္ဂါကောင်းများနှင့် ညီညွတ်နေမည် ဖြစ်ပါသည်။

"ဂီတမှာ အသံ၊ အလင်္ကာ ကာရန်၊ မြန်မာဆန်တဲ့ တေးရေးဟန်" ဟူသော ဆိုစကားနှင့်အညီ ကဗျာ၏ "ကာရန်" တွင် "အသံ" (Rhythm) သာမူပေါ်တွင် မူတည်၍ ဂီတသံစဉ်ထည့်သွင်း ရေးစပ်သီဆိုသော တေးသီချင်းအချို့မှာ ဂန္တဝင်စံတင် တေးသီချင်းများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိနိုင်ပါသည်။ သာဓကအားဖြင့် ဆရာဇော်ဂျီ (ဦးသိန်းဟန်)၏ "ညိုပြာပြာလတာပြင်ခြေရင်း လှိုင်းသက်ရာဆင်း" အစချီ "ဗေဒါလမ်း" ကဗျာသည် ဒါရိုက်တာချစ်ခင် ရိုက်ကူးသည့် 'ပန်းပန်လျက်ပါ' အမည်ရှိ ရုပ်ရှင်ဇာတ်ကား ဇာတ်ဝင်ခန်းတွင် ဂီတစာဆို တေးသံရှင် စန္ဒရား(ဦး)ချစ်ဆွေက ဂီတသံစဉ်သွင်းပြီး ရုပ်ရှင်သရုပ်ဆောင် တေးသံရှင် အကယ်ဒမီများရှင် (ဒေါ်) ကြည်ကြည်ဌေးက သီဆိုသရုပ်ဆောင်လိုက်သောအခါ ဂန္တဝင်တေးသီချင်းတစ်ပုဒ် ဖြစ်သွားခဲ့ပါသည်။

ထို့အတူ ဆရာမင်းသုဝဏ်(ဦးဝန်) ရေးစပ်ခဲ့သော "လယ်တောကအပြန်၊ ပန်ချင်တယ် ခရေဖူးဆိုလို့၊ မောင်ခူးကာပေး၊ မနက်တုန်းဆီက၊ ကြော့ဆုံးကို မောင်မြင်တော့၊ သူ့ဆံပင် နှင်းဆီပွင့်တွေနဲ့၊ ဂုဏ်တင့်တယ်လေး" ဟူသောကဗျာကို ဒါရိုက်တာ အကယ်ဒမီများရှင် မောင်ဝဏ္ဏ ရိုက်ကူးတင်ဆက်ခဲ့သော 'နှောင်းတမြေ့မြေ့'အမည်ရှိရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းတွင် ဂန္တဝင်ဂီတပညာရှင် အကယ်ဒမီ ဂီတလုလင်(ဦး)ကိုကိုက ဂီတသံစဉ်ထည့်သွင်းပြီး ရုပ်ရှင်သရုပ်ဆောင် စာရေးဆရာ တေးသံရှင် ထပ်ဆင့်အကယ်ဒမီ(ဦး)သုမောင်က သီဆို သရုပ်ဆောင်လိုက်သောအခါ ဂန္တဝင်စံတင် တေးသီချင်းတစ်ပုဒ်ဖြစ်သွားခဲ့ပါသည်။

အလားတူ ဂန္တဝင်ဂီတစာဆို ကဗျာဆရာ တေးသံရှင် အလင်္ကာကျော်စွာဆရာ 'နှောင်' (ဦးမောင်မောင်လတ်) ရေးစပ်ဖွဲ့နွဲ့သည့် တေးသီချင်းများစွာတို့သည် ကာရန်ရော ဂီတသံစဉ်ပါ လှပယဉ်ကျေး သိမ်မွေ့နူးညံ့လှပါသည်။ "ကဗျာ ဟူသည် အကောင်းဆုံးသော စကားလုံးများကိုအကောင်းဆုံးသော အစီအစဉ်ဖြင့် ရေးစပ်ဖွဲ့နွဲ့ သီကုံးထားခြင်းဖြစ်သည်"။ သာဓကအားဖြင့် အလင်္ကာကျော်စွာ ကဗျာဂီတစာဆို "ဆရာနှောင်" (ဦးမောင်မောင်လတ်) ရေးစပ်ပြီး တေးသံရှင် ကိုတင်ထွဋ် သီဆိုထားသည့် 'ပြစ်မျိုးမဲ့မထင်' အမည်ရှိ တေးသီချင်းကို နားသောတဆင်ရသောအခါ 'ဥမ္မာဒန္တီပျို့' ကို ဖတ်ရှုနေရဘိသကဲ့သို့ အမျိုးသမီးတစ်ဦး၏ "တုန့်နှိုင်းမဲ့အလှအပ" ကို စပ်ဆိုဖွဲ့နွဲ့ထားသည်မှာ လက်ဖျားခါရပါသည်။ ဆရာဦးမောင်မောင်လတ်သည် ဂီတစာဆို၊ ကဗျာစာဆိုကဝိနှင့် တေးသံရှင်တစ်ဦးပီသစွာ တစ်နှစ်ကြာအောင် တေးစာသားနှင့် ဂီတသံစဉ်ကို အချိန်ယူစပ်ဆိုခဲ့သည့် "တိမ်တမန်" တေးသီချင်းကို အကယ်ဒမီ ဂီတစာဆို တေးသံရှင် စန္ဒရားဆရာ (ဦး)လှထွဋ် သီဆိုအသံသွင်း ထုတ်လွှင့်သောအခါ အချစ်သမုဒယ လုံးဝမပါရှိဘဲ အမိမြန်မာပြည်၏ ဥတုရာသီသာယာကောင်းမွန်စေရန် ရည်သန်စပ်ဆိုထားသည့် တစ်သက်လုံး မရိုးနိုင်တော့သည့် ဂန္တဝင်သီချင်းကောင်းတစ်ပုဒ်အဖြစ် တည်ရှိနေမည်ဖြစ်ပါသည်။

အချုပ်ဆိုပါလျှင် "ဂီတ သာလျှင် လူမျိုးသာမည်၊ ဂီတချာလျှင် လူမျိုးချာမည်" ဖြစ်၍ "ဂီတစွမ်းအားပြည်ထွန်းကား"ရေးကို မှန်ကန်သောအသိ၊ မှန်ကန်သောခံယူချက်၊ မှန်ကန်သောရပ်တည်ချက်တို့ဖြင့် အမျိုးသားရေးတာဝန် ကျေပွန်ကြရန် အထူးလိုအပ်လှပါသည်။ ပြည်သူချစ်သော အနုပညာရှင်တို့သည် သရုပ်မှန်၊ စေတနာမှန်သော အနုပညာဖြင့် ရိုးသား၊ နိုးကြားစွာဖြင့် ကြိုးစားကာ အသက်မွေးဝမ်းကျောင်းပြုကြရင်း မိဘပြည်သူတို့မှာ မိမိတို့၏ ထမင်းရှင်၊ ကျေးဇူးရှင်များဖြစ်ကြသည့်အလျောက် တိုင်းပြည်အကျိုးနှင့် ပြည်သူ့အကျိုးကို သွေဖည်ကျောခိုင်းထင်ရာစိုင်းသည့် အစွန်းရောက်အမှားများကို အထူးရှောင်ကြဉ်ကြရပါမည်။ မိဘပြည်သူတို့၏ ဦးနှောက်အတွေးအခေါ် စိတ်နေစိတ်ထားကို အမှောင်လမ်းသို့ တွန်းပို့သည့် အစွန်းရောက်လှုံ့ဆော်မှု အမှားမျိုး မကျူးလွန်မိအောင်ရှောင်ကြဉ်ကာ တိုင်းပြည်နှင့်လူမျိုးဘဝလှပနေအောင် ထာဝရဖော်ကျူးအလှဆင်ကြပါစေကြောင်း အရေးထားလေးစားစွာဖြင့် ရေးသားဆန္ဒပြုအပ်ပါသတည်း။ ။

■

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲယှဉ်ပြိုင်မှု ကြည့်ရှုအားပေး



နေပြည်တော် စက်တင်ဘာ ၂၉

၂၀၂၃ ခုနှစ် အောက်တိုဘာလတွင်ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ (International Day for Disaster Risk Reduction – IDDRR) အထိမ်းအမှတ် အခြေခံပညာအထက်တန်းနှင့် အလယ်တန်း အဆင့်စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၉)အခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပရာ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများအနက် ၃၃ ကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၈၁ ဦးတို့က "ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ မညီမျှမှုတွေ တိုက်ဖျက်စို့" "Fighting Inequality For A Resilient Future" ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

**ကြည့်ရှုအားပေး**

အဆိုပါစာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲသို့ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြပြီး ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများကို အောက်တိုဘာ ၁၈ ရက်တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ်အခမ်းအနားနေ့တွင် ဆုများပေးအပ်ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် မန္တလေးတိုင်းဒေသကြီးအတွင်း အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် စိုက်ပျိုးရေနှင့် သောက်သုံးရေရရှိရေးအတွက် ကြိုတင်စီမံဆောင်ရွက်သင့်သည်များ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၉

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဒေသအတွင်း စိုက်ပျိုးရေနှင့် သောက်သုံးရေရှားပါးမှုဖြစ်ပေါ်နိုင်ခြင်းနှင့် ဒေသအတွင်း လျှပ်တစ်ပြက်(Flash Flood)ရေကြီး၊ ရေလျှံမှုဖြစ်ပေါ်နိုင်သည့်အတွက် ကြိုတင်စီမံခန့်ခွဲနိုင်ရန်လိုကြောင်း၊ ရာသီဥတုပြောင်းလဲလာမှုကြောင့် တိရစ္ဆာန်အစာရေစာများ ရှားပါးလာနိုင်သဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန် ရေအလေအလွင့်မရှိစေရေးအတွက် မိုးကာလမကုန်မီ ရေရရှိနိုင်သလောက် စုဆောင်း၍ သိုလှောင်ထားကြရန် ယမန်နေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်ရှိ ကျီးနီကန် ရေဝင်ရောက်မှုကို ကြည့်ရှုစစ်ဆေးစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ပြောကြားသည်။



**ရှင်းလင်းတင်ပြ**

ထို့နောက် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက ကျီးနီကန်၏ ရေဝင်ရောက်မှုအခြေအနေ နည်းပါးလာသဖြင့် ဒေသအတွင်းရရှိနိုင်မည့် ရေအရင်းအမြစ်ရှာဖွေမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထိုမှတစ်ဆင့် သာစည်ကျေးရွာရှိ စိုက်ပျိုးရေးဦးစီးဌာန ရွှေဒါးမျိုးသန့်ခြံ၌ ဒေသမျိုးအပါအဝင် ဥဇဘာက်ကစ္စတန် ဝါမျိုးသစ် ရှစ်မျိုးစမ်းသပ်စိုက်ပျိုးထားရှိမှုနှင့် အပင်ဖြစ်ထွန်းမှု၊ ဝါဂွမ်းမွေးအရည်အသွေးနှင့် ဝါဂွမ်းချည်မျှင်ဆန့်ထွက်နိုင်မှုပမာဏတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပျော်ဘွယ်မြို့နယ်ရှိ မင်းရာမ ရေလွှဲဆည်သို့ရောက်ရှိစစ်ဆေးပြီး တာဝန်ရှိသူက ရေလွှဲဆည်အတွင်း စီးဆင်းနေသည့် စွေ့ချောင်းသဲနုန်းတူးဖော်ခြင်းလုပ်ငန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထိုမှတစ်ဆင့် ပျော်ဘွယ်မြို့နယ်ရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ အခြေခံ ရေတိုင်းနှင့် မြေတိုင်းသင်တန်းကျောင်းသို့ ရောက်ရှိစစ်ဆေးပြီး သင်ကြားရေးအတွက် အထောက်အကူပြုပစ္စည်းများကို ခေတ်နှင့်အညီ ကွင်းဆက်မပြတ်ဖြည့်တင်းနိုင်ရေးအတွက် စိစစ်တင်ပြနိုင်ရေး စီမံဆောင်ရွက်ရန်၊ စိုက်ပျိုးမြေအသုံးချမှုအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် မွေးမြူရေးသုတေသနစခန်း (ပျော်ဘွယ်)သို့ ရောက်ရှိပြီး တိရစ္ဆာန်အစာအာဟာရအတွက် သုတေသနပြုစိုက်ပျိုးထားသောမြက်များနှင့် ခြံအတွင်း တူးဖော်ထားသော စက်ရေတွင်း၏ ရေအရည်အသွေးကို စမ်းသပ်စစ်ဆေးပြီး ရေတွင်းများမှတစ်ဆင့် ခြံအတွင်းသို့ ရေဖြန့်ဖြူးသည့်စနစ်ကို သက်ဆိုင်ရာဦးစီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် သဖန်းချောင်း ရေလှောင်တမံသို့ ကြည့်ရှုစစ်ဆေးပြီး ရေလှောင်တမံမှ စိုက်ပျိုးရေပေးဝေသော ရေပမာဏအပေါ် မူတည်၍ စိုက်ပျိုးသည့်သီးနှံပုံစံနှင့် ရေသုံးစွဲမှုအပေါ် အသေးစိတ်လေ့လာဆန်းစစ်ပြီး ရေအသုံးချမှု အစီရင်ခံစာပြုစုနိုင်သည်အထိ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်၍ စီမံဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆိုင်ကယ်စီးဦးထုပ် အလုံး ၅၀၀ နှင့် လက်ကမ်းစာစောင်များပေးဝေ

လားရှိုး စက်တင်ဘာ ၂၉

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆိုင်ကယ်စီးဦးထုပ်များနှင့် လက်ကမ်းစာစောင်များ၊ စတစ်ကာများ ဖြန့်ဝေခြင်းကို ယနေ့နံနက် ၉ နာရီက လားရှိုးမြို့ အမှတ်(၂၀)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှူးရုံးရှေ့တွင် ပြုလုပ်သည်။



ဆိုင်ကယ်စီးဦးထုပ်များပေးဝေခြင်းကို ပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး(လားရှိုး) ရဲမှူးကြီး လှမင်း၊ လားရှိုးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝေဠုသတိုး၊ အမှတ် ၂၀ ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးမျိုးထိုက်၊ အမှတ် (၁၂၃) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (လားရှိုး)မှ ဒုတိယရဲမှူး ထွန်းထွန်းဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက လားရှိုးမြို့ ပြည်ထောင်စုလမ်းမကြီးပေါ် အမှတ်(၂၀) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲရုံးရှေ့တွင် ဖြတ်သန်း သွားလာနေကြသည့် ဒေသခံပြည်သူများကို ဆိုင်ကယ်စီးဦးထုပ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များ၊ စတစ်ကာများကို ပေးဝေခဲ့ကြသည်။

အမှတ် (၂၀) ယာဉ်ထိန်းရဲ ဒုတိယတပ်ဖွဲ့ခွဲမှူးရုံးအနေဖြင့် ဒေသခံပြည်သူများအား ဆိုင်ကယ်စီးဦးထုပ် အလုံး ၅၀၀၊ ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းပါ စာတန်း ရေးသားထားသည့် စတစ်ကာ အခု ၅၀၀၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင် ၅၀၀ တို့ကို ဒေသခံပြည်သူများထံ ပေးဝေခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ကွမ်းခြံကုန်းမြို့နယ်၌ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိပြီး ယနေ့တွင် တော်ကူးအနောက်ကျေးရွာနှင့် တောင်ကုန်းကျေးရွာတို့တွင် ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တွံတေးခရိုင်ကျေးလက်ဦးစီးဌာန ခရိုင်ဦးစီးမှူးဦးနေဝင်း၊ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက တောင်ကုန်းကျေးရွာတွင် ဆောင်ရွက်လျက်ရှိသည့် (၁၅ ပေ x ၁၀ ပေ x ၆ ပေ) ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်နှင့် တော်ကူး အနောက်ကျေးရွာတွင် (ပေ ၂၀၀ x ပေ ၁၀၀ x ၃ ပေ) မြေသားရေကန်အနက် တူးခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့

INTERNATIONAL DAY OF OLDER PERSONS

" သက်ကြီးသူများဘဝ သာယာဖို့ သက်ရှယ်စုံညီပါဝင်လို့ ဝိုင်းဝန်းဖြည့်ဆည်းကြပါစို့ "

" Fulfilling the Promises of the Universal Declaration of Human Rights for Older Persons: Across Generations "

၁.၁၀.၂၀၂၃ နေပြည်တော်

## မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် မြန်မာအားကစားအဖွဲ့ ပြည်လည်ရောက်ရှိ



**ရန်ကုန် စက်တင်ဘာ ၂၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့၌ စက်တင်ဘာ ၂၃ ရက်မှ အောက်တိုဘာ ၈ ရက်အထိ ကျင်းပပြုလုပ်လျက်ရှိသည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့်အတူ မြန်မာအားကစားအဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ယဉ်ကျေးမှုသံမှူး Mr. Pan Feng၊ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုခဲ့ကြသည်။

မြန်မာ အားကစားအဖွဲ့တွင် ပြည်ထောင်စုဝန်ကြီးနှင့် အတူ အုပ်ချုပ်မှုအဖွဲ့ သုံးဦး၊ မြန်မာနိုင်ငံ ဝူရှူးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် မြန်မာဝူရှူး အားကစားအဖွဲ့ငါးဦးတို့ ပြန်လည်လိုက်ပါလာကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးမြင့်စိုး ရဲနွယ် စိုက်ပျိုးရေးသမဝါယမအသင်း၏ မိုးစပါးစိုက်ခင်းများ ကြည့်ရှု

**နေပြည်တော် စက်တင်ဘာ ၂၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ရဲနွယ်သမ ‘စံပြ’ကျေးရွာသို့ သွားရောက်ပြီး ရဲနွယ် စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း၏ ဆင်းသုခမျိုးစပါးစိုက်ခင်း ၃၄၉ ဧကနှင့် GW-11 မျိုးစပါးစိုက်ခင်း ဧက ၁၀၀ စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် အသင်းအမှုဆောင်များက မိုးစပါး ၄၄၉ ဧက စိုက်ပျိုးထားမှု၊ ဆောင်းသီးနှံ ပဲတီစိမ်း ၄၄၉ ဧက လျာထားစိုက်ပျိုးမည့်အခြေအနေ၊ ရက် ၉၀ စပါးမျိုးဖြင့် နွေစပါး ဧက ၃၀၀ လျာထားစိုက်ပျိုးမည့် အခြေအနေနှင့် စိုက်ပျိုးရေရရှိနိုင်မှု၊ သစ်စိမ်းမြေဩဇာအတွက် ပိုက်ဆံလျှော် ၁၄၉ ဧက စိုက်ပျိုးမည့်အခြေအနေနှင့် သရက်တောရိုးရေထုတ်မြောင်း ဖောက်လုပ်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ရာသီ သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်ရန်၊ အထွက်တိုးစပါးမျိုးများ ပြောင်းလဲစိုက်ပျိုးရန်၊ သွင်းအားစုများ တောင်သူ့လက်ဝယ် အချိန်မီရောက်ရှိရေး တာဝန်ရှိသူများက အလေးထားဆောင်ရွက်ရန်၊ ကြဲပက်စိုက်နည်းစနစ်အစား ပျိုးထောင်စိုက်နည်းစနစ်နှင့် အစေ့ချစိုက်နည်းစနစ်တို့ကို အသုံးပြုသွားရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရဲနွယ် စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း၏ ဆင်းသုခ မျိုးစပါးစိုက်ခင်း၊ GW-11 မျိုးစပါးစိုက်ခင်း၊ ကုန်ထုတ်လမ်း ပေ ၈၀၀၀ ဖောက်လုပ်မည့်နေရာ၊ ရေထုတ်မြောင်း ဖောက်လုပ်ပေးမည့်နေရာ၊ ကျေးရွာတွင်းလမ်း ဖောက်လုပ်မည့်နေရာ၊ နွေစပါးအတွက် အောင်ရေရရှိနိုင်မည့်အခြေအနေ၊ ၄၀၀ ဗို့အားလိုင်း ဆောင်ရွက်ပေးမည့် အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။



ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ဖြူးမြို့နယ် လူငယ့်အားမာန် စိုက်ပျိုးရေးနှင့် လုပ်ငန်းစုံ သမဝါယမအသင်းလီမိတက်သို့ သွားရောက်ပြီး ဒေသန္တားမျိုး ၃၉ ကောင် မွေးမြူထားမှု၊ GW-11 စပါးမျိုးစိုက်ခင်း ၂၂၅ ဧက၊ ဆင်းသုခနှင့် အခြားစပါးမျိုး ၂၃၇ ဧက စိုက်ပျိုးထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လာမည့်ဆောင်းသီးနှံ၌ ပဲတီစိမ်းနှင့် မတ်ပဲ စိုက်ပျိုးရေးလုပ်ငန်း အောင်မြင်အောင်စိုက်ပျိုးကြရေး တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘိုးဘွားများနေ့နှင့် မြန်မာ့ဓလေ့

☆ သုံးပါးရှယ် သဒ္ဒါရ
မလွဲပ ဉာဏ်လူ့ရှာ
ကြုံရဓမ္မတာ၊
တတိယအရွယ်မှာ
အိုရှမ်းမှာ သဘာဝ၊
ယိုယွင်းကာ ပသာဒ
ဖေးကူပါ ကြင်နာကြ
ထုံးစဉ်လာပယ်မရ
ဂါရဝေါစ။

☆ ဘိုးဘွားခမျာ အရွယ်ဟိုင်း
စိတ်သွားတိုင်း ကိုယ်မပါ
စစရာရာ၊
ဝတ်ကြီး/ငယ်ပြုစရာ
ငယ်သူ့တာတစ်ဖက်တစ်လမ်း၊
ထုံးစဉ်လာမမေ့စတမ်း
ရေပူရေချမ်း။

☆ “ဒေါ်ဦးဇွန်း” သဒ္ဒါဖြိုး
စပျိုးလို့ လှူဒါန်းကာ
ဘိုးဘွားရိပ်သာ၊
နိုင်ငံတော်အဝင်အပါ
ကူညီကာပံ့ပိုး၊
ပြည်သူတွေ သဒ္ဒါဖြိုး
ရိပ်သာတွေ အစဉ်တိုး
ရှစ်ဆယ်ကျော် သာသာထိုး
စေတနာ မိုး။

☆ တိုင်း/ပြည်နယ်တစ်နံတစ်လျား
ဘိုးဘွားတို့ကွန်းခိုရာ
ရိပ်သာတွေအနှံ့အပြား
ထွန်းကားဝေဆာ၊
မြန်မာတို့ ဂုဏ်ယူစရာ
နိုင်ငံတကာမှာစံပြ၊
မော်ကွန်းတင်ပထမ
မြန်မာ့အလှ။

(“အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့” ကို ဂုဏ်ပြုလျက် မြန်မာ့စွန့်ဦးတီထွင်သူ “ဘွားဦးဇွန်း”အား ရှိခိုးကန်တော့ပါ၏)

**ကျော်စောဟန်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး အရာထမ်းများ၏ပြည်ပသင်တန်း အတွေ့အကြုံရှင်းလင်းပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၉**

Malaysia Anti-Corruption Academy (MACA) မှ ဖွင့်လှစ်ပို့ချခဲ့သည့် Investigation and Prosecution in Intelligence Based Investigation (IPIBI) Cases သင်တန်းသို့ အွန်လိုင်းစနစ်ဖြင့် တက်ရောက်ခဲ့သည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံးမှ အရာထမ်းတစ်ဦးက သင်တန်းအတွေ့အကြုံရှင်းလင်းပွဲကို ယနေ့တွင် နေပြည်တော်ရှိ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံးစုပေါင်းခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အတွေ့အကြုံ ရှင်းလင်းပွဲသို့ ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အဆင့်မြင့် အရာရှိကြီးများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ကော်မရှင်ဥက္ကဋ္ဌက ပြည်ပနိုင်ငံများသို့ သင်တန်းများ တက်ရောက်ရာ၌ တက်ရောက်ရမည့်ဘာသာရပ်နှင့် စပ်လျဉ်း၍ ကြိုတင်လေ့လာရန် လိုကြောင်း၊ ပြည်ပနိုင်ငံများ၏ ကောင်းမွန်သည့်အလေ့အထများကို အတုယူ၍ကြိုးစားလေ့လာဆောင်ရွက်ရန် လိုကြောင်း၊ သင်တန်းတက်ရောက်ရာတွင် ဝင်ရောက်ဆွေးနွေးခြင်း၊ မေးမြန်းခြင်းနှင့် မိမိ ထင်မြင်ယူဆချက်များကို တင်ပြနိုင်သည့် အရည်အချင်းများ ရှိနေရန် ကြိုးစားလေ့လာကြရန် လိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် စုံစမ်းစစ်ဆေးရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းထက်က သင်တန်းတွင် ပို့ချသည့် ဘာသာရပ်များနှင့် သင်တန်းအတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသည့်ဝန်ထမ်းများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြသည်။

**စွမ်းဆောင်ကြိုးပမ်း**

ဆက်လက်၍ ကော်မရှင်ဥက္ကဋ္ဌက ဝန်ထမ်းများ လုပ်ငန်းပိုင်းဆိုင်ရာအသိအမြင် ဗဟုသုတ ကြွယ်ဝရေးအတွက် ပြည်ပခရီးစဉ်များကို စေလွှတ်လျက်ရှိကြောင်း၊ ထိုသို့စေလွှတ်ရာတွင် အချိန်အား၊ ငွေအား၊ လူအား ရင်းနှီးပေးဆပ်ရသဖြင့် ထိုက်တန်သည့် အကျိုးကျေးဇူးများရရှိအောင် စွမ်းဆောင်ကြိုးပမ်းကြစေလိုကြောင်း၊ သွားရသည့်ခရီး၏အကျိုးရလဒ်အဖြစ် မိမိအတွက်၊ ဌာနအတွက်၊ နိုင်ငံအတွက် ရလဒ်ကောင်းများရရှိအောင် မှာကြားလိုကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီးသည့် ဌာနဆိုင်ရာများပါဝင်သောအဖွဲ့ ပျဉ်းမနားမြို့နယ်အတွင်းရှိ ဘို့မသံတောင်ကျေးရွာ၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၉**

နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ရန် ပျဉ်းမနားမြို့နယ် ဘို့မသံတောင်ကျေးရွာ၌ ရောက်ရှိနေသည့် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင် ဦးစီးသည့် ဌာနဆိုင်ရာများ ပါဝင်သောအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဒေသခံတိုင်းရင်းသားပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ထောက်ပံ့ရေးပစ္စည်းများ၊ ပန်းခင်းစီမံချက်အရ ဆောင်ရွက်ပေးသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို ပေးအပ်ကြသည်။



**ရင်းရင်းနှီးနှီးတွေ့ဆုံ**

ဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်သည် ဘို့မသံတောင် ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ သွားရောက်ကာ ပျဉ်းမနားတောင်ပေါ်ဒေသကျေးရွာများရှိ အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ စာပေသင်ကြားသင်ယူနေမှု အခြေအနေများကို မေးမြန်းကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် ဘို့မသံတောင်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျန်းမာရေးဝန်ကြီးဌာန နေပြည်တော်ကုသရေးဦးစီးဌာန နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့် အခြေအနေ၊ ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးနေမှုနှင့် ပျဉ်းမနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ပန်းခင်းစီမံချက် (၂) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားခရိုင် ဘို့မကျေးရွာအုပ်စု ဘို့မသံတောင်ကျေးရွာရှိ ကရင်နှစ်ခြင်း ခရစ်ယာန်ဘုရားကျောင်း၌ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာခွဲတာဝန်ခံများ၊ ဆရာ ဆရာမများ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နေပြည်တော်ကောင်စီအဖွဲ့ဝင်က ပြည်ထောင် ကိုးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာအချို့ကို ရာနှုန်းပြည့် လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး လျှပ်စစ်မီးရရှိရန် ကျန်ရှိသည့် ပြည်ထောင်ကိုးကျေးရွာအုပ်စု၊ ဘန်ဘားကျေးရွာအုပ်စုနှင့် ဘို့မကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများကိုလည်း ဘဏ္ဍာရေးနှစ်များအလိုက် လျာထားကာ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လာမည့်ဘဏ္ဍာရေးနှစ်တွင် သစ်တွန်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာကိုးရွာကို လျှပ်စစ်မီးရရှိနိုင်ရေးအတွက် လျာထားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

**ထောက်ပံ့လှူဒါန်း**

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်နှင့်အဖွဲ့သည် ဘို့မကျေးရွာအုပ်စု ဘို့မသံတောင်ကျေးရွာမှ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအတွက် ပန်းပေါင်းစုံ ဘုရားဆင်းတုတော်များ၊ ကရင်နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းအတွက် ထောက်ပံ့ငွေများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ကျောင်းသုံးစာရေးကိရိယာများ၊ သုတရသစာအုပ်များ၊ ဆေးစိမ်ခြင်ထောင်များ၊ ဆေးဝါးများ၊ မျိုးစေ့များ၊ First Aid Kit များနှင့် ပန်းခင်းစီမံချက်(၂) ဖြင့် ဆောင်ရွက်ပေးသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားတို့ကို ထောက်ပံ့လှူဒါန်းပေးအပ်ကြရာ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာခွဲတာဝန်ခံများ၊ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များက လက်ခံရယူကြသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် ဘို့မကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် လုပ်ငန်းအစီအစဉ်များကို ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး ဘို့မသံတောင်ကျေးရွာ ဒေသခံတိုင်းရင်းသား ပြည်သူလူထုကိုယ်စား ကရင်နှစ်ခြင်းခရစ်ယာန် အသင်းတော်မှ သိက္ခာတော်ရဆရာ ဦးစောဆဲနေမှူးက ကျေးဇူးတင်စကားပြောကြားကာ နေပြည်တော်ကောင်စီဝင်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဝင်နှင့်အဖွဲ့သည် ဘို့မသံတောင် သာသနာ့ရောင်ခြည်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ ဩဘာသထံ ဆန်၊ ဆီ၊ ငါးပိ၊ ငါးခြောက်၊ ခေါက်ဆွဲခြောက်၊ ဆေးဝါးများ၊ မိုးကာအင်္ကျီ၊ နဝကမ္မ အလှူငွေနှင့် ကော်ဖောလိပ်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**

# ဇလွန်မြို့နယ်၌ ကျောက်ချောလမ်းခင်းခြင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

**ဇလွန် စက်တင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ပဆင - ငွေးကုန်း - ထောက်ရှာကွင်း - ပိတောက်ကုန်း - သရက်တပင် ( မြောက် )လမ်း ကျောက်ချောလမ်းခင်းခြင်း၊ ပဆင - ကြွမန်း - လမိုင်း - သဖန်းကုန်းလမ်း ကွန်ကရစ်လမ်းခင်းခြင်း၊ ပဆင - ညောင်ပင်သာ - ကြာအင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဧရာဝတီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး( မြို့ပြ)၊ ဟသ်ာတခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ ) နှင့် တာဝန်ရှိသူများက ယနေ့နံနက် ၉ နာရီတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**ကြည့်ရှုစစ်ဆေး**

ဇလွန်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်တွင်ဆောင်ရွက်သော ဇလွန်မြို့နယ် ပဆင - ငွေးကုန်း - ထောက်ရှာကွင်း - ပိတောက်ကုန်း - သရက်တပင် (မြောက်)လမ်း (၁ / ၂ ဒသမ ၄ ) မိုင် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ Min Nanda Aung Co; Ltd. မှ တာဝန်ယူဆောင်ရွက်သော ပဆင - ကြွမန်း - လမိုင်း - သဖန်းကုန်းလမ်း ကွန်ကရစ်လမ်းခင်းခြင်း အရှည် ( ဝ / ၄ ) မိုင်၊ အကျယ် ၁၂ ပေ၊အမြင့် ခုနစ် လက်မ၊ Mega Resource Co ; Ltd. မှ တာဝန်ယူဆောင်ရွက်သော ပဆင - ညောင်ပင်သာ - ကြာအင်း လမ်း ကွန်ကရစ်လမ်းခင်းခြင်း အရှည် (ဝ / ၄) မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မ လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဇလွန် ( ပြန် /ဆက်)**

# ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တို့၌ တော်သလင်းလပြည့်(ဂရုဓမ္မအခါတော်နေ့)အခမ်းအနားများ ကျင်းပ



**ရန်ကုန် စက်တင်ဘာ ၂၉**

ယနေ့သည်ဗုဒ္ဓဘာသာဝင်များ၏နေ့ထူးနေ့မြတ် တော်သလင်းလပြည့်(ဂရုဓမ္မအခါတော်နေ့) ဖြစ်သည့်အားလျော်စွာ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ဘုရားစေတီများ၌ ဝါတွင်းဥပုသ်သီတင်းဆောက်တည်ကြသူများ၊ ကုသိုလ်ကောင်းမှုပြုလုပ်သူများနှင့် စည်ကားလျက်ရှိသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၅ ခုနှစ် တော်သလင်းလပြည့်(ဂရုဓမ္မအခါတော်နေ့) အခမ်းအနားများကို ယနေ့နံနက် ၅ နာရီခွဲမှစတင်၍ စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။

ဦးစွာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား အရုဏ်ဆွမ်းတော်ကြီးကပ်လှူပွဲကို စေတီတော်ရင်ပြင် ဧည့်ခံတန်ဆောင်း၌ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးများ ကပ်လှူပူဇော်ကြသည်။

ထို့နောက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ တော်သလင်းလပြည့် (ဂရုဓမ္မအခါတော်နေ့) အခမ်းအနားကို ဆက်လက်ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များက ဘုရား၊ တရား၊ သံဃာ ဂုဏ်တော်များ ရွတ်ပွားပူဇော်ခြင်း ဗုဒ္ဓ၊ ဓမ္မ၊ သံဃာဝန္ဒနာရှိခိုးခြင်း၊ ဂရုဓမ္မအခါတော်နေ့ဆိုင်ရာ အမေး၊ အဖြေများပြုလုပ်ခြင်း၊ ဂရုဓမ္မငါးပါးသီလအကျိုးအပြစ်လင်္ကာများ ရွတ်ဆိုပူဇော်ခြင်း၊ မေတ္တာဘာဝနာပွားများခြင်းတို့ကို ဆောင်ရွက်ကြသည်။

**ကိုးပါးသီလ ခံယူဆောက်တည်**

ယင်းနောက် ဝါတွင်းသီတင်းသီလခံယူဆောက်တည်ပွဲအခမ်းအနားကို နံနက် ၉ နာရီခွဲတွင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ကျင်းပရာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ကြပြီး ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ စမ်းချောင်းမြို့နယ် နေနတ်သားစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုစိတ္တထံမှ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဘုရားဖူးလာပြည်သူများက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နေနတ်သားစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ သုစိတ္တထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာယူ၍ ရေစက်ချအမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ယင်းနောက် ရောင်တော်ပွင့်တန်ဆောင်း၌ ဆရာတော်၊ သံဃာတော်များအား ဂေါပကအဖွဲ့ဝင်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အလားတူ သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၅ ခုနှစ် တော်သလင်းလပြည့်(ဂရုဓမ္မအခါတော်နေ့) ဓမ္မပူဇာ မင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါစေတီတော်ဂေါပကရုံး အရုဏ်ခံတန်ဆောင်း အပေါ်ထပ်၌ကျင်းပရာ ဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး နတ်ပြဟ္မာများကို ပင့်ဖိတ်ခြင်း၊ သုံးလောကထွတ်ထား မြတ်စွာဘုရားကို ပင့်လျှောက်ခြင်း၊ အဂ္ဂသာဝက နှစ်ဆူဖြစ်တော်မူသော အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန် ရဟန်းမြတ်နှစ်ပါးတို့အား ပင့်လျှောက်ခြင်းတို့ဆောင်ရွက်ပြီး အလှည့်ကျ သဘာပတိဂေါပကအဖွဲ့ဝင် ဦးထွန်းဇော်မြင့်က ဂရုဓမ္မအခါတော်နေ့ ကျင်းပရခြင်းအကြောင်းကို မင်္ဂလာထောမနာစကား ပြောကြားသည်။

ထို့နောက် ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက ဂရုဓမ္မဇာတ်ပါဠိတော်နှင့် မဟာဓမ္မပါလဇာတ်တော် ပါဠိတော်တို့ကို စုပေါင်းရွတ်ဖတ်ပူဇော်ခြင်း၊ မေတ္တာပို့ အမျှပေးဝေခြင်း၊ ဆုတောင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ – ဇော်မင်းလတ်(MNA)**

# (၂၄)ကြိမ်မြောက် ဦးရွှေအောင်ဘုရားကြီးမျက်နှာတော်သစ်ရောင်ခြည်တော်ဖွင့်ခြင်း၊ ဆွမ်းတော်ကြီးကပ်လှူခြင်းနှင့် ဂရုဓမ္မအခါတော်နေ့အကြောင်း ဖတ်ကြားပူဇော်

**မိုးနဲ စက်တင်ဘာ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ကျက်သရေဆောင် ဦးရွှေအောင်ဘုရားအား (၂၄)ကြိမ်မြောက် မျက်နှာတော်သစ်ရောင်ခြည်ဖွင့်ခြင်း၊ ဆွမ်းတော်ကြီးကပ်လှူခြင်းနှင့် ဂရုဓမ္မအခါတော်နေ့ ဖတ်ကြားပူဇော်ခြင်း အခမ်းအနားကို လွိုင်မြေရပ်ကွက်ရှိ ဦးရွှေအောင်ဘုရားဓမ္မာရုံနေရာ၌ ယနေ့နံနက် ၅ နာရီက ကျင်းပသည်။



**ရောင်ခြည်တော်ဖွင့်**

ဦးစွာ မြို့နယ်သံဃနာယကဥက္ကဋ္ဌ အုဌ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဂန္ဓမာ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်နှင့် မြို့နယ်ဂေါပကအဖွဲ့ဝင်များက ဦးရွှေအောင်ဘုရားကြီးအား မျက်နှာတော်သစ် ရောင်ခြည်တော်ဖွင့်ပေးခဲ့ကြပြီး ပရိသတ်အပေါင်းတို့က နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ခြင်း၊ သံဃာတော် အရှင်သူမြတ်များထံမှ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော သီလတော်မြတ်ကို ခံယူဆောက်တည်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ ဆွမ်းတော်ကြီး ကပ်လှူရာတွင် ဆွမ်း ၄၉ ဆုပ်ကို သပိတ်အတွင်းထည့်၍ ကပ်လှူခြင်း၊ ပန်း၊ ဆီမီး၊ ရေချမ်းများကို ကပ်လှူပူဇော်ခြင်းနှင့် သံဃာတော်များအား လှူဖွယ်ဝတ္ထုများ လှူဒါန်းခဲ့ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က ဂရုဓမ္မအခါတော်နေ့ (တော်သလင်းလပြည့်) အကြောင်းကို ဖတ်ကြားပူဇော်ခဲ့သည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# မှော်ဘီမြို့နယ် သမိုင်းဝင်ရွှေမှော်တင်ဘုရား၌ ဆီဆွမ်းလောင်းလှူပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင် ရန်ကုန်တိုင်းဒေသကြီး အစိုးအဖွဲ့၏လမ်းညွှန်မှုဖြင့် မှော်ဘီမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် (၇၅)ကြိမ်မြောက် သံဃဥပုသ်ပြုပွဲနှင့် ဆီဆွမ်းလောင်းလှူပွဲကို ယနေ့မွန်းလွဲ ၁ နာရီက မှော်ဘီမြို့နယ် သမိုင်းဝင်ရွှေမော်တင်စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်၌ ကျင်းပသည်။

(၇၅)ကြိမ်မြောက် ဆီဆွမ်းလောင်းပွဲကြီးကို ၁၃၈၅ ခုနှစ် တော်သလင်းလပြည့်နေ့ မွန်းလွဲ ၁ နာရီ၌ မှော်ဘီမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၁၂၈ ကျောင်းမှ သံဃာအပါး ၃၅၀ ကျော်၊ သီလရှင် အပါး ၁၅၀ ကျော်တို့အား မှော်ဘီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်နှင့် အဖွဲ့ဝင်များ၊ မှော်ဘီမြို့နယ် တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးဇော်မျိုးထက်နှင့် တပ်ရင်းတပ်ဖွဲ့မိသားစုများ၊ မှော်ဘီမြို့နယ် ဌာနဆိုင်ရာများ၊ ကုမ္ပဏီမိသားစုများ၊ စက်ရုံအလုပ်ရုံမိသားစုများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နှင့် ကျေးရွာများမှ အလှူရှင်များ၊ ရပ်နီးရပ်ဝေးမိသားစုများက သမိုင်းဝင်ရွှေမော်တင်စေတီတော်ကြီး၏ ရင်ပြင်တော်ပေါ်တွင် အစဉ်အလာမပျက် ကုသိုလ်ပြု ဆီဆွမ်းလှူဒါန်းခဲ့ကြောင်း သိရသည်။

ဆီဆွမ်းလောင်းပွဲကြီးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ဆီကုန်သည်ကြီးများက အလှူရှင်များအား ဆီပီပါအလုံး ၄၀ ကို ဆီဆိုင် ငါးဆိုင်ဖွင့်လှစ်၍ ရောင်းချပေးခဲ့ကြောင်း သိရသည်။

**ဝင်းဇော်(မှော်ဘီ)**



# ကျိုက်မရောမြို့နယ် ဆုတောင်းပြည့်ဘုရားကြီး၌ ပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ



**ကျိုက်မရော စက်တင်ဘာ ၂၉**

ကျိုက်မရောမြို့နယ်ရှိ သမိုင်းဝင် ဆုတောင်းပြည့်စေတီတော်မြတ်ကြီးရှိ ဘုရားကြီးကျောင်းတိုက်၌ အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲကို စက်တင်ဘာ ၂၇ ရက် ညနေ ၅နာရီက ကျင်းပသည်။

ဦးစွာ ကျိုက်မရောမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးဦးနှင့် ဒါယကာ၊ ဒါယိကာမများက နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကိုဖွင့်လှစ်ပြီး ဘုရားကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝါရိန္ဒ သဒ္ဓမ္မဇောတိကဓဇက မြတ်စွာဘုရားအား ပင့်လျှောက်ကာ ငါးပါးသီလချီးမြှင့်ပြီး ရဟန်းသံဃာတော်များက ပဋ္ဌာန်းတရားတော်များ ရွတ်ဖတ်ပူဇော်ကြကာ စေတနာရှင်၊ အလှူရှင်များက နဝကမ္မ အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

**ကျိုက်မရော(ပြန်/ဆက်)**

# အခွန်ငွေများ ပြည့်ပြည့်ဝဝ ကောက်ခံရရှိနိုင်ရေးအတွက် တာဝန်ရှိသူများက အထူးအလေးထား ကြိုးပမ်းဆောင်ရွက်



**မုံရွာ စက်တင်ဘာ ၂၉**

ဌာနများအနေဖြင့် ကောက်ခံရန်သတ်မှတ်ပေးထားသည့် လျာထားချက်များကို ပြည့်မီကျော်လွန်စွာ ကောက်ခံရရှိနိုင်ရေး၊ အခွန်ငွေများကို တိမ်းရှောင်နေသည့် စီးပွားရေးလုပ်ငန်းများနှင့် ဝန်ဆောင်မှုရယူသူများထံမှ အခွန်အခလွတ်ကင်းလျော့နည်းမှု မရှိစေဘဲ ပြည့်ပြည့်ဝဝကောက်ခံရရှိနိုင်ရေးအတွက် တာဝန်ရှိသူများက အထူးအလေးထား ကြိုးပမ်းဆောင်ရွက်သွားကြရန် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရသင့်ရထိုက်သည့် အခွန်အခများနှင့် ဈေးငွေများ အပြည့်အဝကောက်ခံရရှိရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။

**ပြည့်မီကျော်လွန်စွာ ကောက်ခံရရှိနိုင်ရေး ဆောင်ရွက်**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်က ဘဏ္ဍာနှစ်အလိုက် ဝင်ငွေနှင့်အသုံးစရိတ် မျှတမှုရှိအောင် ဝင်ငွေဖြစ်သည့် ရသင့်ရထိုက်သော အခွန်အခများကို ဥပဒေနှင့်အညီ သတ်မှတ်လျာထားချက် ပြည့်မီကျော်လွန်စွာ ကောက်ခံရရှိနိုင်ရေးအတွက် စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အစည်းအဝေးတက်ရောက်လာသူများ၏ အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး (ပြန်/ဆက်)**

# ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်းဆင်းပွဲ ကျင်းပ

**ညောင်ရွှေ စက်တင်ဘာ ၂၉**

ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် သုံးနှစ်မှ ငါးနှစ် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာအခြေခံသင်တန်းဆင်းပွဲကို ယနေ့နံနက် ၁၀ နာရီက ညောင်ရွှေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက လူမှုဝန်ထမ်းဦးစီးဌာနက လုပ်ငန်းကြီးခုနစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းကြီးခုနစ်ရပ်အနက် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသည် အရေးကြီးကြောင်း၊ ကလေးသူငယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို နည်းစနစ်မှန်ကန်စွာဖြင့် ဆောင်ရွက်ကြရန်၊ ရင်သွေးငယ်များကို အမိဝမ်းတွင်းမှာကတည်းက အာဟာရပြည့်ဝအောင်၊ ပုံမှန်ဖွံ့ဖြိုးလာအောင် ကိုယ်ဝန်ဆောင်စဉ်ကတည်းက ဂရုစိုက်ပြုစုကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး၊ ပြည်နယ်လူမှုရေးရာဝန်ကြီးတို့က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး သင်တန်းသူများက ရိုးရာအကများဖြင့် ဖျော်ဖြေကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ အယ်လ်နီညိုရာသီဥတုကြောင့် မွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများ အသိပညာပေးရက်သတ္တပတ်ဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၁၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ယနေ့နံနက် ၁၁ နာရီတွင် အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်မှုကြောင့် မွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများနှင့် ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြောပွဲကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဒေါက်တာအင်ကြင်းမေက အယ်လ်နီညိုကျရောက်မှုကြောင့် မွေးမြူရေးလုပ်ငန်းတွင် သက်ရောက်မှုအဖြစ် တိရစ္ဆာန်အစာရေစာများရှားပါးလာခြင်း၊ ကျန်းမာရေးထိခိုက်နိုင်ခြင်း၊ တိရစ္ဆာန်များတွင် ထုတ်လုပ်မှုကျဆင်းလာခြင်း၊ ဇီဝကမ္မဗေဒဆိုင်ရာ ဆိုးကျိုးထိခိုက်မှုများဖြစ်လာနိုင်ခြင်း၊ မျိုးပွားထုတ်လုပ်မှုကျဆင်းလာခြင်းနှင့် အစာမှအသားပြောင်းနှုန်းညံ့ဖျင်းလာခြင်း၊ ကူးစက်ရောဂါများအဆိပ်အတောက်ဖြစ်မှုများ မကြာ



ခဏဖြစ်ပွားခြင်း၊ အသက်ဆုံးရှုံးမှုကြုံရနိုင်ကြောင်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကဝမြို့နယ်၌ ဆီထွက်သီးနှံ(ဆောင်းမြေပဲ)တိုးချဲ့စိုက်ပျိုးရေးနှင့် အထွက်နှုန်းတိုးတက်ရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**ကဝ စက်တင်ဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ ဆီထွက်သီးနှံ(ဆောင်းမြေပဲ) တိုးချဲ့စိုက်ပျိုးရေးနှင့် အထွက်နှုန်းတိုးတက်ရေးအတွက် တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက ကဝမြို့နယ်အတွင်း ဆီထွက်သီးနှံ(ဆောင်းမြေပဲ) စိုက်ဧကတိုးချဲ့နိုင်ရေး၊ ဆီဖူလုံရေးနှင့် အထွက်နှုန်းကောင်းမွန်သည့် ဗီယက်နမ်မြေပဲမျိုးများ ပြောင်းလဲစိုက်ပျိုးရေး ဆွေးနွေးပြောကြားကာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးရဲကိုကိုက နိုင်ငံ့စီးပွားမြှင့်တင်ရေးအစီအစဉ်ဖြင့် ဗီယက်နမ်မြေပဲစိုက်ပျိုးနည်းစနစ်များနှင့် ဗီယက်နမ်မြေပဲမျိုး ဖြန့်ဖြူးဆောင်ရွက်သွားမည့် အခြေအနေအား ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် ကဝမြို့နယ်တွင် မြေပဲစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းသည့် မြေပဲစိုက်တောင်သူများဖြစ်သော အေးရွာသစ်ကျေးရွာမှ ဦးကျော်နိုင်ဦးနှင့် မကျက်ကြီးကျေးရွာမှ ဦးကြည်လွင်တို့က ဗီယက်နမ်မြေပဲစိုက်ပျိုးအောင်မြင်မှု အခြေအနေများအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ကဝမြို့နယ်အတွင်း ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ဆီထွက်သီးနှံ (ဆောင်းမြေပဲ) ဧက ၁၁၀၀၀ စိုက်ပျိုးနိုင်ရေးအတွက် မျိုးကောင်းမျိုးသန့်များအား တောင်သူများလက်ဝယ်သို့ ဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ကွမ်းခြံကုန်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၁၆ ခု အကောင်အထည်ဖော်ဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စက်တင်ဘာ ၂၉ ရက်အထိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၁၆ ခု မြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စက်တင်ဘာ ၂၉ ရက်က တွံတေးခရိုင် ကျေးလက်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနေဝင်းက မြို့နယ်ရုံးရှိ ဝန်ထမ်းများနှင့် တွေ့ဆုံကာ မြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အချိန်မီပြီးစီးရေးဆောင်ရွက်သွားရန် ရှင်းလင်းပြောကြားခဲ့ပြီး ဒုတိယသုံးလပတ်အတွင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်နေသည့်လုပ်ငန်းစာရင်းဇယားများကို စစ်ဆေးသည်။

ကွမ်းခြံကုန်းမြို့နယ်အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ကုန်ထုတ်လမ်း တစ်ခု၊ Box Culvert နှစ်စင်းလုပ်ငန်းတစ်ခုနှင့် ကျေးလက်ရေပေးရေးလုပ်ငန်း ၁၄ ခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ထိုင်းနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံ ကုန်သွယ်မှုပမာဏကို ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံအထိ တိုးမြှင့်မည်

ဖနောင်ပင် စက်တင်ဘာ ၂၉

ထိုင်းဝန်ကြီးချုပ် ဆရက်သာ သာဗီဆင်နှင့် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်မာနက်တို့ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တော်၌ ယမန်နေ့က တွေ့ဆုံခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ်နှစ်ဦးက စီးပွားရေး၊ ကုန်သွယ်မှုနှင့် ရာဇဝတ်မှုတန်ပြန်ရေး အစီအမံများအပါအဝင် အခြားသောဒေသတွင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယခုခရီးစဉ်သည် ထိုင်းဝန်ကြီးချုပ် ဆရက်သာ သာဗီဆင် ရာထူးအာဏာစတင်ထမ်းဆောင်သည့် အချိန်မှစပြီး ပထမဆုံး နိုင်ငံခြားခရီးစဉ်ဖြစ်သည်။ အလားတူ ဝန်ကြီးချုပ် ဟွန်မာနက်ကလည်း ၎င်း၏နိုင်ငံအတွင်း နိုင်ငံခြားခေါင်းဆောင်တစ်ဦးကို ပထမဆုံးအကြိမ် လက်ခံတွေ့ဆုံခြင်းဖြစ်သည်။

ဝန်ကြီးချုပ်များက နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏကို ၂၀၂၅ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၁၅ ဘီလီယံအထိ တိုးမြှင့်မည်ဟု ကတိပြုခဲ့ကြသည်။

ဒေသတွင်း၌ မိုဘိုင်းဖုန်းအသုံးပြု၍ လိမ်လည်ခြင်းကဲ့သို့သော နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုများကိုလည်း ထိထိရောက်ရောက် ဆောင်ရွက်ရန် သဘောတူညီခဲ့ကြောင်း သိရသည်။

ထို့ပြင် ဝန်ကြီးချုပ်နှစ်ဦးက ကမ္ဘောဒီးယားနိုင်ငံ နယ်စပ်မြို့တစ်မြို့၌ တည်ရှိသည့် လူကုန်ကူးခံရသူများကို ပြန်လည်ထူထောင်ရေးနှင့် ဆေးဝါးကုသရေးစင်တာဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ယင်းစင်တာကို ထိုင်းနိုင်ငံက ရန်ပုံငွေအချို့ မတည်ပေးထားကြောင်းသိရသည်။ ထိုင်းဝန်ကြီးချုပ် ဆရက်သာ သာဗီဆင်က ဩဂုတ်လနှောင်းပိုင်းတွင် ဝန်ကြီးချုပ်ရာထူးကို စတင်ထမ်းဆောင်ခဲ့သည်။



ကမ္ဘောဒီးယား ဝန်ကြီးချုပ်ဟွန်မာနက်က ၎င်း၏ဖခင်ဖြစ်သူ ဟွန်ဆန်၏နေရာကို ဆက်ခံခဲ့သည်။ ၎င်း၏အာဏာရပါတီသည် ဇူလိုင်လတွင် ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲ၌ အပြတ်အသတ်အနိုင်ရရှိခဲ့သည်။ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်



# တရုတ်နိုင်ငံက လကမ္ဘာစူးစမ်းလေ့လာရေးယာဉ် ချန်အီ -၆ ကို ၂၀၂၄ ခုနှစ်တွင် လွှတ်တင်မည်

ပေကျင်း စက်တင်ဘာ ၂၉

တရုတ်နိုင်ငံက လကမ္ဘာစူးစမ်းလေ့လာရေးယာဉ်ချန်အီ -၆ ကို ၂၀၂၄ ခုနှစ်တွင် လွှတ်တင်မည်ဖြစ်ပြီး အဆိုပါ လဆင်းယာဉ်လွှတ်တင်နိုင်ရေးအတွက် ယခုအချိန်တွင် လုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်နေကြောင်း တရုတ်အမျိုးသားအာကာသ အုပ်ချုပ်ရေးအဖွဲ့က စက်တင်ဘာ ၂၉ ရက်တွင် ပြောကြားသည်။

၎င်းလ၏ကမ္ဘာစူးစမ်းလေ့လာရေးယာဉ်သည် လ၏အစွန်အဖျားမှ နမူနာများကို စုဆောင်းမည်ဖြစ်သည်။ ၎င်းသည် လ၏တောင်ဝင်ရိုးစွန်းသို့ ဆင်းသက်ရန် ရည်ရွယ်ပြီး လ၏နမူနာများကို စူးစမ်းရှာဖွေစုဆောင်းရေးအတွက် ဆောင်ရွက်မည်ဖြစ်သည်။ လနှင့် ကမ္ဘာအကြား ဆက်သွယ်ရေးကို ပံ့ပိုးပေးရန် အတွက် တရုတ်နိုင်ငံသည် ၎င်း၏ အသစ်တီထွင်ထားသော ဂြိုဟ်တု Queqiao-2 ကို ၂၀၂၄ ခုနှစ် ပထမနှစ်ဝက်တွင် လွှတ်တင်ရန် စီစဉ်နေကြောင်း တရုတ်အမျိုးသားအာကာသ အုပ်ချုပ်ရေးအဖွဲ့က ထပ်လောင်းပြောကြားသည်။

ချန်အီ-၆ လကမ္ဘာစူးစမ်းလေ့လာရေးယာဉ်သည် ပြင်သစ်၊ အီတလီ၊ ပါကစ္စတန်နှင့် ဥရောပအာကာသအေဂျင်စီတို့မှ အာကာသဆိုင်ရာပစ္စည်းများကို လကမ္ဘာသို့ သယ်ဆောင်သွားမည်ဖြစ်သည်။ ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

# ဟွန်ဒါ ကားကုမ္ပဏီက Prologue မော်ဒယ် လျှပ်စစ်ကားအမျိုးအစားကို ပထမဆုံး ပြသ

ဝါရှင်တန် စက်တင်ဘာ ၂၉

ဟွန်ဒါ ကားကုမ္ပဏီက အမေရိကန်နိုင်ငံ၌ လျှပ်စစ်ကားများ ထုတ်လုပ်မှုကို စတင်လျက်ရှိရာ လာမည့်နှစ်အစောပိုင်းတွင် အမေရိကန်စျေးကွက်၌ ၎င်း၏ပထမဆုံး EV လျှပ်စစ်ကားများကို စတင်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

ဟွန်ဒါ ကားကုမ္ပဏီက ၎င်း၏ Prologue မော်ဒယ် လျှပ်စစ်ကားအမျိုးအစားကို မီချီဂန်ပြည်နယ်တွင် ပထမဆုံး ပြသခဲ့သည်။ Prologue မော်ဒယ် လျှပ်စစ်ကားအမျိုးအစားကို အမေရိကန် ကားကုမ္ပဏီကြီး General Motors နှင့် ပူးပေါင်းတီထွင်ခဲ့သည်။

အဆိုပါလျှပ်စစ်ကားများ၏ အပြင်ပိုင်းနှင့် အတွင်းပိုင်းကို ဟွန်ဒါ ကားကုမ္ပဏီက ထုတ်လုပ်ခဲ့သည်။ အမေရိကန် ကားကုမ္ပဏီကြီး General Motors က တစ်ကြိမ်အားသွင်းရုံဖြင့် ကီလိုမီတာ ၄၈၀ အကွာအဝေးသို့ မောင်းနှင်နိုင်သည့် ဘက်ထရီကို ထောက်ပံ့ပေးကြောင်း သိရသည်။

Prologue ဆိုသည့် နာမည်သည် အမေရိကန်လျှပ်စစ်ကားစျေးကွက်တွင် အသစ်အဆန်းတစ်ခုဖြစ်ပါကြောင်းနှင့် ယင်းအမျိုးအစားနှင့် လျှပ်စစ်ကားရောင်းအားကို မြှင့်တင်သွားမည်ဖြစ်ပါကြောင်း ဟွန်ဒါ ကားကုမ္ပဏီမှ တာဝန်ရှိသူ မတ်ဆူရာ ဟီရိုကာဇူက ပြောကြားသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ဦးဆောင်သည့် အစိုးရအဖွဲ့သည် ဖန်လုံအိမ်ဓာတ်ငွေ့ လျှော့ချရေးလုပ်ငန်းစဉ်အဖြစ် လျှပ်စစ်ကားများအသုံးပြုမှုကို ပိုမိုတွင်ကျယ်လာစေရန် ကြိုးပမ်းလျက်ရှိသည်။

ယခုနှစ် ဧပြီလမှ ဇွန်လအထိ အမေရိကန်နိုင်ငံ၌ ရောင်းချသည့် ကားအသစ်များ၏ ၇ ရာခိုင်နှုန်းကျော်သည် လျှပ်စစ်ကားများဖြစ်ကြောင်း သိရသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်



# ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ်၌ ပေါက်ကွဲမှုဖြစ်ပွား

အစ္စလာမ်မာဘတ် စက်တင်ဘာ ၂၉

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ် မက်စတန်ခရိုင်တွင် စက်တင်ဘာ ၂၉ ရက်က ဖြစ်ပွားခဲ့သော ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူ ဦးရေ ၅၀ အထိ မြင့်တက်လာခဲ့ကြောင်း ရဲတပ်ဖွဲ့နှင့် ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ပြည်နယ်မြို့တော် ကိုတာမြို့ရှိ အကြမ်းဖက်မှုနှိမ်နင်းရေးဌာန ရဲတပ်ဖွဲ့၏ လက်ထောက်စစ်ဆေးရေးမှူး အာတက်အာမက်က လက်ရှိတွင် ဒဏ်ရာရရှိသူ အများအပြား ကုသမှုခံယူနေပြီး သေဆုံးသူအရေအတွက်မှာ တိုးလာနိုင်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

ပဏာမ အစီရင်ခံစာများနှင့် ရဲတပ်ဖွဲ့၏ စုံစမ်းစစ်ဆေးမှုများအရ ၎င်းဖြစ်စဉ်သည် အသေခံ ဗုံးခွဲမှုဖြစ်ကြောင်းနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက အဆိုပါ ပေါက်ကွဲမှု၏ ဖြစ်စဉ်ကို သိရှိနိုင်စေရန် မှုခင်းဆိုင်ရာ အထောက်အထားများ စုဆောင်းနေကြောင်း သိရသည်။

ဘာသာရေးအဆောက်အအုံတွင် ဝတ်ပြုဆုတောင်းနေစဉ် ပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ကယ်ဆယ်ရေးအဖွဲ့များက အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်ကာ ဒဏ်ရာရသူများကို ခရိုင်အတွင်းရှိ နီးစပ်ရာဆေးရုံများသို့ ပို့ဆောင်ပေးခဲ့သည်။ ဒဏ်ရာရသူများထဲမှ အများအပြားသည် ဒဏ်ရာ ပြင်းထန်သည့် အခြေအနေတွင် ရှိနေကြပြီး ဆေးကုသမှုခံယူရန်အတွက် ပြည်နယ် မြို့တော်ကိုတာသို့ ထပ်မံပြောင်းရွှေ့ထားကြောင်း သိရသည်။

တိုက်ခိုက်မှုအတွက် မည်သည့်အဖွဲ့ကမှ တာဝန်ရှိကြောင်း ထုတ်ဖော်ပြောဆိုခြင်းမရှိသေးပေ။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ



# ဗီယက်နမ်နိုင်ငံ၏ သစ်တော၊ ငါးလုပ်ငန်းနှင့် စိုက်ပျိုးရေးကဏ္ဍမှ ကုန်သွယ်မှုတန်ဖိုး စံချိန်တင်မြင့်တက်

ဟနွိုင်း စက်တင်ဘာ ၂၉

ဗီယက်နမ်နိုင်ငံ၏ သစ်တော၊ ငါးလုပ်ငန်းနှင့် စိုက်ပျိုးရေးကဏ္ဍတွင် ယခုနှစ်ပထမကိုးလအတွင်း ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၈ ဒသမ ၀၄ ဘီလီယံရရှိခဲ့ကြောင်း စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ပြောကြားသည်။

ယင်းပမာဏသည် အထက်ပါကဏ္ဍများတွင် လျာထားချက်ထက် ပြည့်မီကျော်လွန်၍ အမြတ်ငွေရရှိခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အဆိုပါကိုးလအတွင်း စိုက်ပျိုးရေး၊ သစ်တောနှင့် ရေထွက်ကုန်ပစ္စည်းများ ရောင်းချခြင်းမှ အမြတ်ငွေအမေရိကန်ဒေါ်လာ ၆၈ ဒသမ ၉၂ ဘီလီယံရရှိခဲ့သည့်အနက် အမြတ်ငွေ အမေရိကန် ဒေါ်လာ ၃၈ ဒသမ ၄၈ ဘီလီယံမှာ ပြည်ပပို့ကုန်တင်ပို့ခြင်းမှ ရရှိခြင်းဖြစ်သည်။ ၎င်းကဏ္ဍမှ ထုတ်ကုန်များကို တရုတ်နိုင်ငံက အများဆုံးဝယ်ယူပြီး တရုတ်နိုင်ငံသို့ တင်ပို့မှုရာခိုင်နှုန်းမှာ ၂၂ ဒသမ ၁ ရာခိုင်နှုန်းရှိသည်။ နိုင်ငံအတွင်းယမန်နှစ်က စိုက်ပျိုးရေး-သစ်တောနှင့် ရေထွက်ကုန်ပစ္စည်း ပြည်ပတင်ပို့ခြင်းမှ အမြတ်ငွေ အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၂ ဘီလီယံကျော်ရရှိခဲ့သည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ

# ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ငွေကျပ်သိန်း ၆၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား လေးသိန်း သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၉**

ရန်ကုန် တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ငွေကျပ်သိန်း ၆၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား လေးသိန်း သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၄ ရက် ည ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အမှတ်(၃) လမ်းဆုံတွင် သတင်းအရ စောင့်ဆိုင်းနေစဉ်ကြိုတင်သတင်း ရရှိထားသည့် CROWN ယာဉ် ရောက်ရှိလာပြီး အဆိုပါယာဉ်အနီး


သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

သို့ BMW ယာဉ်တစ်စီး ထပ်မံရောက်ရှိလာသဖြင့် ရှာဖွေစစ်ဆေးခဲ့ရာ မဝတ်မှုန် မောင်းနှင်သည့် CROWN ယာဉ်ပေါ်မှ ဒေသကာလ တန်ဖိုးငွေကျပ် သိန်း ၆၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား လေးသိန်း ရှာဖွေတွေ့ရှိခဲ့ပြီး လွင်မိုးအောင် မောင်းနှင်သည့် BMW ယာဉ်ပေါ်မှ ပိုင်စိုး၊ ငြိမ်းချမ်းကျော် (ခ) ကိုမင်းနှင့် မသူဇာဝင်းတို့ကို တွေ့ရှိရသဖြင့် စစ်ဆေး ဖော်ထုတ်ချက်အရ ၎င်းတို့သည် သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမှ တနင်္သာရီတိုင်းဒေသကြီး မြိတ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်းနှင့် အမှုတွင် ဆက်စပ်ပါဝင်သူများ ပိုင်ဆိုင်သည့် ငွေကြေး အကျိုးအမြတ်နှင့် ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၂၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော် ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**အမှုဖွင့်လှစ်အရေးယူ**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Yi Yi Lwin” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့ မြို့မရပ်ကွက်နေ ရီရီလွင်အား ည ၈ နာရီ ၄၅ မိနစ်တွင် မိုးညို မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက် ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်းသိရသည်။

**သတင်းစဉ်**

■

(၇၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၄) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ဒုတိယရဲမှူးကြီး ဇေယျာဝင်း ဦးဆောင်၍ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင် ၆၀ ခန့်က စက်တင်ဘာ ၂၈ ရက်တွင် ရခိုင်ပြည်နယ် မောင်တောမြို့ မောရဝတီ ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ကြစဉ်။

ခရိုင်(ပြန်/ဆက်)





(၇၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းထွေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးငွေးနိုင်၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး သန်းဇော်ထွေး၊ အမှတ်(၆၁)ယာဉ်ထိန်းတပ်ဖွဲ့စုမှ ဒုတိယရဲမှူး ဇော်လင်းထွန်း၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့မှ ရဲအုပ်နိုင်ဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက တိုက်ကြီးမြို့နယ် ဇောမိကုန်းရပ်ကွက်ရှိ ကိုးနဝင်းဘုန်းတော်ကြီးကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

ရဲပြန်ကြား

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၉**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၀-၉-၂၀၂၃ စနေနေ့

**MRTV HD**

၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တာသုတ်၊ ရတနသုတ် တောရှုက်သုတ်၊ အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၇:၃၅ Weekly Sports Info
၀၈:၃၅ Asian Games Daily Highlights
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ လူငယ်ရေးရာအစီအစဉ်
၁၁:၄၀ တိုင်းရင်းသားရိုးရာအစားအစာချက်ပြုတ်နည်းများ
၁၂:၃၅ ရုပ်မြင်သံကြားဇာတ်လမ်း 'ရှိသေစွာကိုင်တွယ်ခြင်းဖြင့်'
၁၃:၃၀ MRTV National News
၁၄:၂၅ မိုးဝုဏ်တင့်စေဆိုကရေးတီးအဖွေ
၁၄:၄၅ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ဂုဏ်ပြုဇာတ်လမ်း **'ဘဝသည်းဘာအလှသည်းဘာ'**
၁၆:၃၅ ပုံပြင်ကမ္ဘာအစီအစဉ် **'သန့်ရှင်းသောလက်'**
၁၆:၄၅ ရှုပွယ်စုံလင်အာဆီယံအစီအစဉ်
၁၇:၁၅ ရသစုံစွာ ဤမြေကမ္ဘာ
၁၇:၃၀ တစ်နိုင်တစ်ပိုင်မှသည် ငွေးထွေးသော အသိုက်အဝန်းဆီသို့
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
၁၉:၀၀ **"ပေါက်ပေါက်ပေတ္တာ"**
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ ဟာသမြို့တော် (ရယ်စရာစင်တင်ဟာသတစ်ခန်းရပ်) **"မငံလာမှမငံလာသို့"**
၂၁:၂၀ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ဂုဏ်ပြုဇာတ်လမ်း **"ကျောင်းစဉ်တန်းတို့ထွန်းတောက်ချိန်"** (ပထမပိုင်း)

**mitv**

07:02 Evergreen Classic: Mi Ba Kyay Zuu Sat Phuu Bi Lar (Ei Ei Mon)
07:11 Weekly Review
07:27 Bottle Gourd Painting
07:33 Listening Pleasure, Instrumental Music (Xylophone) The Outstanding Ones
07:44 Myanmar Family Life: Organic Farm
08:01 News
08:27 Inlay Traditional Cotton Clothes
08:35 Quiz Time (Ep-49) 1 A
09:01 Quiz Time (Ep-49) 1 B
09:47 Done Nyaung Hmaing: A New Tourism Spot
10:01 News
10:27 Beasts of Asia (Indonesia)
10:42 Products of Myanmar - Kachin Traditional Knife

**MRTV NRC**

**မွန် (၀၆:၀၀ မှ ၀၈:၀၀)**
မွန်ဘာသာစကားပြောကြရအောင်(အပိုင်း-၆)
**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)**
လက်ဝဲသလုံးတော်စာတ်စေတီအကြောင်း
**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)**
ပုံးအင်းဒေသ လေ့လှော်ပြိုင်ပွဲ
**ဝ (၁၂:၀၀ မှ ၁၄:၀၀)**
'ဝ' ရိုးရာတူရိယာအကြောင်း
**ကချင် (၁၄:၀၀ မှ ၁၆:၀၀)**
ခွေးရိုးရာဒေါင်းပေါင်းပေါင်းနည်း
**ကယား (၁၆:၀၀ မှ ၁၈:၀၀)**
ကယားဘာသာစကားပြောကြရအောင် (အပိုင်း-၁၄)
**ဝကကကရင် (၁၈:၀၀ မှ ၁၉:၀၀)**
ရှင်သီဝလိမြေရာတော်သို့အလည်တစ်ခေါက်
**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
ကျောက်ဖရုံသီးအစွမ်းအံ့မခန်း
**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ဟားစည်မြေမှရိုးရာအလှ(အပိုင်း-၂)
**ချင်း(လိုင်ဇို) (၂၁:၀၀ မှ ၂၂:၀၀)**
နလုံးကျန်းမာရေးအကြောင်းသိကောင်းစရာ
**ချင်း(ချိုး) (၂၂:၀၀ မှ ၂၃:၀၀)**
ဆပ်ဝါထမင်းသုပ်နှင့် ဝက်နံရိုးချဉ်ရည်ဟင်း

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၄၅ ရှေ့သို့ချီမည်ပန်းတိုင်ဆီ
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၁၀:၄၅ လူငယ်တို့အတွက်လမ်းပြကြယ်
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၃:၁၅ Bird's Eye View
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ကံဝင်းပဲ'**
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်း
၁၀:၃၀ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ) (အပိုင်း-၁)
၁၁:၃၀ ရှေ့သို့ချီမည်…ပန်းတိုင်ဆီ (အပိုင်း-၆)

**MRTV FARMERS' Channel**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၁၅ တောင်သူများအထောက်အပံ့ဖြစ်စေဖို့ ပျားမွေးမြူကြစို့
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၀၀ Gay Party (ဇာတ်လမ်း)
၁၉:၃၀ How to Harvest Sunflower Seed and Sunflower Oil Processing in Factory/Agriculture Technology
၂၂:၀၀ ငှါးရင်ထဲကလိပ်ပြာ (ဇာတ်လမ်း)
၂၃:၃၀ 2023 HUGE EGETABLE HARVEST

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၀ Sports Diary
၁၆:၃၀ MNL 2022 Match (Replay)
၁၈:၀၀ အားကစားသတင်း
၁၈:၂၀ 19th Asia Games Highlight

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် MNDAA အဖွဲ့ဝင်များအား ကြိုဆိုလက်ခံပွဲ ပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၂၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ သီးသန့်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ယင်းသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သတင်းထုတ်ပြန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကို ကြိုဆိုလက်ခံလျက်ရှိရာ MNDAA အဖွဲ့ဝင် ၂၈ ဦးသည် ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်လိုခြင်း၊ တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ယုံကြည်လက်ခံခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်ပြီး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ကြရာ ပြန်လည်ကြိုဆိုလက်ခံပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် လောက်ကိုင်မြို့ရှိ နယ်မြေခံတပ်နယ်ခန်းမ၌ ပြုလုပ်သည်။

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေး ပြောကြားကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် MNDAA အဖွဲ့ဝင်အမျိုးသား ၂၀ နှင့် အမျိုးသမီး ရှစ်ဦးတို့သည် ၎င်းနှင့်အတူပါလာသော လက်နက်ငယ်မျိုးစုံ ၁၂ လက်၊ ကျည်အိမ်မျိုးစုံ ၁၂ ခု၊ ခဲယမ်းမျိုးစုံ ၂၁၇ တောင့်နှင့် လက်ပစ်ဗုံး ငါးလုံးတို့ကို တာဝန်ရှိသူများ ထံအပ်နှံကြသည်။ ထို့နောက် တာဝန်ရှိသူများကထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြရာ အလင်းဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။




ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ လက်နက်/ခဲယမ်းများ ပါရှိမှုအတွက် ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ထောက်ပံ့ပေးအပ်လျက်ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မင်္ဂလာဒုံမြို့နယ်၌ ခွေးရူးရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေး

**မင်္ဂလာဒုံ စက်တင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ခွေးရူးရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံခြင်းများကို ယနေ့ နံနက် ၉ နာရီက ခွေးနှင့်ကြောင်များအား မင်္ဂလာဒုံမြို့နယ်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး၌ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

မင်္ဂလာဒုံမြို့နယ်ရှိ ခွေးနှင့် ကြောင် အကောင် ၁၅၀ ကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာ နေခြည်နွေးနှင့် ဝန်ထမ်းများက ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်း၍ ကာကွယ်ဆေးများ အခမဲ့ ထိုးနှံပေးခဲ့ကြောင်း၊ ကွင်းဆင်းချိန်အတွင်း အကြောင်းအမျိုးမျိုးကြောင့် ကာကွယ်ဆေးထိုးနှံခွင့်မရသည့် ခွေးနှင့် ကြောင်များကိုလည်း မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး၌ အခမဲ့ထိုးနှံ



ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ဥတိုကျေးရွာ အောင်ချမ်းသာဆုတောင်းပြည့်စေတီတော်ဝင်းတွင် စက်တင်ဘာ ၂၉ ရက် နံနက် ၇နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကျော်မိုးနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူးဝင်းဇော်တို့၏ ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင် ၄၅ ဦး၊ မိသားစုစည်းကမ်းထိန်းသိမ်းရေးကော်မတီဝင် ၂၀ တို့က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ အောင်သူ(ပြန်/ဆက်)



(၅၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှည်းကူးမြို့ သာသနာ့ရိပ်သာရပ်ကွက်ရှိ မဟာဇေယျမင်း ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ရန်ကုန်တိုင်းဒေသကြီး စက်တင်ဘာ ၂၉ ရက်က လှည်းကူးခရိုင် ရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီး ငွေအောင် ဦးစီး၍ ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ မြင့်ဦး

# ဟင်္သာတမြို့နယ်၌ ပဆင-ဒူးယား-ရွှေတောင်သာရလမ်း တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**ဟင်္သာတ စက်တင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဟင်္သာတ



မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ပဆင-ဒူးယား-ရွှေတောင်သာရလမ်း ကျောက်ချောလမ်းခင်းခြင်းနှင့် မြေသားတာပေါင်ချဲ့ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေအား ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

အဆိုပါ လုပ်ငန်းများပြီးစီးမှုအခြေအနေများကို ဧရာဝတီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးထွေးကိုကို၊ ဟင်္သာတခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ဦးကိုကိုသိန်းဇော်လင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းအား တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေကျပ် ၉၃ ဒသမ ၁၇၅ သန်းဖြင့် ဌာနမှတာဝန်ယူဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးပါက ကျေးရွာ ၂၁ ရွာ၊ အိမ်ခြေ ၁၇၉၄ အိမ်၊ လူဦးရေ ၇၅၆၅ ဦးတို့ကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မင်္ဂလာတောင်ညွန့်မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဆင်းပွဲ ပြုလုပ်

**ရန်ကုန် စက်တင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် ကူးတို့ဆိပ်ရပ်ကွက်ရှိ မြို့နယ်မီးသတ်ဦးစီးဌာန သင်တန်းခန်းမ၌ ယနေ့နံနက် ၉ နာရီ က အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ မင်္ဂလာတောင်ညွန့်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးကျော်ကျော်က မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက် တာဝန်(၄)ရပ်ဖြစ်သည့် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေး တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စည်းကမ်းကောင်းမွန်ပြီး စွမ်းရည်ပြည့်ဝစွာ ပါဝင်ဆောင်ရွက်နိုင်ရေး ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့မှ ရဲမှူး မျိုးမျိုးထွန်းက သင်တန်းသား ၅၀ အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့် (ပြန်/ဆက်)**



# ဒေသတစ်ခု ထုတ်ကုန်တစ်မျိုးအဖြစ် ဆောင်ရွက်လျက်ရှိသည့် စံဖွံ့ဖြိုးသစ်အချောထည်လုပ်ငန်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဦးတည်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များချမှတ်၍ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ရင်းနှီးမတည်ငွေများ ထုတ်ချေးပေးလျက်ရှိပြီး ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဝင်ငွေတိုးပွားစေရေးတို့အတွက် လိုအပ်သည့် သွင်းအားစုများ၊ နည်းပညာ၊ စက်ကိရိယာနှင့် အရင်းအနှီးများ ကူညီဆောင်ရွက်ပေးနေသည်။ ထို့အပြင် သစ်အချောထည်ပစ္စည်းများကို နယ်စပ်ကုန်သွယ်မှုမှတစ်ဆင့် ပြည်ပသို့ တင်ပို့လိုခြင်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရေး တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။

**တွေ့ဆုံမေးမြန်း - ရွှေပင်လယ် (IPRD)၊**
**ဓာတ်ပုံ- နေရည်ဝန်းရွှေ (လယ်ဝေး)**

One Region One Product (OROP) အစီအစဉ်သည် ဒေသအလိုက် အဓိကကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်ရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSME) ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ဆောင်ရွက်နေခြင်းဖြစ်သည်။ ဒေသထွက်ကုန်ကြမ်းများကို အခြေခံ၍ ကုန်ထုတ်လုပ်မှု တိုးတက်စေရန် ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတစ်ခု ထုတ်ကုန်တစ်မျိုးလုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိသည့် လယ်ဝေးမြို့နယ်မှ စံဖွံ့ဖြိုးသစ်အချောထည်လုပ်ငန်းရှင် ဦးဝင်းအောင်နှင့် တွေ့ဆုံမေးမြန်းထားမှုကို တင်ပြလိုက်ပါသည်။

**မေး ။ ။ သစ်အချောထည်လုပ်ငန်းကို ဘယ်အချိန်က စလုပ်ကိုင်ဖြစ်ခဲ့ပါသလဲ။**

ဖြေ ။ ။ ၂၀၀၆ ခုနှစ် နေပြည်တော်တည်ခါစမှာ စတင်လုပ်ကိုင်ခဲ့တာဖြစ်ပါတယ်။

**မေး ။ ။ သစ်အချောထည်လုပ်ငန်းအတွက် ကုန်ကြမ်းကိုဘယ်ကနေ ရရှိပါသလဲ။**

ဖြေ ။ ။ ကိုယ်ပိုင်သစ်တောစိုက်ခင်း ဧက ၇၅၀ စိုက်ထားပါတယ်။ ၂၀၀၈ ခုနှစ်ကတည်းက စိုက်ထားတာဖြစ်တဲ့အတွက် ပင်ကျပ်နုတ်ပြီး သုံးလို့ရပါတယ်။ နောက်တစ်ခုက သစ်တင်ဒါဆွဲပြီး တော့လည်း ရပါတယ်။

**မေး ။ ။ စံဖွံ့ဖြိုးသစ်အချောထည်လုပ်ငန်းမှာ ဘယ်လို သစ်အမျိုးအစားကို အသုံးပြုပါသလဲ။**

ဖြေ ။ ။ အဓိကကတော့ ကျွန်းပဲအသုံးပြုပါတယ်။ တခြားသစ်တွေကို သုံးရတာလည်း ရှိပါတယ်။ အခုတော့ ကျွန်းစင်းဘုတ်ပြားတွေကို အသုံးပြုရတာ များပါတယ်။

**မေး ။ ။ စံဖွံ့ဖြိုးသစ်အချောထည်လုပ်ငန်းအနေနဲ့ ပရိဘောဂပစ္စည်းတွေဆောင်ရွက်တဲ့နေရာမှာ ထူးခြားတဲ့အချက်တွေက ဘာတွေဖြစ်မလဲ။**

ဖြေ ။ ။ အဆောက်အအုံရဲ့အတွင်းထဲမှာသုံးတဲ့ ပရိဘောဂတွေ ပြုလုပ်ရာမှာ အသံတွေ ပဲ့တင်သံမဖြစ်အောင် ပြုလုပ်တာမျိုးရှိပါတယ်။ ပရိဘောဂတွေကို frame ရိုက်ရင် Box လေးတွေ ထည့်ရိုက်ရပါတယ်။ အသံက တစ်သံနဲ့တစ်သံ ထိလို့သာ ပဲ့တင်သံဖြစ်တာ၊ အဲဒီအသံတွေကိုစုပြီး ပြန်ထွက်သွားတဲ့စနစ်ကို လုပ်ရပါတယ်။ Acoustic System လို့ခေါ်တဲ့ အသံထိန်းတဲ့စနစ်ကို ပဲ့တင်သံမပါအောင် ဆောင်ရွက်ရတာမျိုး အခန်းထဲမှာ စကားပြောရင် စကားလုံးတွေ ပြတ်ပြတ်သားသားကြားနိုင်ဖို့ကအစ ဆောင်ရွက်ပါတယ်။ နောက်တစ်ခုက စတိတ်စင်ကြမ်းခင်း ပြုလုပ်တဲ့နေရာမှာ စတိတ်ပေါ်တက်ပြီး စကားပြောဖို့ စင်ပေါ်တက်ရင် ဖိနပ်သံမမြည်အောင် စတိတ်စင်ရဲ့ ကြမ်းပြင်ပေါ်မှာ တစ်ပေပတ်လည် အကွက်တွေ ရိုက်ရပါတယ်။ ခြေနင်းတဲ့ခွက်ထဲမှာ Glass Wool လို့ခေါ်တဲ့ အသံထိန်းတဲ့ ဂွမ်းမွေးတွေ ထည့်ရပါတယ်။ လူတစ်ယောက်က မတ်တတ်ရပ်လိုက်ရင် ခြေလှမ်းက ၂၂ လက်မရှိတယ်။ ခြေနှစ်ဖက်ရဲ့ အကွာအဝေးက ၁၃ လက်မရှိတယ်။ ပခုံးကို တိုင်းကြည့်လိုက်ရင်ရတယ်။ ဒီလိုလုပ်ထားခြင်းအားဖြင့် ခြေထောက်နှစ်ချောင်းလုံးဟာ တစ်နေရာတည်းမှာ စုရပ်နေတာမျိုး မဖြစ်တော့ဘူး။ အဲဒီတော့ ပဲ့တင်သံ မထွက်



တော့ဘူး။ ဒါမျိုးတွေ အလေးထားပြီး ဆောင်ရွက်ပါတယ်။

**မေး ။ ။ စံဖွံ့ဖြိုးသစ်အချောထည်လုပ်ငန်းမှာ ပစ္စည်းအမျိုးအစားပေါင်း ဘယ်လောက်ထုတ်လုပ်ပါသလဲ။**

ဖြေ ။ ။ ပရိဘောဂ အမျိုးအစားပေါင်း ၇၀ ကျော်လောက် ထုတ်လုပ်ပါတယ်။ တခြား အမည်တူ ပုံစံကွဲတွေလည်း အများကြီးပါပဲ။ အိမ်ရာတွေအတွက် သစ်အချောထည်လုပ်ငန်းကို ဖြည့်သွင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး ။ ။ သစ်အချောထည်ပစ္စည်းတွေကို ဘယ်ဒေသတွေကို ပို့ပါသလဲ။ ပြည်ပကိုပို့တာ ရှိပါသလား။**

ဖြေ ။ ။ နေပြည်တော်အတွင်းရယ်၊ အရင်ကတော့ ကချင်၊ ကရင်၊ ရှမ်းပြည်နယ်နဲ့ မကွေး၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်နဲ့ ရုံးတွေကို ပို့ပါတယ်။ ပြည်တွင်းထုတ်ကုန်အနေနဲ့ပဲ ထုတ်လုပ်ပါတယ်။

**မေး ။ ။ သစ်အချောထည်လုပ်ငန်းက လယ်ဝေးရဲ့ အဓိကထုတ်ကုန်တစ်ခုလို့ ပြောလို့ရမလား။ လယ်ဝေးမှာ သစ်အချောထည်စက်ရုံနဲ့ ပရိဘောဂလုပ်ငန်းရှင် ဘယ်လောက်ရှိပါသလဲ။**

ဖြေ ။ ။ လယ်ဝေးရဲ့ Trade Mark ကလည်း ပရိဘောဂလုပ်ငန်းပဲဖြစ်ပါတယ်။ လယ်ဝေးခရိုင်အတွင်းမှာ သစ်အချောထည်စက်ရုံငါးရုံနဲ့ ပရိဘောဂလုပ်ငန်းရှင်ပေါင်း ၅၆ ဦး ရှိပါတယ်။ လယ်ဝေးမြို့နယ်ရဲ့ ကျေးရွာတွေမှာ ပရိဘောဂထုတ်နေကြတာတွေလည်း ရှိပါတယ်။ ဒီလုပ်ငန်းတွေနဲ့ပဲ စားဝတ်နေရေးအတွက် ဆောင်ရွက်ကြပါတယ်။

**မေး ။ ။ စံဖွံ့ဖြိုး သစ်အချောထည်လုပ်ငန်းမှာ လုပ်သားအင်အား ဘယ်လောက်နဲ့ ဆောင်ရွက်နေပါသလဲ။**

ဖြေ ။ ။ နေ့စဉ်တစ်ရက်ကို ၃၅ ဦးနဲ့ လည်ပတ်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ လုပ်ခလစာအနေနဲ့ရော ဘယ်လိုသတ်မှတ်ထားရှိပါသလဲ။**

ဖြေ ။ ။ လစာနဲ့ ယူတဲ့သူလည်း ရှိတယ်။ တစ်ပတ်တစ်ခါရှင်းနဲ့ ယူတဲ့သူလည်း ရှိပါတယ်။ တစ်ပတ်တစ်ခါရှင်းဆိုရင် လူတစ်ယောက် တစ်ရက် အနိမ့်ဆုံး ကျပ် ၆၈၀၀ ကနေ ၁၁၀၀၀ စသဖြင့် အမြင့်ဆုံးက ကျပ် ၁၄၀၀၀ ပေးပါတယ်။

**မေး ။ ။ လယ်ဝေးမြို့နယ်မှာ ဒေသခံပြည်သူအများစုက အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုအဖြစ် လုပ်ကိုင်ကြတာလား။**

ဖြေ ။ ။ လယ်ဝေးမြို့နယ်မှာ ကျေးရွာပေါင်း ၂၆၁ ရွာ ရှိပါတယ်။ အဲဒီ ၂၆၁ ရွာမှာ မြို့နဲ့နီးစပ်တဲ့ ကျေးရွာတွေအကုန်လုံး ပရိဘောဂလုပ်ကြပါတယ်။ လယ်ဝေးမြို့နဲ့နီးတဲ့ ကျေးရွာတွေ ဖြစ်တဲ့ ရေအိုးစင်ရွာ၊ ဇီးကုန်းရွာ၊ ရွှေအုန်းပင်ရွာ၊ ကြက်သွန်ခင်းရွာ၊ သာစည်ရွာ၊ သရက်ခုံရွာ၊ မကျီးကုန်းရွာ၊ ရှမ်းစုရွာ၊ ကံလှရွာ၊ ဂုံးတောင်ရွာ စသဖြင့် ကျေးရွာ ၁၄ ရွာမှာတင် ပရိဘောဂလုပ်တဲ့သူ အယောက် ၄၀၀ ကျော်ရှိတယ်။ မိသားစုစားဝတ်နေရေးအတွက် တစ်နိုင်တစ်ပိုင် လုပ်ကိုင်စားသောက်ကြတာပါ။

**မေး ။ ။ သစ်အချောထည်အဖြစ် ဆောင်ရွက်ပုံကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ပထမဆုံးတော့ သစ်ကို လိုချင်တဲ့အစိတ်အပိုင်းအဖြစ် ဖြတ်တောက်ရပါတယ်။ ဆက်ရှင် လေးခုရှိတာပေါ့။ နံပါတ်တစ်က Machine Section၊ နံပါတ်နှစ်က ပုံဖော်ဌာန (Molding)၊ နံပါတ်သုံးက တပ်ဆင်ခြင်း (Assembly)၊ နောက်ဆုံးကတော့ ကော်ပတ်စားခြင်း(Sanding Section)တို့ ဖြစ်ပါတယ်။

သစ်မှာ နံပါတ်တစ်ဖြစ်တဲ့ ဖြတ်တောက်ခြင်းအပိုင်းက အရေးအကြီးဆုံးပဲ၊ အဲဒီမှာ စပြီးမှားရင် processing တစ်ခုလုံး မှားသွားပြီ။ ဘေးဒေါင်ညီခြင်းဆိုတာ ရှိပါတယ်။ ပြီးရင် မျက်နှာပြင်နှစ်ဖက်ကို ချောမွေ့ခြင်း၊ နောက်ဆုံးအဆင့်ကတော့ final cutting ပေးခြင်းဆိုတာ လိုချင်တဲ့ ဖြက်၊ ဒုတို့ ပုံစံတုံးတစ်ခုရသွားအောင်လုပ်တာ။ Cutting ပေးတာ အရေးအကြီးဆုံးပါပဲ။

ပြီးရင် ပုံဖော် Section ကို ပို့ပါတယ်။ အဲဒီမှာက ခဲခြစ်ပေးတဲ့လုပ်ငန်းပေါ့။ ဖြတ်ရမယ်၊ တောက်ရမယ်၊ အပေါက်ဖော်ရမယ် အစရှိတာကို ခဲခြစ်ပေးတာပေါ့။ ခဲခြစ်ပေးပြီးသွားရင် အဖိုစရွေး၊ အမစရွေး ပြုလုပ်ပါတယ်။ စက်တွေနဲ့ပဲ ပြုလုပ်တာဖြစ်ပါတယ်။

ပြီးရင် တပ်ဆင်ခြင်း လုပ်ပါတယ်။ တပ်ဆင်ခြင်းဆိုတာ သင့်တော်တဲ့ကော်မျိုးစုံကိုထည့်ပြီး တပ်ဆင်တဲ့လုပ်ငန်းလုပ်တာပေါ့။ ပြီးရင် Sanding ပိုင်းကို ရောက်သွားပြီ၊ ကော်ပတ်စားတဲ့အခါမှာ သာမန်လက်ကော်ပတ်နဲ့ စားလို့မရဘူး၊ တုန်စက်ရှိတယ်၊ ဒေါင်လိုက်ရွေ့တဲ့စက်တွေရှိတယ်။ ကိုယ်လိုချင်တဲ့ အတိုင်းအတာတစ်ရပ်ကို ရသွားတဲ့အခါမှာ လိုချင်တဲ့ပစ္စည်းကို ဆောင်ရွက်လို့ရသွားပြီ။ ဒါက စက်ရုံတွင်းက အခြေအနေဖြစ်ပါတယ်။ စက်ရုံကို မရောက်ခင် အပြင်မှာ လုပ်ရတဲ့ လုပ်ငန်းစဉ်တွေရှိပါတယ်။

အဲဒီလုပ်ငန်းစဉ်က ပိုးသတ်ဆေးစီရင်ခြင်းဆိုတဲ့ အပြင်လုပ်ငန်းစဉ်ဖြစ်ပါတယ်။ အဲဒီ ပိုးသတ်ဆေးက လူတွေကို ဒုက္ခဖြစ်စေတဲ့ ပိုးသတ်ဆေးမဟုတ်ပါဘူး။ ရေဂါလန် ၁၀၀ မှာ ဘောရစ်အက်စစ်(Boric Acid) နဲ့ ဘိုရွန်(Boron) ကို ရောသုံးရတာ။ မြန်မာလို လက်ချားပေါ့။ အဲဒီမှာ သစ်ကို စိမ်လိုက်ရင် ပိုးဥတွေ သေသွားတယ်။ ပိုးမှာကပ်နေတဲ့ မှိုတွေ သေသွားတာပေါ့။ နောက် အညိုအမည်းစွဲတာတွေ ပျောက်သွားပါတယ်။ အချိန် လေးနာရီလောက် စိမ်ထားလိုက်ရင် လုံလောက်သွားပြီ။ ပြီးရင် အဲဒီသစ်ကို အပူပေးတဲ့အခန်းထဲကိုထည့်ပြီး ရေနွေးငွေ့နဲ့ ပေါင်းရတာပေါ့၊ Kiln Dry လုပ်တာလို့ ခေါ်တာပေါ့။ အပူပေးဖို့ ထပ်လိုအပ်ရင် ပေါင်းခန်းမှာ ဆက်ပြီးပေါင်းပါတယ်။ ဒီ Process တွေပြီးရင် ကိုယ်လိုချင်တဲ့ပစ္စည်း ဖြစ်သွားပါပြီ။

စာမျက်နှာ ၁၇ သို့ ❒





# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဝါတွင်းကာလ သံဃာ့ဒါနဆွမ်းလောင်းလှူပွဲ ပြုလုပ်



**နေပြည်တော် စက်တင်ဘာ ၂၉**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ဝါတွင်းကာလ သံဃာ့ဒါန ဆွမ်းလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးနန်းမြို့အရှေ့ဘက် နန်းမြို့ရိုးနှင့် ကျုံးရေပြင်ကြားရှိ ရတနာပုံဥယျာဉ်၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ(ငှက်တွင်း) အောင်မြေသာစံမြို့နယ် နဂါးပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝါသေဋ္ဌသာရ အမှူးပြုသော သံဃာတော်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

**ဆက်ကပ်လောင်းလှူ**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက ဆွမ်းလောင်းလှူပွဲသို့ ကြွရောက်လာသည့် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝါသေဋ္ဌသာရ အမှူးပြုသော သံဃာတော်အပါး ၃၀၀ တို့ကို ဆွမ်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကင်းမြို့နယ်၌ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲ ကျင်းပ

**ရန်ကင်း စက်တင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် ရန်ကင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူငယ်ရေးရာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲ ၁ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ ရန်ကင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်လွင်က ကျောင်းသား ကျောင်းသူများ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ ကောင်းမွန်ရေးကို အလေးထားကြိုးစားကြစေလိုကြောင်း၊ ပညာတတ်လူတော်၊ လူကောင်းများ ပေါ်ထွန်းလာမှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်လှလှထွေးက "လူငယ်တွေအတွက် အောင်မြင်ရေးနည်းလမ်း (သို့)ဗလငါးတန်ဖွံ့ဖြိုးရေး"ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောခဲ့သည်။



ဆက်လက်၍ လူငယ်ရေးရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးအေးချိုတူးက "လူငယ်ရေးရာအကြောင်း သိကောင်းစရာ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာအုပ်စာစောင်ချစ်မြတ်နိုးသူများ အသင်း(Book Club)အဖွဲ့ဝင် ဦးမြင့်မောင်က ပညာသင်ယူခြင်း အနုပညာခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောခဲ့သည်။

အဆိုပါဟောပြောပွဲသို့ တက်ရောက်ခဲ့ကြသော ကျောင်းသား ကျောင်းသူများက ဟောပြောပွဲအပြီးတွင် ခင်းကျင်းပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်များနှင့် စာအုပ်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**

# စစ့်ကိုင်မြို့နယ်၌ လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး လူငယ်စကားဝိုင်း ကျင်းပ

**စစ့်ကိုင် စက်တင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး စစ့်ကိုင်မြို့နယ် တောမအခြေခံပညာ အလယ်တန်းကျောင်း၌ လူငယ်စကားဝိုင်းကို စက်တင်ဘာ ၂၆ ရက်တွင် ကျင်းပသည်။

ဦးစွာ မြို့နယ်ပညာရေးမှူး ကိုယ်စားကျောင်းအုပ်ဆရာမကြီး ဒေါ်အမာစိန်က အမှာစကားပြောကြားခဲ့ပြီး စစ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက လူငယ်များဗလငါးတန် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရေး၊ စဉ်းစားတွေးခေါ်မှု မြင့်မားစေရေး၊ ပါဝင်ဆွေးနွေးတတ်စေရေး၊ နိုင်ငံ့ခေါင်းဆောင် လူငယ်လူရွယ်များဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းများ ကျင်းပရခြင်းအကြောင်း ပြောကြားသည်။



ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက ဦးဆောင်၍ လူငယ်စကားဝိုင်းကို ပြုလုပ်ခဲ့ရာ Grade -8 မှ မောင်ရှိုင်းဘိုဘိုက လူငယ်နှင့် လမ်းဖောက်ကာလမ်းလျှောက်ခြင်း၊ Grade – 9 မှ မောင်ကောင်းခန့်ဇော်က လူငယ်နှင့်မူးယစ်ဆေးဝါး၊ Grade -9 မှ မဖြူစင်ပွင့်မြတ်ကလူငယ်နှင့်နည်းပညာ၊ Grade -9မှ မပြုံးပန်းဝေက လူငယ်နှင့် စာဖတ်ခြင်း ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြရာ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် လူငယ်စကားဝိုင်းကျင်းပခြင်းနှင့် ပတ်သက်ပြီး အလယ်တန်းပြ ဆရာမဒေါ်ခင်သန်းနုက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■ **ကျောဖုံးမှ**

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ နောက် ၄၈ နာရီအတွင်း အားကောင်းသောလေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ရောက်ရှိနိုင်ကာ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားပြည်နယ် ကမ်းခြေတို့ကို ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

သို့ဖြစ်ပါ၍ ယနေ့ညမှ အောက်တိုဘာ ၃ ရက်အတွင်း မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

ယနေ့ညမှ အောက်တိုဘာ ၃ ရက်အတွင်း ကမ်းရိုးတန်းဒေသများတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုစုပေါင်းသွေးလှူဒါန်း

**မင်းလှ စက်တင်ဘာ ၂၉**

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်ရဲတပ်ဖွဲ့က ယနေ့နံနက်ပိုင်းတွင် စုပေါင်းသွေးလှူဒါန်းသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းပိုင်ဦးစီး၍ မြို့မရဲစခန်းမှူး ဒုရဲမှူးဇော်မင်းနိုင်နှင့် တပ်ဖွဲ့ဝင်များက မင်းလှမြို့နယ်ပြည်သူ့ဆေးရုံတွင် အရေးပေါ်လိုအပ်လျှင်အသင့်အသုံးပြုနိုင်ရန် စုပေါင်းသွေးလှူဒါန်းခြင်းဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



❖ **အာရှအားကစားမှ**

ရိုးရာလေ့ပြိုင်ပွဲကို အောက်တိုဘာ ၄ ရက်မှ ၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။

မြန်မာမြားပစ်အဖွဲ့တွင် ကစားသမား နှစ်ဦး ပါဝင်ပြီး Recurve အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသား+ အမျိုးသမီး Mix Team ပြိုင်ပွဲတွင် ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာပိုက်ကျော်ခြင်းအသင်းတွင် ကစားသမား ၁၄ ဦး ပါဝင်ပြီး လေးယောက်တွဲ၊ သုံးယောက်တွဲ အမျိုးသား၊ အမျိုးသမီးပွဲစဉ် လေးမျိုး ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာရိုးရာလှေအဖွဲ့တွင် အားကစားသမား ၂၈ ဦးပါဝင်ပြီး မီတာ ၂၀၀၊ ၅၀၀၊ ၁၀၀၀ အမျိုးသား၊ အမျိုးသမီး ပွဲစဉ်ခြောက်မျိုး ယှဉ်ပြိုင်မည်ဖြစ်သည်။

ယှဉ်ပြိုင်ပြီးစီးခဲ့သည့် အားကစားနည်းသုံးမျိုးတွင် မြန်မာအားကစားအဖွဲ့အနေဖြင့် ဆုတံဆိပ်နှင့် လွဲချော်ထားပြီး ဘောလုံးအမျိုးသားအသင်းက ရှုံးထွက်အဆင့်၊ ဘောလုံးအမျိုးသမီးအသင်းက အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ မြန်မာဝူရှူးအားကစားအဖွဲ့သည် အားကစားသမားလေးဦးစလုံး ဆုတံဆိပ်နှင့် လွဲချော်ခဲ့သလို တိုက်ကွမ်ဒိုကစားသမားတစ်ဦးမှာလည်း ပထမအဆင့်မှ ထွက်ခဲ့ရသည်။

**ကိုညီလေး**

❖

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍**

**အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

## ရွှေပညာဒါန (အခမဲ့) သင်တန်းတက်ရောက်ရန် ဖိတ်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီးရွှေလုပ်ငန်းရှင်များအသင်းမှ (၂၉)ကြိမ်မြောက် ရွှေပညာဒါန (အခမဲ့) အသိပညာပေးရွှေသင်တန်းနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး သင်တန်းအမှတ်စဉ် (၁၀)တို့အား ဖွင့်လှစ်ပါမည်။ သင်တန်းတက်ရောက် လိုသူများအနေဖြင့် သင်တန်းတက်ရောက်ခွင့်ပုံစံကို (အခမဲ့) တောင်းယူ ဖြည့်စွက်ပြီး ဓာတ်ပုံ (၃)ပုံနှင့်အတူ လာရောက်လျှောက်ထားနိုင်ပါသည်။ သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။ အသေးစိတ်သိရှိလိုပါက 09-450049282 / 09-251992727 သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**သင်တန်းဖွင့်လှစ်မည့်အစီအစဉ်**

ကျင်းပမည့်ရက် - ၁၄-၁၀-၂၀၂၃ ရက် (စနေနေ့)မှ ၂၃-၁၀-၂၀၂၃ ရက်(တနင်္လာနေ့)အထိ
ကျင်းပမည့်အချိန် - နံနက်(၈:၀၀)နာရီမှ နံနက်(၁၀:၀၀)နာရီထိ
ကျင်းပမည့်နေရာ - အမှတ်(၄၂/၅၀)၊ ပထပ်၊ ရွှေဘုံသာ(အောက်)လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

**သင်ကြားမည့်ဘာသာ**

(၁) ငွေကြေးခဝါချ အသိပညာပေးခြင်း နံနက် (၉:၀၀)နာရီမှ မွန်းလွဲ (၁၅:၃၀)နာရီထိ
(၂) ရွှေတူးဖော်ခြင်း
(၃) ရွှေသန့်စင်ခြင်းနှင့် မီးလင်းရွှေဈေးကွက်ရောင်းဝယ်ခြင်း
(၄) ရွှေပန်းထိမ်
(၅) ရွှေဆိုင်ဖွင့်ရန် အခြေခံတွက်ချက်နည်း
(၆) ရွှေအပေါင်ခံခြင်း
(၇) ရွှေဒင်္ဂါး/ငွေဒင်္ဂါး
(၈) ကျောက်မျက်ပညာ
(၉) ရွှေဆိုင်ဖွင့်လှစ်ခြင်း
(၁၀) အသုံးချရွှေသင်္ချာ တို့ဖြစ်ပါသည်။

၁၅-၁၀-၂၀၂၃ ရက် (တနင်္ဂနွေနေ့)မှ ၂၃-၁၀-၂၀၂၃ ရက်(တနင်္လာနေ့) အထိ သင်တန်းချိန် နံနက်(၈:၀၀)နာရီမှ နံနက် (၁၀:၀၀) နာရီထိ

**သင်တန်းဖြစ်မြောက်ရေးအဖွဲ့**
**ရန်ကုန်တိုင်းဒေသကြီးရွှေလုပ်ငန်းရှင်များအသင်း**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာချက်

နေပြည်တော်၊ လယ်ဝေးခရိုင်၊ လယ်ဝေးမြို့၊ အမှတ် (၁)ရပ်ကွက်၊ ဇမ္ဗူရပ်(မြို့မြေ)၊ နယ်မြေ(၅) နဝရတ်လမ်းမကြီး။ ဦးပိုင်အမှတ် (၆ ^ဃ) ကွင်းအမှတ်(၃၁)၊ အိမ်အမှတ် (၁/၂၆၄)၊ မြေဧရိယာ (၀.၂၃၄)ဧက ကျယ်ဝန်း သောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး မှာ ယခင်(ဦးလှအောင်) (အမည်ပေါက်)၊ ယခုရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စိုး စိုးအေး [၉/လဝန(နိုင်)၀၉၈၁၆၇]မှ မိမိတစ်ဦးသာလျှင် တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း တာဝန်ယူ ဝန်ခံကတိပြုသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစိုးမိုးဝင်း [၅/ရဘန(နိုင်) ၁၄၈၇၈၃]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ဝိုင်းခြံမြေ၏ တန်ဖိုးငွေတစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သောကြောင့် အထက် ဖော်ပြပါ ဝိုင်းခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူများသည် ဤကြော်ငြာ ချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်း များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက်မည့်သူမရှိပါက ဝိုင်းခြံမြေအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အောင်မြင်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သူသူငြိမ်း**
**တရားလွှတ်တော်ရှေ့နေ၊ (စဉ်-၁၄၄၂၄)**
**ဂေါ်မိတ်လမ်း၊ အမှတ်(၁)ရပ်ကွက်၊ လယ်ဝေးမြို့၊ နေပြည်တော်။**
**ဖုန်း- ၀၉-၂၅၉၂၇၀၆၈၆**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅ ၊ နည်းဥပဒေ- ၁ နှင့် ၅)
## ကမာရွတ်ခရိုင်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ် ၊ တရားမကြီးမှုအမှတ်-၁၇

ဦးညွှန့်တင် ဦးမိုးကျော်စည် (ခ)
နှင့် ဦးမောင်မောင်မိုးကျော်စည်

**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ပါရမီ ရိပ်သာ၊ စည်ပင်သာယာလမ်း၊ အမှတ်- ၅ နေ တရားပြိုင် ဦးမိုးကျော်စည် (ခ) ဦးမောင်မောင်မိုးကျော်စည် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ်သိန်း (၁၅၀၀) ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပ ပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက် (၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၈ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရ မည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက် ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာမှတ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင် လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ် ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

အမိန့်ဆင့်စာ

**(ဝါဝါလွင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ကမာရွတ်ခရိုင်တရားရုံး**

## ပျောက်ဆုံးကြောင်း

ဝတ်ရည်ခင်ခင် [၁၂/ဒဂမ (နိုင်)၀၂၇၂၇၁] ကိုင်ဆောင် ထားသော နိုင်ငံကူးလက်မှတ် အမှတ် (MB 748624)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

**Ph: 09-784370152**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်- ၁ ရပ်ကွက်၊ အကွက်အမှတ် (အပိုင်း-၄)၊ ဦးပိုင်အမှတ်(၇၃)၊ ၆၈x၆၉ လမ်းကြား၊ ၃၈x၃၉ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးသိန်းအောင် [၉/မရမ (နိုင်) ၀၇၃၄၆၃]က အမှုတွဲအမှတ်- ၄၅၉၈/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံ သောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက် အမှတ် (ယ-၃)၊ ဦးပိုင်အမှတ် (၁၁၃)၊ ၇၁ လမ်း၊ ၁၁၂x၁၁၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်နန်းအေး အေးဖြိုး၏ (SP ရသူ ဦးမျိုး မြင့်ဦး)ထံမှ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်အမှတ် (၂၇၉၉/ ၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးကျော် ဇင်ကို [၅/ဝသန(နိုင်)၀၄၂၉၅၃] က အမှုတွဲအမှတ် ၄၅၈၇/၂၀၂၃- ၂၀၂၄ဖြင့်အမည်ပြောင်းလျှောက် ထားလာပါသည်။ ကန့်ကွက်လို ပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများ ဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက် အမှတ် (လ-၉)၊ ဦးပိုင်အမှတ် (၁၁)၊ ၆၇ လမ်း၊ ၁၁၃x၁၁၄ လမ်း ကြားရှိ ဂရန်မြေကွက် အမည် ပေါက်သူ ဒေါ်စီရင်ရင်၏ (SP ရသူဒေါ်နန်းခင်မွေး)ထံမှ မှတ်ပုံ တင်အရောင်းအဝယ် စာချုပ် အမှတ် (၂၈၀၁/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးသီဟန်စိုး [၅/ ကလထ (နိုင်) ၁၅၇၈၉၉]က အမှုတွဲအမှတ်- ၄၅၈၈/၂၀၂၃- ၂၀၂၄ဖြင့်အမည်ပြောင်းလျှောက် ထားလာပါသည်။ ကန့်ကွက်လို ပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများ ဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ ၂၀)
## သဃ်္ဃန်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၁

ဦးကိုကိုလတ် နှင့် ၁။ ဦးကိုကိုကြီး
၂။ ဦးကိုကို
၃။ ဒေါ်ခင်သန်းမြင့် (ကိုယ်တိုင်နှင့် ၄၊ ၅၊ ၆ တို့၏ အခွင့်ရ ကိုယ်စားလှယ်) (ကွယ်လွန်သူ ဦးကိုကိုလေး၏ တရားဝင် ကိုယ်စားလှယ်များ)
၄။ ဒေါ်ဝင့်သီရိကိုကို
၅။ ဦးဟိန်းမင်းကို
၆။ ဦးအာကာမင်းကို
၇။ ဒေါ်နွယ်မီမီအေး(ခ)ဒေါ်အေးအေးမာ
၈။ ဦးအောင်ရွှေ

**(တရားလို)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ ရွှေညောင်ပင်လမ်း၊ အမှတ် (၁၉၇)၊ ဒုတိယထပ်နေ (၂)တရားပြိုင် ဦးကိုကို (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"ယခင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်- ၅၅၇/၂၀၁၁ ၏ (၁၇-၈-၂၀၁၈) ရက်စွဲပါ စီရင်ချက် နှင့် ဒီကရီအရ အမွေဆက်ခံပိုင်ဆိုင်သော အိမ်နှင့် ယင်းအိမ်တည်ရာမြေ တို့ကို ကျန်အမွေဆက်ခံပိုင်ဆိုင်သူများ၏ ခွင့်ပြုသဘောတူညီချက်မရှိဘဲ အမှတ်(၂)တရားပြိုင် တစ်ဦးတည်းက အမှတ်(၈)တရားပြိုင်အား တစ်နည်း နည်းဖြင့် အသုံးပြုခွင့်ပေးခြင်းသည် တရားမဝင်သဖြင့် မူလကပင် ပျက်ပြယ် ကြောင်းနှင့် (၈)တရားပြိုင်က ဒေါ်သွယ်သွယ်အေးအား စပေါ်ငွေ ကျပ် သိန်း ၂၀ ရယူပြီး တစ်လလျှင် ကျပ် ၂၀၀၀၀ ဖြင့် အငှားချထားခြင်းသည် တရားမဝင်ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် အချင်းဖြစ် အိမ်နှင့် ယင်းအိမ်တည်ရာ မြေပေါ်မှ အမှတ်(၈) တရားပြိုင်နှင့်တကွ ပတ်သက်ဆက်နွယ်နေသူအားလုံးနှင့် ပစ္စည်းအဝဝကို ဖယ်ရှားထွက်ခွာစေ၍ တရားလိုသို့ ၉ ပုံ ၂ ပုံ ခွဲဝေပေးစေလိုမှု"** နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၁၈)ရက်၊ (၁၃၈၅ ခုနှစ်၊ သီတင်းကျွတ် လဆန်း ၄ ရက်)နေ့ မွန်းမတည့်မီ (၁၀း၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက် ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြု လိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရ မည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရ မည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၂၉)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝါဝါလွင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**သဃ်္ဃန်းကျွန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ စံပယ်လမ်း၊ အမှတ်(၆)နေ ဦးကျော်ညွန့် [၁၄/ဇလန(နိုင်)၀၈၁၄၄၁] အမည် ပေါက်ပိုင်ဆိုင်သော အောက်ဖော်ပြပါ မြေကွက်(၂)ကွက်ကို သမီးအရင်းဖြစ်သူ မစုစန္ဒာကျော် [၁၄/ ဇလန(နိုင်)၀၀၀၅၀၆]သို့ မေတ္တာဖြင့် အပိုင်ပေးအပ်မည်ဖြစ်ကြောင်းနှင့် ကန့်ကွက် လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ အထောက်အထားမူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါ ကြောင်းနှင့် လာရောက်ကန့်ကွက်သူမရှိပါက ဥပဒေ နှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာပါသည်။

**ပေးအပ်သည့်ပစ္စည်းစာရင်း**

(က) ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/ငွေကြာယံ)၊ မြေကွက်အမှတ် ($\frac{၁/က}{၁၉}$)၊ ဧရိယာ (၀.၁၃၉) ဧကရှိ ဦးကျော်ညွန့်အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ယခုအခေါ် အမှတ် ($\frac{၁/က}{၁၉}$)၊ နှင်းဆီလမ်း၊ ၃/ငွေကြာယံရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟု ခေါ်တွင်သည့် နေအိမ်(၁)လုံးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ် အားလုံး။
(ခ) ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆/၇ သမိုင်း)၊ မြေကွက်အမှတ် (၁၁)၊ မြေအကျယ်အဝန်း (အလျားxအနံ) (၄၀ပေx ၆၀ပေ)၊ ဧရိယာ (၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိ ဦးကျော်ညွန့်အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်ဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ ယခုအခေါ် အမှတ် (၁၁)၊ (၆/၇ သမိုင်း)၊ ဘုရင့်နောင်ပွဲရုံအတွင်းလမ်း၊ ရွှေပစ်တိုင်းထောင်အိမ်ရာ၊ မရမ်းကုန်း မြို့နယ်ဟုခေါ်တွင်သည့် နေအိမ်(၁)လုံးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး။

**ဦးကျော်ညွန့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးကြည်လင်းထွဋ် | ဦးသန်းစိုးထွန်း | ဒေါ်နီလာခိုင် |
|---|---|---|
| LL.B,D.B.L,D.M.L,D.I.L | LL.B,D.B.L,WIPO, | LL.B,D.B.L,WIPO, |
| (စဉ်-၁၂၂၀၂) | D.L.P(Swit) | D.L.P(Swit) |
| တရားလွှတ်တော်ရှေ့နေ | (စဉ်-၈၁၇၀) | (စဉ်- ၁၂၄၃၈) |
| | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်- ၆၂ (ပထမထပ်)၊ အခန်း (၁၇)၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-5173968**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၂)၊ ဦးပိုင်အမှတ်(၁၅၂)၊ ၃၂x၃၃ လမ်းကြား၊ ၅၈x၅၉ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးရဲမင်းစိုး [၉/မရမ(နိုင်) ၀၀၀၄၈၉]၏ (SP ရသူ ဒေါ်ယဉ်ယဉ်မေ)က အမှုတွဲ အမှတ်- ၄၅၇၆/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုးလျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စဏမဟီရပ်ကွက်၊ အကွက်အမှတ်(၆၂၄)၊ ဦးပိုင်အမှတ် (၁.ဃ/၁၇)၊ ၃၀ လမ်း၊ ၇၈x၇၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လထော်လု(ခ) ရင်ရင် [၁/မညန(နိုင်) ၀၇၂၅၄၆]က အမှုတွဲအမှတ် ၄၅၉၆/၂၀၂၃- ၂၀၂၄ ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လို ပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်း များ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့ နယ်၊ လူနေရပ်ကွက်အမှတ် (၁၄)၊ မြေတိုင်း ရပ်ကွက်အမှတ် (ဏ/၄၀)၊ အမှတ် (၁၁၀/က) ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀x၆၀)ပေရှိ ဦးဝင်းမြင့် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်အဆောင် (၁)လုံးအပါအဝင် ရေမီးစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့အား ဦးသန့်ဇင် [၇/လပတ(နိုင်)၁၃၄၂၃၇] ကိုင်ဆောင်သူမှ တရားဝင် လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဟု ထုတ်ဖော်ဝန်ခံ ကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးစိုး မင်းအောင် [၈/ရနခ(နိုင်)၀၈၆၆၆၃]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်း အဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူ မရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**ဦးစိုးမင်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (L.L.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၄၈၄၃၀)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၇၇၇၂၉၁၇၇၅၊ ၀၉-၄၅၂၄၁၆၃၀၉၊ ၀၉-၄၀၂၄၂၄၀၀၁**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆/မြို့မရပ်)၊ လူနေရပ်ကွက်အမှတ်(ဇဝနဒီပ)၊ ဇော်ဂျီ(၁)လမ်း၊ မြေကွက်အမှတ် (ပ-၂၁၉၇၄)၏ မြေအကျယ်အဝန်း (၈၀x၆၀)ပေခန့် မြေဧရိယာ (၀.၁၁၀)ဧကရှိ ဦးထင်ပေါ် [၉/မမန(နိုင်)၀၃၅၈၄၇] အမည်ပေါက် မြေငှားဂရန်မြေအမျိုးအစား မြေကွက်နှင့် တကွ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့် ရှိကြောင်း အဆိုပြုသူ ဒေါ်စမ်းစမ်းဝင်း [၉/ပမန(နိုင်)၀၄၄၈၁၅]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂) | ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉) |
|---|---|
| (LL.B,D.I.L) | (LL.B,D.B.L,D.I.L, WIPO switzerland) |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၄/ကံဘဲ့၊ မြေကွက်အမှတ်- ၇/၅၃၊ ဧရိယာ (၀.၀၂၈)ဧက၊ မြေကွက်တည်နေရာအမှတ် (၃၅၆)၊ ကမ္ဘာအေး ဘုရားလမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဒေါ်အမာကြည် [၁၂/မရက(နိုင်) ၁၂၆၆၀၄]၊ ဦးအောင်ခိုင်ဝင်း [၁၂/မရက(နိုင်)၀၀၂၄၂၉] အမည်ပေါက်၊ နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးအောင်ခိုင်ဝင်းသည် (၄-၇- ၂၀၀၆)ရက်နေ့တွင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ခက်ခက်ဝင်း [၁၂/မရက(နိုင်) ၀၆၆၀၂၁]မှ တရားဝင်တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း၊ အဆိုပါမြေကွက် အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်၏တောင်ဘက်ခြမ်း အကျယ် (၀. ၀၁၄)ဧကအား အပြီးအပိုင်စွန့်လွှတ်ခြင်းစာချုပ်အမှတ်- ၄၁၄၃/၂၀၀၂ အရ ဦးအောင်ခိုင်ဝင်းမှ ပိုင်ဆိုင်ပါကြောင်း၊ အခြားသောဇနီး တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့ အရ ဆက်ခံပိုင်ဆိုင်ပါကြောင်း၊ အခြားပိုင်ဆိုင်မည့်သူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ်- ၅၄၉/၂၀၂၃ (၁၃-၂-၂၀၂၃) ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသား စိစစ်ရေးကတ်၊ မြေပုံမြေရာဇဝင်လျှောက်ထားခြင်းနှင့်ပတ်သက်၍ တာဝန်ယူပါ ကြောင်းနှင့် ဦးအောင်ခိုင်ဝင်း ပိုင်ဆိုင်မှုအစုမြေကွက်နှင့်ပတ်သက်၍ အကျိုး ခံစားခွင့်အရပ်ရပ်တို့ကို မိမိကသာလက်ရှိပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး ပိုင်ဆိုင်မှု အရှုပ်အရှင်း ပြဿနာတစ်စုံတစ်ရာမရှိကြောင်း ဝန်ခံကတိပြုရှင်းလင်းစာတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် (portion) မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# အကြွေးဝယ်ကတ် (VISA/UPI Credit Card) အသုံးပြုပြီးနောက် ပြန်လည်ပေးဆပ်ရန် ပျက်ကွက်နေသူများ၊ အာမခံသူများ သိရှိစေရန်ကြေညာခြင်း

ကမ္ဘောဇဘဏ်လီမိတက်၏ အကြွေးဝယ်ကတ် (VISA/UPI Credit Card) တို့အား ရယူသုံးစွဲခဲ့သူများဖြစ်သော အောက်ဖော်ပြပါဇယားတွင် အမည်စာရင်းပါရှိသည့် လူပုဂ္ဂိုလ်များသည် အကြွေးဝယ်ကတ်အသုံးပြုငွေများ၊ အတိုးနှင့် ကျသင့်သည့် အဖိုးအခများအား ပြန်လည်ပေးဆပ်ရန် ပျက်ကွက်လျက်ရှိနေသည့်အတွက် နည်းမျိုးစုံဖြင့် အကြိမ်ကြိမ် ဆက်သွယ်တောင်းခံခြင်း၊ ကြေညာချက်ထုတ်ပြန်ခြင်းများ ပြုလုပ်ခဲ့သော်လည်း ပေးဆပ်ခြင်းမရှိဘဲ ဆက်လက်ပျက်ကွက်နေပါသည်။ ထို့ကြောင့် အကြွေးဝယ်ကတ်အားသုံးစွဲခဲ့သူ အောက်ဖော်ပြပါ အမည်စာရင်းတွင်ပါရှိသည့် လူကြီးမင်းများနှင့် လူကြီးမင်းတို့ ကတ်လျှောက်ထားရာတွင် အာမခံအဖြစ် လက်မှတ်ရေးထိုး ပေးခဲ့ကြသူများအနေဖြင့် ကမ္ဘောဇဘဏ် လီမိတက်သို့ ပေးဆပ်ရန်ရှိသည့် အကြွေးဝယ်ကတ် သုံးစွဲငွေများ၊ အတိုးနှင့် ကျသင့်သည့် အဖိုးအခများကို ယခု ကြေညာချက်ပါရှိသည့်နေ့မှ (၁၄) ရက်အတွင်း သက်ဆိုင်ရာဘဏ်ခွဲသို့ လာရောက်ဆက်သွယ်ပေးဆပ်ပါရန်နှင့် သတ်မှတ်ရက်အတွင်း ပေးဆပ်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်၍ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည် –

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | အလုပ်အကိုင် | အကြွေးဝယ်ကတ်အမှတ် | နေရပ်လိပ်စာ |
|---|---|---|---|---|---|
| ၁။ | ဒေါ်နှင်းဝေယံ | ၁၂/ဒဂတ(နိုင်)၀၃၅၄၆၆ | ပုံနှိပ်လုပ်ငန်း | 4216XXXXXXXX6553<br>6244XXXXXXXX5880 | အမှတ်-၁၁၆၆ (A) သုမနလမ်း(၂)ရပ်ကွက်၊သာကေတမြို့နယ်၊ ရန်ကုန်မြို့။ |
| ၂။ | ဒေါ်ခင်ထိုက်ထိုက်ထွန်း | ၁၂/အစန(နိုင်)၁၇၇၉၈၇ | အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး | 6244XXXXXXXX5890 | အမှတ်-၂၉/၁၈၇ ၊ စိန်ပန်းလမ်းသွယ်(၃)လမ်း၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ |
| ၃။ | ဒေါ်လွင်လွင်အောင် | ၁၂/ကမရ(နိုင်)၀၀၂၆၈၈ | Tint Tint Travels&Tours Co.ltd | 4216XXXXXXXX7359<br>6244XXXXXXXX3522 | အမှတ်- ၄၄/၆၊ အောင်ချမ်းသာ (၂) လမ်း၊ အမှတ်(၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့။ |
| ၄။ | ဒေါ်မိမိ | ၉/မသန(နိုင်)၁၀၇၁၅၇ | ကောက်ပဲသီးနှံရောင်းဝယ်ရေး | 4216XXXXXXXX5233<br>6244XXXXXXXX2531 | ၂၆ဘီလမ်း၊ ပိုက်ကျုံးအကွက်-၂၂၅၊ ကြယ်စင်ပွဲရုံ၊ အောင်မြေသာဇံမြို့နယ်၊မန္တလေးတိုင်းဒေသကြီး။ |
| ၅။ | ဒေါ်ငြိမ်းငြိမ်းအိ | ၅/စကန(နိုင်)၁၅၇၇၅၃ | အထည်ချုပ်လုပ်ငန်း | 4216XXXXXXXX0158 | အမှတ်-၅၀၈၊ ရွှေဝါထွန်းလမ်း (၄၅)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ |
| ၆။ | ဒေါ်ဥမ္မာသန်း | ၁၂/သဃက(နိုင်)၁၃၈၉၆၅ | Shwe Yee Pan Sett Co., Ltd | 4216XXXXXXXX2192<br>6244XXXXXXXX9826 | အမှတ်-၈၊ ဇာဝေယျာလမ်း၊ (င/က ရပ်ကွက်)၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ၇။ | ဒေါ်သဇင်ညွန့် | ၁၃/လရန(နိုင်) ၀၁၄၇၀၄ | Htet Walar Hein Co., Ltd | 4216XXXXXXXX4433<br>6244XXXXXXXX0022 | C - 221၊ မုဒိတာအိမ်ရာ(၁) ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ၈။ | ဒေါ်တင်တင်အေး | ၁၂/မရက(နိုင်) ၀၁၁၂၁၀ | Shwe Than Sinn Services Co., Ltd | 4216XXXXXXXX2442<br>6244XXXXXXXX9347 | အမှတ်-၃၄၆ ၊ စရည်းပင်လမ်း၊ သုဝဏ္ဏမြို့နယ်၊ရန်ကုန်မြို့။ |
| ၉။ | ဒေါ်ဝင့်ဝါတင် | ၁၄/ ငပတ(နိုင်) ၀၀၃၁၄၂ | Shwe Yee Pan Sett Co., Ltd | 4216XXXXXXXX0837<br>6244XXXXXXXX9271 | အမှတ် (၁၁၅)၊ တိုက်(၂)၊ အခန်း(၁)၊ မင်းရဲကျော်စွာလမ်း၊ ကရင်ခြံရပ်ကွက်၊အလုံမြို့နယ်၊ရန်ကုန်မြို့။ |
| ၁၀။ | ဒေါ်ယဉ်မိုးသွယ် | ၁၂/သကတ(နိုင်) ၁၆၄၅၃၂ | Three Brothers Co.,Ltd | 4216XXXXXXXX5379<br>6244XXXXXXXX7804 | အမှတ်(၁)၊ခွာညိုလမ်း(၁၁၀)ရပ်ကွက်၊တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ ဒဂုံ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၁။ | ဒေါ်ယဉ်ယဉ်ထွန်း | ၁၂/ဗဟန(နိုင်) ၀၈၁၇၆၁ | Yin Yin's Kitchen | 4216XXXXXXXX5514<br>6244XXXXXXXX8729 | အမှတ် (၂၀၇)၊ မြတ်လေးလမ်း ၊ ပုလဲမြို့သစ်မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၂။ | ဦးအောင်ကျော်ဦး | ၁၂/သဃက(နိုင်) ၀၃၂၈၈၅ | KS ရော်ဘာမှိုင်းခံလုပ်ငန်း | 4216XXXXXXXX2188<br>6244XXXXXXXX3638 | အမှတ်(၁၄)၊ ဟံသာဝတီလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့နယ်၊ရန်ကုန်မြို့။ |
| ၁၃။ | ဦးအောင်မိုး | ၁၂/မရက(နိုင်)၁၁၄၇၃၅ | Aye Mya Trading | 4216XXXXXXXX0690<br>6244XXXXXXXX2771 | အမှတ် (၃၁/၃၃/၃၅), (၄၅) လမ်း၊ ဗိုလ်တထောင်မြို့နယ် ၊ ရန်ကုန်မြို့။ |
| ၁၄။ | ဦးအောင်မိုးနိုင် | ၁၃/ကမန(နိုင်) ၀၈၉၈၂၀ | Archi Myanmar Co.,Ltd | 4216XXXXXXXX6502<br>6244XXXXXXXX9205 | အမှတ်(၉)၊ မြင်တော်သာလမ်း၊ (၁)ရပ်ကွက်၊သာကေတမြို့နယ်၊ရန်ကုန်မြို့။ |
| ၁၅။ | ဦးလှဝင်းထွဋ် | ၁၂/ဥကတ(နိုင်)၀၈၇၃၄၉ | Aung Myint Myat Taw Win Oo Construction Co., Ltd | 4216XXXXXXXX1613 | အမှတ်(၆၄၇)၊ သံသုမာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၆။ | ဦးကျော်ထင် | ၁၂/ဥကတ(နိုင်) ၁၃၅၇၈၉ | Aung Myint Myat Taw Win Oo Construction Co., Ltd | 4216XXXXXXXX8076 | အမှတ်(၆၄၇)၊ သံသုမာလမ်း ၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၇။ | ဦးကျော်မြတ်သူ | ၁၄/ငပတ(နိုင်)၀၉၅၃၈၇ | Shwe Yee Pan Sett Co., Ltd | 4216XXXXXXXX3018<br>6244XXXXXXXX9297 | အမှတ်(၁၁၅)၊ တိုက်(၂)၊ အခန်း(၁)၊ မင်းရဲကျော်စွာ လမ်း၊ ရန်ကုန်မြို့။ |
| ၁၈။ | ဦးလင်းထင်ကျော် | ၁၂/လမန(နိုင်) ၀၀၀၈၂၁ | Lovely Way Travels & Tours Co.,Ltd | 6244XXXXXXXX0113 | အမှတ် (၁၃၂)၊ (C) ၊ ရွှေဟသ်ာလမ်း၊ ၆ မိုင်ခွဲ၊လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၉။ | ဦးဖုန်းကျော်သူ | ၁၄/သပန(နိုင်) ၀၆၈၇၄၇ | Htet Walar Hein Co., Ltd | 4216XXXXXXXX1150<br>6244XXXXXXXX0030 | အမှတ် (၆၄)၊ (၁၀) လမ်း ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၂၀။ | ဦးအဲလ်ဘတ်ဝင်းမောင် | ၁၂/မဂတ(နိုင်)၀၇၈၄၄၀ | Myint Myat Specialist Clinic | 4216XXXXXXXX0408<br>6244XXXXXXXX5518 | အမှတ်- K(၆၃/အေ) မင်္ဂလာ-၃လမ်း ၊FMI City၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ |

**Legal and Compliance Function**

**ကမ္ဘောဇဘဏ်လီမိတက်**

**အမှတ်(၅၃)၊Strand Square Office၊ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊**

**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph-01-2307091**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ ၈/မြောက်ရပ်ကွက်၊ မြေကွက်အမှတ်(၁၈)၊ ရွာလယ်လမ်းပေါ်တွင်ရှိသော မြေကွက်ပေါ်၌ ဆောက်လုပ်ထားသော Residence 18 အဆောက်အဦ၏ အခန်းအမှတ်(၂၁၄)၊ Level-2 အလွှာ၊ ဧရိယာ(၁၂၅၆) စတုရန်းပေရှိတိုက်ခန်းကို IGREEN Development & Engineering Group Co.,Ltdမှ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူဖြစ်ပြီး ကုမ္ပဏီဒါရိုက်တာ အစည်းအဝေးအမှတ်စဉ်(၁၆/၂၀၂၂)အရ ဒါရိုက်တာဖြစ်သူ ဦးကျော်ကျော်နိုင် [၁၂/အလန(နိုင်) ၀၀၀၁၃၁] မှ ရောင်းချသူအဖြစ်လက်မှတ်ရေးထိုးရောင်းချရာ ကျွန်ုပ်မိတ်ဆွေတို့မှ ဝယ်ယူရန် အရောင်းအဝယ် စရန်ပေး သဘောတူ စာချုပ်ချုပ်ဆို၍ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း) များဖြင့် ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဟေမာန်စိုး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၈၁)**
**တိုက်(A-2)၊ အခန်း(၁၀၃)၊ ဗိုလ်မှူးဗထူးအိမ်ရာ၊၄၈ U10 ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၂၅၀၀၀၉၃၉၄၊ ၀၉-၂၅၀၂၃၀၁၂၅**

## အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ မနော်ဟရီလမ်း၊ အမှတ်(၂၃)ဟုခေါ်တွင်သော အကျယ်အဝန်း(၀. ၁၀၂)ဧကရှိ မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော နန်းစံပါယ်အမည်ဖြင့် ဧည့်ရိပ်သာအား ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းစိုး [၁၄/ဘကလ(နိုင်)၀၅၉၇၆၄] အမည်ဖြင့် တရားဝင်လုပ်ကိုင်ခွင့် လုပ်ငန်းလိုင်စင်ရရှိထားပြီး၊ ဦးသန်းစိုးမှသာ လက်ရှိထားလုပ်ကိုင် ဆောင်ရွက်နေပါသည်။ အဆိုပါမြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော နန်းစံပါယ်အမည်ဖြင့် ဧည့်ရိပ်သာမှာ အခြားမည်သူတစ်ဦးတစ်ယောက်နှင့်မျှ သက်ဆိုင်ခြင်းမရှိဘဲ ဦးသန်းစိုးမှသာ တရားဝင် ပိုင်ဆိုင်ပြီး လက်ရှိထားလုပ်ကိုင်ပိုင်ဆိုင်လျက်ရှိသော မြေနှင့်အဆောက်အဦဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါနန်းစံပါယ် ဧည့်ရိပ်သာ၏ တရားဝင်ပိုင်ရှင်မှာ ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းစိုး ဖြစ်ပါကြောင်းနှင့် ဦးသန်းစိုး၏ သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူမျှလွှဲပြောင်းရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်းအပါအဝင် ကျူးကျော်ဝင်ရောက်ခြင်း လုံးဝ (လုံးဝ) မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ်-( ၉ )၊မြေကွက်အမှတ်-( ၂၀၉ ) ၊ဧရိယာ(၂၄၀၀)စတုရန်းပေရှိ (ဗိုလ်မှူးဒေါ်ခင်စန်းစန်းအမည်ပေါက်)ပါမစ်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါမြေကွက်နှင့်အကျိုးခံစားခွင့်အားအရောင်းအဝယ်ဆက်စပ်စာချုပ်စာတမ်းဖြင့်တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဒေါ်မိုးမိုးအေး (နိုင်ငံသားကဒ်အမှတ်-၁၂/မရက(နိုင်)၀၀၅၀၃၅)ထံမှကျွန်ုပ်တို့၏ မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်စရံငွေပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြေညာချက်ပါသည့်နေ့မှစ၍(၇)ရက်အတွင်းခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့်ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်နေ့အတွင်းကန့်ကွက်ခြင်းမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီဆက်လက်ဆောက်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဒေါ်နန်းဆင့်ဆင့်ထွန်း (LL.B) | ဒေါ်မိုးမိုးအေး (LL.B) |
| D.B.L,D.M.L | D.B.L,D.M.L,D.I.L |
| (စဉ်-၁၂၆၃၉) | WIPO,DL-101 Switzerland (စဉ်-၈၅၅၈) |
| (တရားလွှတ်တော်ရှေ့နေများ) | (ဖုန်း-၀၉-၄၂၅၃၅၈၂၇၀) |

အမှတ်-၈၃၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၅ဘီ၊ မြေကွက်အမှတ် -၂၈ ဒီ/၁ဘီ၁၊ ဧရိယာ(၀.၁၄၅)ဧက မြေကွက်တည်နေရာအမှတ်(၁၁၄)၊ ကမ္ဘာအေးဘုရားလမ်း၊ ဆရာစံရပ်ကွက်၊ ဗဟန်း မြို့နယ် ဒေါ်ဟာဖစ်ဘီဘီ(ခ) ဒေါ်အေးကြွယ် [၁၂/ဗဟန(နိုင်)၀၈၇၉၀၈] အမည်ပေါက် မြေပိုင်မြေအား ကမာရွတ်ခရိုင်တရားရုံး၊ ၂၀၂၂ ခုနှစ်တရားမကြီးမှုအမှတ်- ၃၅၅တွင် (တရားလို)ဒေါ်သီရိနွယ်မှ တရားပြိုင်များဖြစ်သော ဒေါ်လီ(ခ)ဒေါ်ခင်မမ၊ ဦးခင်မောင်ညွန့်၊ ဒေါ်ဟာဖစ်ဘီဘီ၊ ဒေါ်ခူလ်ရှစ်၊ ဒေါ်ရှီဒင်းတို့၏ (အခွင့်ရကိုယ်စားလှယ် ဦးတိုးမောင်)အပေါ် ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေး၍ တရားပြိုင်တို့ ခတ်ထားသောသော့များကို ဖယ်ရှားပေးစေလိုမှုတွင် ယင်းမြေနှင့်မြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းသူနေရာ၌ လက်မှတ်ရေးထိုး၍ အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုစေရန်နှင့် မြေပေါ်ရှိ အဆောက်အဦများ၌ ပိတ်ထားသောသော့များကို ဖယ်ရှားစေရန် (၂၀-၇-၃၀၂၃) ရက်စွဲဖြင့်စီရင်ချက်၊ မြေအမည်ပေါက် ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်-၂၆၃၇/၂၀၀၆ (၁၄-၇-၂၀၀၆)၊ ၂၀၀၉-၂၀၁၀ ခုနှစ်သုံး ခွဲစိတ်တိုင်းတာသည့်မြေပုံ၊ တရားရုံးအမိန့်၊ အထွေထွေကိုယ်စားလှယ်လွှဲစာများ၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အမှတ်-၂၅၆၀/၂၀၂၃ (၂၈-၈-၂၀၂၃)၊ ၂၅၆၁/၂၀၂၃ (၂၈-၈-၂၀၂၃)ရက်နေ့ အထွေထွေကိုယ်စားလှယ်လွှဲစာများ ပြန်လည်ရုပ်သိမ်းခြင်းမရှိသေးကြောင်း ကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ တရားရုံးများဖြစ်ကြသော ဒေါ်လီ(ခ)ဒေါ်ခင်မမ [၁၂/ဗဟန (နိုင်) ၀၈၀၈၀၉]နှင့် ဦးခင်မောင်ညွန့် [၁၂/ဗဟန(နိုင်)၀၈၀၈၁၀] တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ -အမှတ်-၄၀၅၉/၂၀၂၃ (၃-၃-၂၀၂၃)၊ ဒေါ်ဟာဖစ်ဘီဘီ [၁၂/ကတတ(နိုင်)၀၁၀၆၁၂]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၄၀၅၇/၂၀၂၃(၃-၃-၂၀၂၃)၊ ဒေါ်ခူလ်ရှစ်[၁၂/ပဘတ(နိုင်)၀၂၆၆၁၀]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၄၀၅၈/၂၀၂၃ (၃-၃-၂၀၂၃)နှင့် ဒေါ်ရှီဒင်း [၁၂/ရကန(နိုင်)၀၃၈၅၂၁]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၃၄၆၉/၂၀၂၃(၂၂-၂-၂၀၂၃)တို့ဖြင့် ရရှိသူ ဦးတိုးမောင် [၈/မကန(နိုင်)၂၉၂၉၉၆]မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း၊ စိုက်မွေး(၁)မှ မဆုမြတ်ချယ်ရီ၏ ဖခင်အမည်မှန်မှာ ဦးစန်းလွင် [၁၂/ဒဂဆ(နိုင်)၀၁၁၀၅၆] ဖြစ်ပါကြောင်း။

**ဦးစန်းလွင်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၄)၊ ရွာသာကြီး (အလတ်စား)၊ ဒဂုံတောင်တိုးချဲ့၊ စက်မှုဇုန်(၂)၊ ဝက်မစွပ်ဝန်ထောက်လမ်း၊ စက်မှုမြေကွက်အမှတ်(၁၇၇)ကို မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးသက်နိုင်ဦး [၁၃/တကန(နိုင်)၁၆၄၆၉၆] ထံမှ တစ်ဆင့် ပြန်လည်ဝယ်ယူထားသူ ဦးမြို့မောင် [၇/အတန(နိုင်)၀၁၁၅၄၃]က ၎င်းအမည်ဖြင့် မြေငှား စာချုပ် ပြုလုပ်ပေးပါရန် ဌာနသို့ တင်ပြလျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့် အိမ်ရာ**
**ဖွံ့ဖြိုးရေးဦးစီးဌာန**

## “GOLDEN VALLEY” အမှတ်တံဆိပ်အား အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ရွှေတောင်ကြားလမ်း၊ အမှတ်(၂၃/စီ)နေ ဦးကောင်းမြတ်နိုင်(ဘ)ဦးဇော်နိုင်ဦး [၁၂/ဗဟန(နိုင်)၀၉၉၀၀၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

GOLDEN VALLEY
JEWELLERY

### မူပိုင်ခွင့်တင်သွင်းမည့် တံဆိပ်အမည်အမှတ်အသား

ကျွန်ုပ်၏မိတ်ဆွေ ဦးကောင်းမြတ်နိုင်က “GOLDEN VALLEY” ကုန်အမှတ်တံဆိပ်အမည်ဖြင့် စိန်၊ ရွှေ၊ ငွေ၊ ရတနာပစ္စည်းများနှင့် လက်ဝတ်ရတနာပစ္စည်းများကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်။ ထိုသို့ ရောင်းချရာတွင် အထက်ဖော်ပြပါ “GOLDEN VALLEY” ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ဆိုင်းဘုတ်၊ ဗီနိုင်းကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ Letter Head, Internet, Website အစရှိသည်တို့တွင် လည်းကောင်း၊ ရတနာပစ္စည်းများပေါ်တွင်လည်းကောင်း ဖိနှိပ်၊ ကပ်နှိပ်၊ ရိုက်နှိပ်၊ အသားတံဆိပ်အဖြစ်ပြုလုပ်၍ ရောင်းချသွားမည်ဖြစ်ပါသည်။ ထို့အပြင် “GOLDEN VALLEY” လုပ်ငန်းအမှတ်တံဆိပ်အမည်ဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကျောက်မျက်ရတနာပစ္စည်းများကို ဆိုင်ခန်းများဖွင့်လှစ်၍ ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်နှင့် လုပ်ငန်းအမှတ်တံဆိပ်အမည်တို့အား မိမိတစ်ဦးတည်းမူပိုင် သုံးစွဲခွင့်ရရှိရန် မူပိုင်ခွင့်ဦးစီးဌာနတွင် မှတ်ပုံတင်သွင်းသွားမည်ဖြစ်ပါသည်။

အထက်ပါ ကုန်အမှတ်တံဆိပ်နှင့် လုပ်ငန်းအမှတ်တံဆိပ်အမည်တို့ကို မူပိုင်ခွင့်ဦးစီးဌာနတွင် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေနှင့်အညီ မှတ်ပုံတင်သွင်းမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါရှိသည့်ရက်မှစ၍(၅)ရက်အတွင်း ကျွန်ုပ်တို့ထံသို့လူကိုယ်တိုင် အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤကြော်ငြာပါ ကုန်အမှတ်တံဆိပ်နှင့် လုပ်ငန်းအမှတ်တံဆိပ်အမည်တို့ကို ဥပဒေနှင့်အညီ မှတ်ပုံတင်၍ ဆက်လက်ဆောင်ရွက်အသုံးပြုသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်ဇာနည်နှင်း** | **ဒေါ်ခင်ပြည့်** | **ဒေါ်ဖြူဖြူဝင်း** |
| **(LL.B,D.B.L,D.I.L)** | **(LL.B,D.B.L)** | **(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၆၈၅၅)** | **(စဉ်- ၇၀၄၈)** | **(စဉ်- ၅၅၅၈၁)** |

**အမှတ်-၅၀(မြေညီ)၊ ၃၉ လမ်း (ကမ်းနားဘလောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၅၆၇၆၁၂၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဈ/၃၃)၊ မြေကွက် အမှတ်-(၃၄၉/က)၊ အိမ်အမှတ်(၃၄၉)၊ ညောင်ဦး(၂)လမ်း၊ (၁၀)ရပ်ကွက်ဟုခေါ်တွင်သော အလျား (၆၀)ပေ x အနံ(၂၀)ပေ ကျယ်ဝန်း သောမြေကွက်နှင့်တကွ ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်ပျဉ်ထောင်အိမ်အုတ်ညှပ် တစ်လုံး (ရေမီးအစုံ)နှင့်တကွ ဆက်စပ်ပတ်သက်တွယ်ကပ်ပါရှိသော သီးပင်စားပင် အပါအဝင် မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်ဖြစ်သူ ဦးဇော်ဝင်းမိုးထံမှ ဆက်စပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိ လက်ဝယ်ထား ရောင်းချပိုင်ခွင့်ရှိပြီး အမွေစား အမွေခံမှစ၍ အမှုခင်း အရှုပ်အရှင်းကင်းရှင်းပါကြောင်း ဂရန်မူရင်းနှင့်တကွ ဆက်စပ်စာချုပ် စာရွက်စာတမ်းများ မှန်ကန်ပါကြောင်း လက်ရှိလက်ဝယ်ထား ပိုင်ဆိုင်ပြီး လူနေမဲ့အနေအထားဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိပါကြောင်း ဝန်ခံကတိပြု၍ ဦးမြင့်ဌေး [၈/ခမန(နိုင်)၁၃၆၉၈၅]နှင့် ဒေါ်အိဇာစိုး [၈/ခမန(နိုင်)၀၆၉၆၅၅]တို့မှ ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်(၂၈-၈-၂၀၂၃)ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အိမ်အပါအဝင် ဝင်းခြံမြေကွက်၏ မြေပေါ်မြေအောက်ရှိ အကျိုးခံစားခွင့်ရပ်ရပ်တို့နှင့် ပတ်သက်သော အမွေစားအမွေခံ အပါအဝင် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသော (မူရင်း)စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဲနုဝင်း LLB.,DBL**
**အထက်တန်းရှေ့နေ စဉ်-၄၅၅၇၇/၂၆-၁-၂၀၁၅**
**အမှတ်-၆၀(B-2)၊သီရိလမ်း၊၂-ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၄၆၆၈၆၊ ၀၉-၄၀၁၁၅၄၆၀၀**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်း ရပ်ကွက်အမှတ် (၂၆)၊ မြေကွက်အမှတ်(၃၉၂/က)၊ မြေကွက်တည်နေရာအမှတ်(၃၉၂/က)၊ တံတားဖြူလမ်း၊ (၂၆)ရပ်ကွက်၊ ဒဂုံတောင်မြို့နယ်၊ ဦးဖေတင်မြ (SRM-၀၂၂၄၄၅) အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးဖေတင်မြ ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူထားသူ ဦးစိန်ရ(၁၂/သဃက(နိုင်)၁၄၇၂၀၁)မှပါမစ်မူရင်း(မိသားစုဓါတ်ပုံပျက်စီး) တင်ပြ၍ဂရန်သစ်လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင်(၂)ထပ် RC ဆောက်လုပ်ဆဲအဆောက်အဦးရှိ၍ လျှောက်ထားသူမှ မြေပြင်ကွင်းဆင်းစစ်ဆေးသိရှိကြောင်း လက်မှတ်ရေးထိုးတင်ပြ၍ နှစ်(၆၀)ဂရန်သစ် လျှောက်ထားလာရာတရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးသန့်ဇင်အောင် [၈/ဆပဝ(နိုင်)၀၇၆၄၅၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ ဗညားဦး(၂) လမ်း၊ အမှတ်(၃၄၇)ရှိ (အလျား ၄၀ ပေx အနံ ၆၀ ပေ) ပါမစ် အမည်ပေါက် (ဦးစိန်မြ)မြေကွက်အနက်မှ (ခြေရင်းခြမ်း) (အလျား ၁၄ ပေx အနံ ၆၀ပေ) ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးဇင်မို[၁၄/မမက(နိုင်)၂၂၇၈၀၃]နှင့် ဒေါ်လဲ့မွန်စိုး[၁၄/မမက(နိုင်)၂၆၃၄၇၃]တို့မှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုသည့်အတွက် ၎င်းတို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသန့်ဇင်အောင်က (၂၀၁၅)ခုနှစ်တွင် အပြီးအပိုင် ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိထားပြီး ၎င်းအချိန်မှစ၍ ယနေ့အချိန်ထိ တစ်ဆက်တည်း နေထိုင်လျက်ရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသိန်းဟန် (LL.B,DBL)** | **ဒေါ်အိရွှေစင် (LL.B,DBL,DIL)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၄၄၃၁)** | **(စဉ်-၁၆၇၁၇)** |
| **ဦးရဲမျိုးမင်းကျော် (LL.B,DBL,DIL)၊** | **ဒေါ်စုမွန်ဝင်း (LL.B,DBL)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၈၈၂၁)** | **အထက်တန်းရှေ့နေ(စဉ်-၄၂၅၆၇)** |

**ရုံးခန်း-အမှတ်(၄၉၃)၊ ဝေဘာဂီလမ်း၊ (၅)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၁၆၁၄၁၉၅၊ ၀၉-၇၆၉၀၈၆၉၄၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သ.က.မ-၁၁)၊ (၁၁)ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်-၂၃၀(ခ)ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀ x ၆၀)ပေရှိ ဒေါ်ကျင်ဌေးအမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အခန်း(၁၀)ခန်းပါ (၂) ထပ်အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်သီဂီအောင် [၁၂/အစန (နိုင်)၂၀၁၄၅၅] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်မေသဇင် [၁၂/လယန(နိုင်)၀၀၄၆၈၅]မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေသဇင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ ဦးပိုင် (၂၈)၊ မြေကွက်အမှတ် (၂-C) ဟုခေါ်တွင်သော အကျယ်အဝန်းဧရိယာ (၀. ၀၈၆) ဧကရှိ ဦးသာလှအမည်ပေါက် မြေပိုင်မြေကွက်ကြီးအတွင်းမှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း(၂၀ x ၆၀)ပေရှိ မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ ပေါက်တောလမ်း၊ အိမ်အမှတ် (၅၄၅) ဟုခေါ်တွင်သော ဆိုင်ခန်း (၂) ခန်းပါ အဆောက်အဦနှင့် ရေမီးစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား (၁) ဒေါ်အုန်းမြင့် [၁၂/အစန(နိုင်)၀၁၀၇၂၄]၊ (၂) ဒေါ်သိန်းသိန်းမြင့် [၁၂/အစန(နိုင်)၀၁၀၁၅၂]၊ (၃) ဦးသန်းလှိုင် [၁၂/အစန(နိုင်)၀၀၅၄၄၀]၊ (၄) ဒေါ်စန်းစန်းဌေး [၁၂/အစန(နိုင်)၀၁၀၀၀၂]၊ (၅) ဒေါ်လှလှဌေး [၁၂/အစန(နိုင်) ၀၁၀၀၀၁] ကိုင်ဆောင်သူများမှ တရားဝင်လက်ရှိ ထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော် ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉၉/က)၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်းသွယ် (၁၅)၊ မြေကွက်အမှတ် (၈၁/က) ဟုခေါ်တွင်သော အကျယ်အဝန်း ( $\frac{၇၉'}{၆၆'}$ x $\frac{၁၅၅'}{၁၆၄'}$ ) ပေရှိ ဒေါ်တင်တင်မိုး အမည်ပေါက် နှစ် (၆၀) ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉၉/က)၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်းသွယ်(၁၅)၊ အိမ်အမှတ်(၁/ခ)ဟု ခေါ်တွင်သော အဆောက်အဦ အပါအဝင် ရေမီးစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်တင်တင်မိုး [၁၂/ကမတ(နိုင်)၀၀၇၆၂၇] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိ ထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃) ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁၆/အေ)၊ မြေကွက်အမှတ်(၁၅၀)၊ ခန့်မှန်းအကျယ်အဝန်း (၈၀ x၁၀၀) ပေရှိ ပါမစ်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးခင်စိုး [၉/ပမန(နိုင်) ၀၉၈၅၇၂] အမည်ဖြင့် မှတ်သားထားရှိသော ပါမစ်မြေကွက်နှင့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ လက်ဝယ်ပိုင်ဆိုင်ထားရှိလျက် အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်လွဲလွဲဝင်း [၁၀/မလမ(နိုင်)၁၅၄၈၀၃]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူမည်ဖြစ်သဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ ပါမစ်မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤ ကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စန္ဒာမွေး**
**LL.B, M.P.A, D.B.L,D.M.L,D.I.L,D.APSy, D.I.R,D.G.I**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၁၄၈)**
**အမှတ် (၁၄၄/၁)၊ နံ့သာဖြူလမ်း၊ (၁၄/၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၂၀၀၂၂၂၅၀၊ ၀၉-၉၇၀၃၄၈၈၄၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ၅ ရပ်ကွက် ၊ ရန်ရှင်းလမ်းနှင့် ရန်ငြိမ်းလမ်းထောင့်၊ ရန်ကင်းအဆင့်မြင့်အိမ်ရာ ၊ SPACE @ YANKIN CONDO တိုက်အမှတ်-A၊ အခန်းအမှတ်-03-05 တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်ခင်မြတ်မွန် [၁၃/လရန(နိုင်)၂၂၀၁၁၁]က မိမိတရားဝင်ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းပြီး၊ ပြန်လည်ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ပြန်လည်ရောင်းချလိုကြောင်း ကမ်းလှမ်းသည့်အတွက် ဦးဝဏ္ဏဟန် [၈/ခမန(နိုင်)၁၀၆၅၈၆] နှင့် ဒေါ်ကြည်ပြာသက်ဆွေ [၁၂/ရကန(နိုင်)၀၆၈၉၂၂]တို့က အဆိုပါ တိုက်ခန်းကို အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝဏ္ဏဟန် နှင့် ဒေါ်ကြည်ပြာသက်ဆွေတို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာအောင်**
**(LL.B, D.B.A., D.B.L., D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၀၈၅)**
**အမှတ် (၃၈၃)၊ ၃-လွှာ/အေ၊ (၁၃)လမ်း၊ ဇေယျာသီရိရပ်ကွက်၊**
**ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၂၇၇၈၉၅၊ ၀၉-၇၉၉၂၉၄၈၉၄**

## ရန်ကုန်မြို့တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြသီတာရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၄၀)၊ အကျယ်အဝန်း (၃၀ပေ × ၄၈ပေ)ရှိ အိမ်ခြံမြေအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

အထက်ဖော်ပြပါအိမ်ခြံမြေကို ဦးမြင့်ကြွယ် (၁၂/မဂဒ(နိုင်) ၀၇၇၈၄၉)မှ လက်ဝယ်ထားရှိပြီး လွှတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသော အိမ်ခြံမြေအား ကျွန်တော် ဦးဝင်းမင်းထွန်း (၁၂/သကတ(နိုင်)၀၂၀၅၈၃) ကိုင်ဆောင်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါ အိမ်ခြံမြေအရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါအိမ်ခြံမြေ အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

ဦးဝင်းမင်းထွန်း
၁၂/သကတ(နိုင်) ၀၂၀၅၈၃
အမှတ်(၁၇)၊ စိန်ပန်းမြိုင်လမ်း၊
ပုလဲ(၁)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်။
ဖုန်း-၀၉-၂၅၀၀၅၇၀၃၃

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**မရမ်းကုန်းခရိုင်တရားရုံး**
**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၂၀**

| | | |
|---|---|---|
| ဒေါ်နော်အေးအေးမော် | နှင့် | ၁။ ဒေါ်ခင်လေးမြင့် |
| | | ၂။ ဒေါ်ချယ်ရီ |
| | | ၃။ ဦးစောမျိုးမြင့်ဦး |
| | | ၄။ ဦးစိုးဘုန်းမြင့် |
| | | ၅။ ဒေါ်သိန်းကြည်(ခ) ဒေါ်ခလေး |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်(၁၀)လမ်း၊ အမှတ်(၆၀၈)နေ အမှတ်(၅) တရားပြိုင် ဒေါ်သိန်းကြည်(ခ)ဒေါ်ခလေး (ယခုနေရပ်လိပ်စာမသိ)သူသိစေရမည်။

သင့်အပေါ် တရားလိုမှ မြေကွက်အပိုင် အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်၊ ( ၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်)နေ့ မွန်းမတည့်မီ ၁၀:၃၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁) စာချုပ်စာတမ်းများနှင့်သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

| | |
|---|---|
| အမိန့်ဆင့်စာခလွှတ်။ | **(အောင်သန့်)** |
| **ငွေ ____ ရရှိပြီး။** | **ဒုတိယခရိုင်တရားသူကြီး(၄)** |
| **တံဆိပ်** | **မရမ်းကုန်းခရိုင်တရားရုံး** |

## ဖခင်အမည်မှန်

တပ်ကုန်းမြို့နယ်၊ အ.ထ.က (ရွာတော)ကျောင်း Grade-12 တွင် ပညာသင်ကြားနေသော မအိတင်ဦး၏ ဖခင်အမည်မှန်မှာ ဦးသိန်းနိုင်ဦး [၉/တကန(နိုင်) ၁၆၁၃၃၅]ဖြစ်ပါကြောင်း။

**ဦးသိန်းနိုင်ဦး**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဇဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၅ဘီ၊ မြေကွက်အမှတ် -၂၈ ဒီ/၁ အေ၊ ဧရိယာ (၀.၀၅၈)ဧက မြေကွက်တည်နေရာ အမှတ်(၁၁၄/အေ)၊ နတ်မောက်ရိပ်သာလမ်း၊ ဆရာစံရပ်ကွက်၊ ဇဟန်းမြို့နယ် ဒေါ်ဟာဖစ်ဘီဘီ(ခ) ဒေါ်အေးကြွယ် [၁၂/ဇဟန(နိုင်)၀၈၇၉၀၈] အမည်ပေါက်မြေပိုင်မြေအား ကမာရွတ်ခရိုင်တရားရုံး၊ ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ်- ၃၅၅ တွင် (တရားလို) ဒေါ်သီရိနွယ်မှ တရားပြိုင်များဖြစ်သော ဒေါ်လီ(ခ)ဒေါ်ခင်မမ၊ ဦးခင်မောင်ညွန့်၊ ဒေါ်ဟာဖစ်ဘီဘီ၊ ဒေါ်ခူလ်ရှစ်၊ ဒေါ်ရှီဒင်းတို့၏ (အခွင့်ရကိုယ်စားလှယ် ဦးတိုးမောင်) အပေါ် ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေး၍ တရားပြိုင်တို့ခတ်ထားသောသော့များကို ဖယ်ရှားပေးစေလိုမှုတွင် ယင်းမြေနှင့် မြေကွက်ပေါ်ရှိ နေအိမ် အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းသူနေရာ၌ လက်မှတ်ရေးထိုး၍ အရောင်းအဝယ် မှတ်ပုံတင် စာချုပ်ချုပ်ဆိုစေရန်နှင့် မြေပေါ်ရှိ အဆောက်အဦများ၌ ပိတ်ထားသော သော့များကို ဖယ်ရှားစေရန် (၂၀-၇-၂၀၂၃) ရက်စွဲဖြင့် စီရင်ချက်၊ မြေအမည်ပေါက်ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်- ၂၆၃၇/၂၀၀၆ (၁၄-၇-၂၀၀၆)၊ ၂၀၀၆-၂၀၀၇ ခုနှစ်သုံး ခွဲစိတ်တိုင်းတာသည့်မြေပုံ၊ တရားရုံးအမိန့်၊ အထွေထွေကိုယ်စားလှယ်လွှဲစာများ၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အမှတ်- ၂၉၀၁/၂၀၂၃ (၂၈-၈-၂၀၂၃)၊ ၂၉၀၂/၂၀၂၃ (၂၈-၈-၂၀၂၃)ရက်နေ့ အထွေထွေကိုယ်စားလှယ်လွှဲစာများ ပြန်လည်ရုပ်သိမ်းခြင်း မရှိသေးကြောင်း ကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ တရားရှုံးများဖြစ်ကြသော ဒေါ်လီ(ခ) ဒေါ်ခင်မမ [၁၂/ဇဟန(နိုင်)၀၈၀၈၀၉] နှင့် ဦးခင်မောင်ညွန့်[၁၂/ဇဟန (နိုင်)၀၈၀၈၁၀] တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၄၀၅၉/ ၂၀၂၃ (၃-၃-၂၀၂၃)၊ ဒေါ်ဟာဖစ်ဘီဘီ [၁၂/ကတတ (နိုင်)၀၁၀၆၁၂] ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၄၀၅၇/၂၀၂၃(၃-၃-၂၀၂၃)၊ ဒေါ်ခူလ် ရှစ် [၁၂/ပဘတ(နိုင်) ၀၂၆၆၁၀] ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၄၀၅၈/ ၂၀၂၃ (၃-၃-၂၀၂၃)နှင့် ဒေါ်ရှီဒင်း [၁၂/ရကန(နိုင်)၀၃၈၅၂၁] ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၃၄၆၉/၂၀၂၃ (၂၂-၂-၂၀၂၃) တို့ဖြင့် ရရှိသူ ဦးတိုးမောင် [၈/မကန(နိုင်)၂၉၂၉၉၆] မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော မဖူးပွင့်မိုး [၁၂/ပဇတ(နိုင်)၀၃၅၇၆၁]၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅)၊ မြေကွက်အမှတ်(၄၁၂)တွင် စစ်သူကြီးဆောက်လုပ်ရေးမှ ဆောက်လုပ်ထားသော သာကေတမြို့နယ်၊ (၅) ရပ်ကွက်၊ သုမန (၄)လမ်း၊ အမှတ်(၄၁၂)၊ (၆)ထပ်တိုက်၏ ပထမထပ် (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၈ပေx ၅၄ပေ) ခန့်ရှိသော တိုက်ခန်းနှင့် ရေ၊ မီး အပါအဝင် နေထိုင်ခွင့်၊ သုံးစွဲခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စစ်သူကြီးဆောက်လုပ်ရေးထံမှ ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမင်းဇော်အောင် [၁၃/လရန (နိုင်) ၀၈၇၀၁၄] မှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိ ပိုင်ဆိုင်လာခဲ့သည်မှာမှန်ကန်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးမင်းဇော်အောင် [၁၃/လရန (နိုင်)၀၈၇၀၁၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်အဖြစ်ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကန့်ကွက်နိုင်ရန် အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လေးမြိုင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၃၀၁)**
**အမှတ်(၆၂)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၁၇၆၁၃၄၊ ၀၉-၇၉၁၂၃၃၀၁၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ အောင်မင်္ဂလာ(၃)လမ်း၊ အမှတ် (၁၆၇)နေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိလတ်ချို [၁၂/အစန(နိုင်)၁၈၈၁၃၂] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ လှိုင်သာယာအနောက်ပိုင်းမြို့နယ်၊ (၂၀)ရပ်ကွက်၊ မင်းရဲကျော်စွာ(၈)လမ်း၊ မြေကွက်အမှတ်(သကမ၁၇/၈၂၆)၊ အိမ်အမှတ်(၈၂၆/က)ဟုခေါ်တွင်သော ဦးထူးမြိုင် အမည်ပေါက် မြေချပါမစ်အမျိုးအစား အိမ်ခြံမြေအား စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်မေမြတ်မွန် [၁၄/မအန(နိုင်)၁၉၄၄၃၃] မှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသိန်းဌေး(ခ)ဦးအောင်အောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၈၃)**
**အမှတ်(၉/၁၁)၊ အခန်းအမှတ်(၀၀၄)၊ မြေညီထပ်၊ ၃၆-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၁၈၁)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဒေါ်မြတ်မြတ်ထွန်း [၁၄/ဖပန(နိုင်)၁၄၃၀၃၉]မှ ဒေါ်သန်းသန်းဌေး [၆/မမန(နိုင်)၁၁၅၆၉၃] ထံသို့ (၈-၅-၂၀၂၃)ရက်နေ့တွင် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၈၁၄၃/၂၀၂၃)ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခဲ့ပါသည်။

ယခုအခါ၌ ဆောင်ရွက်ဖွယ်ရာလုပ်ငန်းတာဝန်များပြီးဆုံးပြီးဖြစ်ပါ၍ အဆိုပါလွှဲအပ်ခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၈၁၄၃/၂၀၂၃) အား ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးကျော်ကျော်ဦး(LL.B), WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၇၈၇၀)**
**အမှတ်(၁၅)၊ မင်းနန္ဒာလမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ်။**
**ဖုန်း - ၀၉-၉၇၀၀၇၂၉၈၈၊ ၀၉-၆၆၆၂၈၆၇၃၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၄)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် (၇၅၇/ခ) ဟုခေါ်တွင်သော အကျယ်အဝန်း(၁၀'x၆၀')ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်အတွင်းရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရှိထားပိုင်ဆိုင်သူ ဒေါ်နွယ်နွယ်ဦး [၁၄/မအန(နိုင်)၁၁၈၈၅၄] မှ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆိုသဖြင့် ၎င်းထံမှ အဆိုပါအိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်အောင် ( ဥပဒေဘွဲ့ )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၃၀)**
**ဖုန်း-၀၉-၄၃၀၆၄၆၇၆၊ ၀၉-၇၇၄၃၀၆၄၆၇**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁)ရပ်ကွက်၊ ရွှေပြည်စိုးလမ်း၊ အမှတ်(၁၅၂) ဟုခေါ်တွင်သော အကျယ်အဝန်း(၄၂'x၆၀')ရှိ ဦးကြည်အေး (AA-၀၇၆၇၃၇) အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်အတွင်းရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရှိထားပိုင်ဆိုင်သူ ဒေါ်သန်းသန်းဌေး [၁၂/ဥကမ(နိုင်)၀၇၆၈၈၉]မှ တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆိုသဖြင့် ၎င်းထံမှ အဆိုပါ အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်အောင် ( ဥပဒေဘွဲ့ )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၃၀)**
**ဖုန်း-၀၉-၄၃၀၆၄၆၇၆၊ ၀၉-၇၇၄၃၀၆၄၆၇**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၄)၊ မကွေးတိုင်းဒေသကြီးရုံးမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း(၈)ခု ဆောင်ရွက်ရန်အတွက် လုပ်ငန်းတစ်ရပ်လုံးတင်ဒါနှင့် လုပ်ငန်းသုံးပစ္စည်းတင်ဒါ ခေါ်ယူမည်ဖြစ်ပါ၍ လျှောက်ထားလိုသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၁။ | လုပ်ငန်းတစ်ရပ်လုံးတင်ဒါ | -ကမ်းပြိုကာကွယ်ရေးလုပ်ငန်း(၅)ခု |
| ၂။ | လုပ်ငန်းသုံးပစ္စည်းတင်ဒါ | -ကမ်းပြိုကာကွယ်ရေးလုပ်ငန်း(၃)ခု |
| ၃။ | တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ | -ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ -မကွေးတိုင်းဒေသကြီးရုံး၊ ဗျူဟာလမ်း၊ ရွှေညောင်(၂)ရပ်ကွက်၊ မကွေးမြို့။ |
| ၄။ | တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် | -(၂-၁၀-၂၀၂၃)ရက်(တနင်္လာနေ့)မှစ၍ (ရုံးချိန်အတွင်း) |
| ၅။ | တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက် | -(၁၆-၁၀-၂၀၂၃)ရက်(တနင်္လာနေ့) ညနေ(၄:၃၀)နာရီ |
| ၆။ | တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်/အချိန် | -(၁၇-၁၀-၂၀၂၃)ရက်(အင်္ဂါနေ့) ညနေ(၄:၃၀)နာရီ |
| ၇။ | P.O Cheque ပေးသွင်းရမည့် နောက်ဆုံးရက်/အချိန် | -(၁၇-၁၀-၂၀၂၃)ရက်(အင်္ဂါနေ့) ညနေ(၄:၃၀)နာရီ |

၈။ လုပ်ငန်းတစ်ရပ်လုံးတင်ဒါနှင့် လုပ်ငန်းသုံးပစ္စည်းတင်ဒါ ဖွင့်လှစ်မည့်ရက်/အချိန်အား ဌာနမှဆက်သွယ်အကြောင်းကြားမည်ဖြစ်ပါသည်။

၉။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရေအရင်းအမြစ်နှင့်မြစ်ချောင်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၄)၊ မကွေးတိုင်းဒေသကြီးရုံး၊ ဖုန်း-၀၆၃-၂၀၂၈၃၉၀ Email magway.yaana@gmail.com သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံးစမ်းမေးမြန်းနိုင်ပါသည်။

## လမ်းမတော်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်-၇၆၃ ဟု လိပ်စာတွင်သည့် မြေအိမ်နှင့် ပတ်သက်ပြီး သက်ဆိုင်သူများနှင့် အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မိုးမိုး [၁၂/လမတ(နိုင်)၀၃၀၀၂၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (ယခင်)မြို့မအနောက်တိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၂၉ဇက်ᵃ၊ မြေကွက်အမှတ် - V ၁၉၉ ဟုခေါ်တွင်သော ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇) ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ် - ၇၆၃ ဟု လိပ်စာတွင်သော (အနံ ၂၅ပေ x အလျား ၅၀ ပေ) အကျယ်ရှိ ဒေါ်ကြင်စိန် အမည်ပေါက် ဂရန်မြေနှင့် နှစ်ထပ်တိုက်ဖြစ်ပြီး၊ ကွယ်လွန်သူ ဒေါ်ကြင်စိန်၏ အမွေဆက်ခံသူများအဖြစ် ဒေါ်သန်းအေး (သမီး) [၁၂/လမတ(နိုင်)၀၁၁၆၃၇]၊ ဒေါ်ယုယုခင် (မြေး) [၁၂/လမတ(နိုင်)၀၁၁၇၄၆]၊ ဒေါ်ခိုင်ခိုင်ထွန်း (မြေး) [၁၂/လမတ(နိုင်)၀၀၀၇၈၅]၊ ဒေါ်ခင်ခင်ထွန်း (မြေး) [၁၂/လမတ (နိုင်)၀၀၀၇၈၄] နှင့် ဒေါ်မိုးမိုး (မြေး) [၁၂/လမတ(နိုင်)၀၃၀၀၂၄]တို့ (၅)ဦးသာ ကျန်ရစ်ပါသည်။ အဆိုပါ မြေနှင့်နှစ်ထပ်တိုက်အိမ်ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မိုးမိုး မသိရှိဘဲ ကျန် (၄) ဦး အနက် တစ်ဦးတစ်ယောက်၏သဘောဆန္ဒဖြင့် ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ဘဏ်အာမခံတင်သွင်းခြင်း၊ ဂရန်အမည်ပြောင်း လျှောက်ထားခြင်း၊ ဂရန်သက်တမ်းတိုးလျှောက်ထားခြင်းတို့ကို လုံးဝပြုလုပ်ခွင့်မရှိကြောင်းနှင့် ပြုလုပ်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ပြီး ထိုသို့ ပြုလုပ်သူအပေါ် တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်မိုးမိုး** | **ဒေါ်တင်နွယ်ဝင်း - LL.B** |
| **[၁၂/လမတ(နိုင်)၀၃၀၀၂၄]** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၃၈၃)** |
| | **တိုက် (၁၈)၊ အခန်း(၄၀၄)၊ ပိတောက်လမ်း (အေ)၊** |
| | **ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊** |
| | **ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၃၆၂၁၀၅** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ကျန်စစ်သားလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၇၀)၊ မြေကွက်အမှတ် (၇၇၂/က)၊ အကျယ်အဝန်း (၂၀x၆၀)ပေရှိ ဦးစိုးမြင့် [၁၂/သဃက(နိုင်)၀၆၈၁၉၇] အမည်ပေါက် မြေချပါမစ် မြေကွက်နှင့်

၂။ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ကျန်စစ်သားလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၇၀)၊ မြေကွက်အမှတ် (၇၇၂/ခ)၊ အကျယ်အဝန်း (၂၀x၆၀)ပေရှိ ဦးမောင်မောင်အုန်း (MTNT-005729) အမည်ပေါက် မြေချပါမစ်မြေကွက်။

အဆိုပါ မြေကွက်(၂)ကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မူလအမည်ပေါက်ထံမှ ဦးသိန်းကျော် (WKA-015495) [၁၂/တမန(နိုင်)၀၅၁၈၄၇]သည် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ဝယ်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ မမျိုးသန္တာဦး [၁၂/ဒဂတ(နိုင်)၁၀၃၂၇၀]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် ယင်းမြေကွက်(၂)ကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားအစုံအလင်ဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မမျိုးသန္တာဦး၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဇင်မာထွေး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၅၇/၂၀၁၃)**
**အမှတ်(၇၉၃)၊ ငမိုးရိပ်(၂)လမ်း၊ အပိုင်း(၁)၊ ငမိုးရိပ်ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၂၁၇၄၅၆၁၉၊ ၀၉-၇၉၅၆၆၇၃၀၂**

## ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး တန်ဆောင်မုန်းလအတွက် ဆွမ်းဆန်တော်ဝယ်ယူခြင်း ဈေးနှုန်းအဆိုပြုလွှာတင်သွင်းရန်ကြော်ငြာ

ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီးသည် အကြိမ် (၂၈၀) မြောက် တန်ဆောင်မုန်းလ ဆွမ်းဆန်တော်လှူဒါန်းရန်အတွက် ဆွမ်းဆန်တော်အိတ် (၉၀၀၀) ကျော်ဝယ်ယူလှူဒါန်းမည်ဖြစ်ပါသည်။ ဆန်ရောင်းချလိုသူများသည် လုပ်ငန်းဈေးနှုန်းအဆိုပြုလွှာပုံစံ၊ ဝယ်ယူမည့်အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းချက်များကို ၂-၁၀-၂၀၂၃ရက် မှ ၁၅-၁၀-၂၀၂၃ရက်အထိ ရန်ကုန်ဆန်လှူအသင်းကြီး ရုံးအဖွဲ့မှူးထံတွင် ထုတ်ယူ တင်သွင်းနိုင်ပါသည်။

တင်ဒါပိတ်မည့်ရက် ၁၅-၁၀-၂၀၂၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ - (၃) နာရီ

အသေးစိတ်သိရှိလိုပါက ၀၉-၂၅၄၈၉၁၆၇၀၊ ၀၉-၂၆၆၀၆၆၀၇၇၊ ၀၉-၄၂၀၀၂၅၈၅၂ ဖုန်းနံပါတ်များသို့ နံနက် (၈) နာရီ မှ မွန်းလွဲ (၃) နာရီအထိစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပရိယတ္တိသာသနာနုဂ္ဂဟ**
**ရန်ကုန်ဆန်လှူအသင်းကြီး**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကိုသတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ရေရောကတ္တရာ | ၂၀၀ တန် |
| (ခ) | Chipping 3/4", 3/8", Crushed Dust | ၃၂၀၀/ ၃၄၅၀/ ၃၂၅၀ ကျင်း |
| (ဂ) | ၆၆၀ လီတာအမှိုက်ပုံး/လုပ်သားမိုးကာအကျႌ(အရှည်) | ၆၀၀ ပုံး / ၄၀၀၀ ထည် |
| (ဃ) | Catalytic Media Filter | ၁၁၀၀ အိတ် |
| (င) | MS Plate(၄)မျိုး/ H.Beam (၅)မျိုး | 1 Lot |
| (စ) | ပိုက်နှင့်ပိုက်ဆက်ပစ္စည်းများ | 1 Lot |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂ - ၁၀ - ၂၀၂၃ရက်မှစ၍ရောင်းချမည်ဖြစ်ပြီး ၁၇ - ၁၀ -၂၀၂၃ ရက် (၁၂:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်) ဘဏ္ဍာရေးနှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်- ၀၁ ၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ည၊ မြေကွက်အမှတ်-၈၄၅၊ ၂၁၈၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ်-၈၄၅၊ ရော(၁၇)လမ်း၊ ည-ရပ်ကွက်၊ ဒေါ်လှအေး (AD-၀၁၂၅၄၄)အမည်ပေါက် နှစ်(၆၀)ဂရန်အား မြေအမည်ပေါက် ဒေါ်လှအေး(မိခင်)သည်(၁၈-၁၀-၂၀၀၄)ရက်နေ့တွင် လည်းကောင်း၊ ဦးမောင်စိုး(ဖခင်)သည် (၁၅-၆-၁၉၉၁)ရက်နေ့တွင်လည်းကောင်း အသီးသီး ကွယ်လွန်သဖြင့် ဦးကျော်မြင့်သန်း[၁၂/ဥကမ(နိုင်)၀၅၉၂၇၁]မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့် တစ်ဦးတည်းသောသားတော်စပ်ကြောင်း၊ မိမိမှလွဲ၍ အခြားအမွေစားအမွေခံကိတ္တိမသားသမီးများလည်းမရှိသည်မှာ မှန်ကန်ကြောင်း၊ ကျမ်းကျိန်လွှာအမှတ်-၁၄၆၇/၂၀၂၂/ ၂၅-၁၁-၂၀၂၂၊ ထောက်ခံကျမ်းကျိန် (၂) စောင်၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်းတို့ တင်ပြ၍ ဦးကျော်မြင့်သန်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၃၉၀၉/၂၀၂၂၊ (၉-၈-၂၀၂၂)ဖြင့် ရရှိသူ ဒေါ်အေးသီတာဝင်း [၁၂/ဥကမ(နိုင်)၁၉၄၁၅၉]မှ ကိုယ်စားလှယ်လွှဲစာ၊ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း၊ ပါဝါမရုပ်သိမ်းသေးကြောင်း၊ ကျမ်းကျိန်လွှာတို့ပူးတွဲတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ - ၂၁၈
## သဃ်္ဃန်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၇၈

**(ကွယ်လွန်သူ ဦးတင်အေး၏ ကျန်ရစ်ခဲ့သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု)**

**ဦးသန်းဦး** လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ (၇)လမ်း၊ အမှတ်(၃၆၃/က)တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးတင်အေး၏ ကျန်ရစ်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၃၆၃/က)၊ ဦးတင်အေးအမည်ပေါက် နှစ်(၆၀)မြေငှား ဂရန်မြေကွက် အကျယ်အဝန်း အလျား (၂၀)ပေ x အနံ (၆၀)ပေ၊ စတုရန်း ၁၂၀၀ ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို အမည်ပေါက်ဦးတင်အေး၏ အမွေဆက်ခံခွင့်လက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်းနှင့် ၎င်း၏တူဖြစ်သူ လျှောက်ထားသူမှ အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားလျက်ရှိသဖြင့် ဤအမှုကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၁၂) ရက်၊ (၁၃၈၅ ခုနှစ်၊ တော်သလင်းလဆုတ် ၁၃ ရက်)နေ့နံနက် (၁၀း၀၀)နာရီ၌ မိမိတို့ကိုယ်တိုင်သော် လည်းကောင်း၊ မိမိတို့ နည်းလမ်းတကျ လွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်အမှုရင်ဆိုင်ရန်နှင့် သက်ဆိုင်ရာအမှုတွဲကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၁၈နှင့်အညီ ဆင့်ဆိုလိုက်သည်။ ယင်းကဲ့သို့ လာရောက်ရင်ဆိုင်ရန် ပျက်ကွက်ခဲ့လျှင် တရားရုံးတော်က လျှောက်ထားသူ၏ လျှောက်လွှာအပေါ် စစ်ဆေးကြားနာ၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၂၈)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝါဝါလွင်)**
**ဒုတိယခရိုင်တရားသူကြီး( ၃)**
**သဃ်္ဃန်းကျွန်းခရိုင်တရားရုံး**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ (၃၈)လမ်း၊ အမှတ်(၁၃၈၃)နေ ကျွန်ုပ်တို့၏ မိတ်ဆွေဦးမြတ်မင်း[၁၂/ဥကတ(နိုင်)၁၄၅၀၉၇]၏ လွှဲအပ်ညွှန်ကြားချက်အရ ကျွန်ုပ်တို့၏မိတ်ဆွေသည် (၉-၁၀-၂၀၀၆)ရက်နေ့က ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၆၉)ရပ်ကွက်၊ မဟာဗန္ဓုလလမ်းသွယ်၊ အမှတ်(၁၉၁၃) ရှိ ပေ၄၀xပေ၆၀ မြေကွက်နှင့် လူနေအိမ် (၁)လုံးတို့ကို တရားဝင်ပိုင်ဆိုင် ရောင်းချခွင့်ရှိသူ ဒေါ်မြမြဆွေ [၁၂/တမန(နိုင်)၀၇၁၅၄၁]ထံမှ တန်ဖိုးငွေကျပ် ၄၅၀၀၀၀/- (ကျပ်လေးသိန်းငါးသောင်း တိတိ)ဖြင့် သက်သေများရှေ့တွင် ကတိစာချုပ်ချုပ်ပြီး ဝယ်ယူကာ လက်ရောက်ပိုင်ဆိုင်ခဲ့သည်မှာ ယနေ့အချိန်အထိဖြစ်ပါသည်။ ကျွန်ုပ်တို့၏ မိတ်ဆွေက တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသော ဖော်ပြပါ မြေကွက်နှင့် အိမ်ပေါ်တွင် ဦးလေးဖြစ်သူ ဦးမောင်မောင်ပါ (ခ)ဦးမြင့်နိုင် [၁၂/ဥကတ(နိုင်)၁၀၃၉၇၀] အပါအဝင် မိသားစု (၅)ဦးကို (၉-၅-၂၀၀၉)ရက်နေ့က မေတ္တာဖြင့် အခမဲ့နေထိုင်စေခွင့်ပြုခဲ့သည်မှာ ယနေ့အချိန်ထိဖြစ်ပါသည်။ ဦးလေးဖြစ်သူနှင့် မိသားစုများကလည်း ကျွန်ုပ်တို့၏ မိတ်ဆွေက အချိန်မရွေးပြောင်းရွှေ့ခိုင်းသည့်အခါ ပြောင်းရွှေ့ပေးပါမည် ဟူသော နှုတ်ကတိဖြင့် ယနေ့ထိတိုင်နေထိုင်လျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**တရားဝင်လွှဲအပ်ညွှန်ကြားချက်များအရ**

| | |
|---|---|
| **ဦးတင်ဝင်း** | **ဦးတင့်ဇော်** |
| **(LL.B, D.B.L, D.I.L,D.M.L)** | **(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၀၂၉)** | **အထက်တန်းရှေ့နေ(စဉ်-၄၄၄၃၃)** |

**အမှတ်(၇၂၄)၊ ဝရဇာ(၄)လမ်း၊ (အထက်)၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-သကမ-၁၅၊မြေကွက်အမှတ် ၆၈၇/ခ၊ဧရိယာ(၂၀'x၆၀')၊မြေကွက်တည်နေရာအမှတ်-၆၈၇/ခ၊သုမင်္ဂလာလမ်း၊(၁၉)ရပ်ကွက်၊လှိုင်သာယာမြို့နယ်၊ဦးတင်မောင်အမည်ပေါက်ပါမစ်မြေအားအမည်ပေါက်-ဦးတင်မောင်ထံမှအရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့်ဝယ်ယူသူဦးခင်မောင်လှ(၁၄/အမတ(နိုင်)၀၄၂၃၅၅)မှနိုင်ငံသားစိစစ်ရေးကတ်၊ပါမစ်မူရင်းတွင်ခါတ်ပုံ၊ရွှေ့ပြောင်းမည့်သူများ၏ရာဇဝင်အကျဉ်းချုပ်၊မြေနေရာချထားပေးခံရသူများ၏မိုခိုသူများစာရင်းစာရွက်တို့တင်ပြပြီးအိမ်ရာဆောက်လုပ်နေထိုင်ခွင့်စာရွက်တင်ပြနိုင်ခြင်းမရှိဘဲပါမစ်(မစုံ)ဖြင့်နှစ်(၆၀)မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရော၀ဏ်လမ်း၊ ရောချမ်းသာအိမ်ရာဝင်းအတွင်းရှိ ရောချမ်းသာကွန်ဒို၊ တိုက်အမှတ်(14-A)(17လွှာ)၊ အခန်းအမှတ်(316)၊ အခန်းအမျိုးအစား Type Standard၊ အကျယ်အဝန်း ဧရိယာ(470) စတုရန်းပေရှိသော ကွန်ဒိုတိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ရှင်ဖြစ်သူ ဒေါ်အေးအေးမြင့် မှတ်ပုံတင်အမှတ်[၁၄/ညတန(နိုင်) ၀၈၈၀၄၇](ချမ်းသာရွှေမြေဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)၏ကိုယ်စားပြုလက်မှတ်ရေးထိုးသူထံမှ အပြီးအပြတ်ဝယ်ယူရန်အတွက် ကျွန်မဒေါ်မင်းမင်းထိုက်[၁၂/သဃက(နိုင်) ၀၀၀၄၆၂] က 30 % Down Payment ပေးချေခဲ့ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်မထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်မင်းမင်းထိုက်**
**Ph:09-262227097**

## ဦးသူရအောင်အောင်[၁၂/ဥကတ(နိုင်)၁၄၄၁၀၃]နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည် ဒေါ်မြတ်ကေခိုင်[၁၂/အလန(နိုင်)၀၀၀၆၈၈]နှင့် ဦးသူရအောင်အောင်[၁၂/ဥကတ(နိုင်) ၁၄၄၁၀၃] တို့သည် (၂-၂-၂၀၀၆)ရက်နေ့ကပင် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ် တရားရုံးတော်၌ ဥပဒေနှင့်အညီ ထိမ်းမြားမင်္ဂလာကတိသစ္စာပြုလွှာတွင် လက်မှတ်ရေးထိုး၍ တရားဝင် အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းခဲ့ကြရာ ယနေ့အချိန်ထိ တရားဝင် ကွာရှင်းပြတ်စဲခြင်းမရှိသေးသည့် အကြင်လင်မယားများဖြစ်ရာ ကျွန်ုပ်၏ အမှုသည် ဒေါ်မြတ်ကေခိုင်သာလျှင် ဦးသူရအောင်အောင်၏ တရားဝင်ဇနီးမယားဖြစ်ပြီး အိမ်ထောင်ရေး အရှုပ်အရှင်း တစ်စုံတစ်ရာပေါ်ပေါက်ပါက ကျွန်ုပ်၏အမှုသည် ဒေါ်မြတ်ကေခိုင်က တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးသူရအောင်အောင်[၁၂/ဥကတ(နိုင်)၁၄၄၁၀၃]နှင့် အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်မြတ်ကေခိုင်[၁၂/အလန(နိုင်)၀၀၀၆၈၈]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီတာအောင် (LL.B, D.B.A., D.B.L., D.M.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၀၈၅)**
**အမှတ် (၃၈၃)၊ ၃-လွှာ/အေ၊ (၁၃)လမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၂၇၇၈၉၅၊ ၀၉-၇၉၉၂၉၄၈၉၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၃)၊ နံ့သာဖြူလမ်း၊မြေကွက်အမှတ်(၁၁၅/၁)၊ မြေအကျယ်အဝန်း(၁၅ပေx၅၅ပေ)၊ခေါင်းရင်းခြမ်း၊ မြေကွက်အမှတ်(၁၁၅/၂)နှင့် ကပ်လျက်ဘက်အခြမ်းရှိနှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံး တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိမြို့မြေစာရင်းတွင် **ဒေါ်ခင်သန်းမြင့် [၁၂/ဥကတ(နိုင်)၁၀၆၈၅၄]** အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည် လွှဲပြောင်း ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏ မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါကဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း) များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါ ကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါကအရောင်း အဝယ်ကိုပြီး မြောက်အောင်မြင်သည်အထိ ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်စုစုလှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၀၆)** | **အထက်တန်းရှေ့နေ (စဉ်-၅၅၅၆၃)** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မြင့် [၁၂/တမန(နိုင်)၀၁၁၃၉၇] ၏လွှဲအပ်ချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်-

(၂၀၁၅)ခုနှစ်၊ ဒီဇင်ဘာလ၊ ရက်စွဲဖော်ပြထားခြင်းမရှိသော **“မိသားစုစီမံခန့်ခွဲမှု စာချုပ် ” အရပ်ကတိစာချုပ်ကို** ဦးအောင်မြင့်နှင့် ၎င်း၏မိဘညီအစ်ကိုမောင်နှမတစ်စုက ပြုလုပ်ချုပ်ဆိုခဲ့ကြပါသည်။ အဆိုပါစာချုပ်ကိုပြုလုပ်ချုပ်ဆိုစဉ်က ကျွန်ုပ်မိတ်ဆွေအပေါ်မလျော်ဩဇာလွှမ်းမိုး၍ အတင်းအကျပ်ချုပ်ဆိုခဲ့ကြပြီး စာချုပ်တွင်ဖော်ပြပါရှိသော ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများသည် ဦးအောင်မြင့်တစ်ဦးတည်းလုံ့လဝီရိယဖြင့်ရှာဖွေထားသော ပစ္စည်းများဖြစ်ပြီး ဦးအောင်မြင့်တစ်ဦးတည်း အမည်ပေါက်ပိုင်ဆိုင်သောပစ္စည်းများလည်းဖြစ်ပါသည်။ ထို့အပြင် အထက်ဖော်ပြပါ **မိသားစုစီမံခန့်ခွဲမှုစာချုပ်သည် အရပ်စာချုပ်ဖြစ်သဖြင့် ယင်းစာချုပ်သည် မူလကပင် ပျက်ပြယ်နေ**သည့်အပြင် ၎င်းစာချုပ်အား ယနေ့သတင်းစာကြေညာပါသည့်ရက်နေ့မှစ၍ ဦးအောင်မြင့်၏သဘောဆန္ဒအရ ပြန်လည်ရုပ်သိမ်းအပ်ပါသည်။ သို့ပါ၍ ဦးအောင်မြင့်၏သဘောတူခွင့်ပြုချက်မပါရှိဘဲ ပစ္စည်းများအား ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ကန့်ကွက်ခြင်းများ ပြုလုပ်ခွင့်မရှိပါကြောင်းနှင့် ပြုလုပ်ပါက တည်ဆဲဥပဒေများအရအရေးယူဆောင်ရွက် သွားမည်ဖြစ်ကြောင်းကို သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဒေါ်နှင်းချယ်ရီ (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၄၀၄)**
**အမှတ်(၄၁)၊ ၈၈ -လမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ Ph:09-953119749, 09-443119749**

## ဒေါ်ခင်အေးမူ(ဘ) ဦးသိန်းဖေနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ လေးထောင့်ကန်စံပြရပ်ကွက် (ဘူတာပိုင်း)၊ အမှတ်(၂)လမ်းမကြီး၊ အမှတ်(၀၀၇၈)နေ ဒေါ်အန်ဂျလဲ(ဘ) ဦးမူနီယန်းဒီး (HGU-089685)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ လေးထောင့်ကန်စံပြရပ်ကွက် (ဘူတာပိုင်း)၊ အမှတ်(၂)လမ်းမကြီး၊ အမှတ်(၀၀၅၂)ဟု ခေါ်တွင်သော (အလျား-$17\frac{1}{2}$ ပေxအနံ-130ပေ)ရှိမြေကွက်သည် ဦးသန်းထွန်းနှင့် ဒေါ်ခင်အေးမူတို့ မောင်နှမနှစ်ဦး ပူးတွဲပိုင်ဆိုင်ကြပါသည်။ ဦးသန်းထွန်းသည် (၁၅-၄-၂၀၂၀)ရက်တွင် ကွယ်လွန်ခဲ့ပါသည်။ ထို့ကြောင့် ဦးသန်းထွန်း၏ဇနီး ဒေါ်အန်ဂျလဲ(ဘ) ဦးမူနီယန်းဒီးသည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ယင်းမြေကွက်ကို ဒေါ်ခင်အေးမူနှင့်အတူ ပူးတွဲပိုင်ဆိုင်ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်အန်ဂျလဲ(ဘ) ဦးမူနီယန်းဒီး၏ သဘောတူခွင့်ပြုချက်မရှိဘဲ ယင်းမြေကွက်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းမပြုလုပ်ရန် တားမြစ်လိုက်ပါသည်။ အကယ်၍ ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ တရားစွဲဆို သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအုန်းမြင့်** | **ဒေါ်ကေခိုင်မွန်** |
| **B.Sc(Q).,C.T.Med.,H.G.P,R.L** | **LL.B, D.B.L,D.M.L,D.I.L.,** |
| **D.B.L, D.M.L, D.A.Psy, D.A.E** | **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၄၉၀)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၄၅၈)** | |
| **ဖုန်း- ၀၉-၄၃၁၁၉၀၁၃** | |

**အမှတ်(၇၄၅)၊ မြရတနာ(၆)လမ်း၊ ၂၄-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၁)၊ မြေကွက်အမှတ်(၈၈၉)၊ ခြေရင်းခြမ်း၊ မြေကွက်အမှတ်(၈၈၈)နှင့်ကပ်လျက်ဘက်အခြမ်း၊ မြေအကျယ်အဝန်း(၂၀ပေ x ၆၀ပေ)ရှိ မြေချပါမစ်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိမြို့မြေစာရင်းတွင် **ဦးအောင်ဇော်(TKA-၀၃၆၅၅၂)**အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဒေါ်မိုးမိုးထွန်း [၁၂/တကန(နိုင်)၁၄၃၅၇၆]သည် “နှစ်ဦး သဘောတူ အဆင့်ဆင့် အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်များ”**ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက် ကျော်လွန်ပါကအရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်စုစုလှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၀၆)** | **အထက်တန်းရှေ့နေ (စဉ်-၅၅၅၆၃)** |

**အမှတ်(၅၄၄-ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## (၁၃/၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်)

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(က) **စက်နှင့်စက်အရန်ပစ္စည်းများဝယ်ယူခြင်း**
Micro-Separometer, Spare Parts for Boiler Feed Water Pump, Absorber Feed Pump Complete Set without Motor, CO-501 A/B Fractionator Offgas Compressor Spare, Redundant Power Feed Module for PLC Main Pannel, Mulitpair Thermocouple Extension Cable, Air Set for GT Seal Oil Head Tank Control Valve, Pressure Transmitter, Smart Current Driver for PLC Main Panel, 33KV Remote Control Pannel

(ခ) **ဓာတုဗေဒပစ္စည်းများဝယ်ယူခြင်း**
Mixed Bed Resin,

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်နေ့ရက် - ၂၉-၉-၂၀၂၃
၃။ တင်သွင်းရမည့်နေ့ရက် - ၁၂-၁၀-၂၀၂၃
၄။ တင်ဒါတင်သွင်းရမည့်နေရာ - စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊နေပြည်တော်။
၅။ အိတ်ဖွင့်တင်ဒါများကို စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄) ဘဏ္ဍာရေးဌာန(နေပြည်တော်)နှင့် အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)တို့တွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**ဖုန်း-၀၆၇-၃၄၁၁၁၂၃၊ ၀၆၇-၃၄၁၁၁၉၃၊ ၀၆၇-၃၄၁၁၁၇၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်အိမ်ရာ၊ တိုက်အမှတ်(A 3)၊ အခန်းအမှတ်- 1008 (Type-A)၊ ဧရိယာ (၁၁၈၅)စတုရန်းပေ ကျယ်ဝန်းသော ကွန်ဒိုတိုက်ခန်းကို Thanlyin Estate Development Co;Ltd ထံမှ ဒေါ်မြတ်ဆုကြည် [၁၂/ဥကတ(နိုင်)၀၀၉၀၅၄]က (၂၄-၄-၂၀၁၂)ရက်နေ့တွင်လည်းကောင်း၊ ဒေါ်မြတ်ဆုကြည်ထံမှ ဦးကိုကိုဝင်းဆွေထွန်း [၁၂/ဒဂန(နိုင်)၀၂၇၀၂၉]က (၂၃-၁၁-၂၀၂၀) ရက်နေ့တွင်လည်းကောင်း ၊ ဦးကိုကိုဝင်းဆွေထွန်း ထံမှ ဦးအောင်ဇော်မြင့် [၁၄/မမက(နိုင်)၁၃၆၅၂၅]နှင့် ဒေါ်ခင်ခင်နု [၁၁/ကဖန(နိုင်)၀၀၆၃၁၈]တို့က (၃၀-၁၂-၂၀၂၁)ရက်နေ့တွင်လည်းကောင်း အဆင့်ဆင့်ဝယ်ယူခဲ့ကြရာ ယခုလက်ရှိထားအမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်ဇော်မြင့်နှင့် ဒေါ်ခင်ခင်နုတို့ထံမှ တိုက်ခန်းကို ဝယ်ယူရန်အတွက် ဦးညီညီအောင်[၁၄/ကကထ(နိုင်)၁၄၀၁၄၈]နှင့် ဒေါ်သီတာထွန်း [၁၄/မမက(နိုင်)၁၃၅၄၈၁]တို့က စရန်ငွေပေးချေထားပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြင့်မြင့်ကြည် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၆၁၁၈ / ၃၀-၁၁-၉၄ )**
**ဖုန်း - ၀၉၅၄၀၁၂၅၀**
**ရုံး-အမှတ်- ၆၂၊ အခန်း (၉)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**အိမ်- အမှတ်-၂၁၀၊အောင်သပြေလမ်း၊ (၂)ရပ်ကွက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ် ၊ ရန်ကုန်မြို့။**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## ( တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ )
## အင်းစိန်ခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၉၅

ဒေါ်ယုယုဇင် — ၁။ ဒေါ်လိုင်ဟုံဟင်(ခ)ဒေါ်စိုးစိုးရီ
၂။ ဒေါ်ယုယုလွင်
(တရားလို) နှင့် (တရားပြိုင်များ)

**မြေတိုင်းရပ်ကွက်- ၂၂၊ လူနေရပ်ကွက်အမှတ်- ရလပ(မ)၊ အမှတ်-၂၉၉(က)၊ ၂၉၉(ခ)၊ ၃၀၀(က)၊ ၃၀၀(ခ)၊ ရွှေလင်ဗန်းရပ်ကွက်၊ လှိုင်သာယာမြို့နယ် (ယခုနေရပ်လိပ်စာမသိ)** ဒေါ်ယုယုလွင် သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင် ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်။ (၁၃၈၅ ခုနှစ်၊ တော်သလင်းလဆုတ် ၁၄ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင် မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် **လိုအပ်သည့်စာချုပ်စာတမ်းများ**နှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးကျော်)**
**ခရိုင်တရားသူကြီး**
**အင်းစိန်ခရိုင်တရားရုံး**

၅၅ကြိမ်မြောက် ၁,၀၀၀ ကျပ်တန် အောင်ဘာလေအွန်လိုင်း သိန်းဆုထီကို ၁.၉.၂၀၂၃ ရက်နေ့မှစတင် ရောင်းချပေးနေပြီး ဆုမဲများကို သီးခြားခွဲ၍ ဖွင့်လှစ်ချီးမြှင့်ပေး သွားမည်ဖြစ်လို့ အွန်လိုင်းမှဝယ်ယူ ကံစမ်းသူများအနေဖြင့် ထီဆုကြီးများနှင့် ဆုမဲပေါင်းများစွာ ကံထူးနိုင်တော့မည်ဖြစ် ကြောင်းအသိပေး ကြေငြာအပ်ပါသည်။

aungbarlay.ird.gov.mm

App Store
Google Play

အောက်တိုဘာလ (၁)ရက်နေ့ ထီဖွင့်မည်။ ထီဖွင့်ရန် (၁)ရက်သာလိုတော့သည်။

## ရန်ကုန်တက္ကသိုလ်
## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနမှ ဖွင့်လှစ်ခဲ့သောသင်တန်းများ ပြန်လည်ဖွင့်မည့်အစီအစဉ်ကြေညာခြင်း

၁။ ရန်ကုန်တက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန အစီအစဉ်ဖြင့် ယခင်ဖွင့်လှစ်လျက်ရှိသော အောက်ဖော်ပြပါ သင်တန်းများသည် ၂၀၂၀ ခုနှစ် ကိုဗစ်ကပ်ရောဂါကြောင့် ရပ်နားထားခဲ့ရပါသဖြင့် အဆိုပါ သင်တန်းများကို (၁၆-၁၀-၂၀၂၃)ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်သင်ကြား ပေးနိုင်ရန် သင်တန်းသားများသည် (၁၃-၁၀-၂၀၂၃)ရက်နေ့နောက်ဆုံးထား၍ သက်ဆိုင်ရာ ဘာသာရပ်ဌာနများသို့ လာရောက်ဆက်သွယ်ပါရန် အကြောင်းကြားအပ်ပါသည် -

(က) အပတ်စဉ်-၅ ( Post Graduate Diploma in Myanmar History and Culture)(DMHC)
(ခ) အပတ်စဉ်-၂ (Post Graduate Diploma in Contemporary Myanmar Studies)(DCMS)
(ဂ) အပတ်စဉ်-၁၉ (Post Graduate Diploma in Geographic Information System) (Dip/GIS&RS)
(ဃ) အပတ်စဉ်-၃ (Post Graduate Diploma in Environmental Studies) (PGDES)
(င) အပတ်စဉ်- ၂ (Post Graduate Diploma in Applied Philosophy) (PGDAPhil)
(စ) အပတ်စဉ်-၁၆ (Diploma in International Relations)(DIR)
(ဆ) အပတ်စဉ်-၆ (Diploma in Political Science)(DPS)
(ဇ) အပတ်စဉ်-၁၆ (Diploma in Gem Identification)(DGI)
(ဈ) အပတ်စဉ်-၂၁ (Diploma in Business Law) (DBL)
(ည) အပတ်စဉ်-၁၆ (Diploma in International Law ) (DIL)
(ဋ) အပတ်စဉ်-၁၈ (Diploma in Maritime Law ) (DML)
(ဌ) အပတ်စဉ်-၄ (Diploma in Intellectual Property Law) (DIPL)
(ဍ) MA Business Law
(ဎ) အပတ်စဉ်-၅ (စာပေဖန်တီးရေးသားမှုနှင့်တည်းဖြတ်မှု အတတ်ပညာဒီပလိုမာသင်တန်း)(DCWE)
(ဏ) အပတ်စဉ်-၂ (Diploma in Myanmar Language Proficiency for Foreigners)(DMLPF)

၂။ အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာဘာသာရပ်ဌာနများတွင် စုံစမ်းနိုင်ပါသည်။

**ဌာနမှူး၊ သင်တန်းရေးရာ**
**ရန်ကုန်တက္ကသိုလ်**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ သမာဓိ(၁)လမ်း၊ အမှတ်(၈)နေ ဒေါ်လှလှရီ [၁၂/စခန(နိုင်)၀၃၆၃၆၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဒေါ်လှလှရီ [၁၂/စခန(နိုင်)၀၃၆၃၆၇]သည် အမှတ်(၆၆၃)၊ မြဝတ်ရည်လမ်း၊ (ဆ/ခ)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ် အလျား (၃၀)ပေx အနံ (၁၀)ပေရှိ အိမ်ခြံမြေကွက်အား တရားဝင်ပိုင်ဆိုင်သည်ဆိုသည့် ဦးစိုးထွန်းနိုင် [၁၂/သဃက(နိုင်)၁၇၄၆၉၃]ထံမှ (၂၀-၈-၂၀၁၉)ရက်နေ့တွင် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အိမ်ခြံမြေအား ကျွန်ုပ်မိတ်ဆွေ ဒေါ်လှလှရီ [၁၂/စခန(နိုင်)၀၃၆၃၆၇]၏ သိရှိသဘောတူညီခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း များမပြုလုပ်ရန်နှင့် ထိုသို့ပြုမူဆောင်ရွက်လာပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်လှလှရီ**
**[၁၂/စခန(နိုင်)၀၃၆၃၆၇]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်သက်မာ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၀၂၂)**
**အမှတ် (ခ/၅၆၇)၊ ပုလဲငွေရောင်လမ်းမ၊ (၅၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၇၉၂၇၂၃၄၈၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၄/သီရိမွန်အိမ်ရာ၊မြေကွက်အမှတ်၂၁/က၊၀.၁၃၈ဧက၊မြေကွက်တည်နေရာအမှတ်-၂၁/က၊သီရိမွန်အိမ်ရာ(၁) ဦးခင်လှ(WKA-104312)၊ဒေါ်ခင်မြမြ(O/RGN-001842)၊ဒေါ်အေးစန္ဒာခိုင်(၁၂/ပဇတ(နိုင်)၀၂၈၃၅၃)အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ်မြေအားအမည်ပေါက်-ဦးခင်လှနှင့်ဒေါ်ခင်မြမြတို့မှအထူးကိုယ်စားလှယ်လွှဲစာအမှတ်-၄၇၇/၂၀၂၃(၉-၁-၂၀၂၃)ဖြင့်ရရှိသူဦးဇော်ဇော်အောင်(၁၂/လမတ(နိုင်)၀၂၉၁၀၃)နှင့်ကျန်အမည်ပေါက်တစ်ဦးဖြစ်သူဒေါ်အေးစန္ဒာခိုင်တို့က ဂရန်မူရင်း၊နိုင်ငံသားစိစစ်ရေးကတ်ပြား၊ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့်ပါဝါမရုတ်သိမ်းသေးကြောင်း(၂၁-၃-၂၀၂၃)ရက်စွဲဖြင့်ကျမ်းကျိန်လွှာ၊မြေရာဇဝင်မှတ်ချက်ရှိ၂၀၁၅ခုနှစ်တွင်ထုတ်ယူခဲ့သောဘဏ်ချေးမြေပုံမူရင်းမှာအထားအသိုမှားယွင်းကာပျောက်ဆုံးသွားသည်မှာမှန်ကန်ပါကြောင်း၊ရောင်းချ၊ပေါင်နှံ၊ပေးကမ်း၊စွန့်လွှတ်၊လှူဒါန်း၊အာမခံအဖြစ်ထားရှိခြင်းလုံးဝမရှိပါကြောင်းနှင့်အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါကမိမိကသာတာဝန်ယူဖြေရှင်းမည်ဖြစ်ပါကြောင်း(၂၅-၅-၂၀၂၃)ရက်စွဲပါကျမ်းကျိန်လွှာ၊ကမ္ဘောဇဘဏ်လီမိတက်ဘုရင့်နောင်ဘဏ်ခွဲ(၁)မှ၂၀၁၅ခုနှစ်တွင်ထုတ်ယူခဲ့သောဘဏ်ချေးမြေပုံမူရင်းအားမိမိတို့ဘဏ်တွင်အပ်နှံထားခြင်းမရှိကြောင်း(၁၄-၈-၂၀၂၃)ရက်စွဲပါသဘောထားမှတ်ချက်ပြန်ကြားစာတို့ကိုတင်ပြ၍စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများမှ ငွေထုတ်ပေးရန်တာဝန်ရှိသူများအနေဖြင့် ဆေးကုသမှုခံယူသူများထံမှ ဝင်ငွေခွန် ၂ ရာခိုင်နှုန်း ထပ်ဆောင်းကောက်ခံခြင်းအား ဆောင်ရွက်ခြင်းမပြုကြပါရန် အသိပေးကြေညာခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ရရှိသောဝင်ငွေအပေါ် ငွေထုတ်ပေးချိန်၌ အခွန်နုတ်ယူပေးသွင်းစေသည့်အစီအစဉ်အား (၁-၉-၂၀၂၃) ရက်နေ့တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများမှ ငွေထုတ်ပေးရန်တာဝန်ရှိသူများ၏ ဆောင်ရွက်ရမည့်တာဝန်များနှင့် အခွန် နုတ်ယူခြင်းခံရမည့်ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ ဆောင်ရွက်ရမည့်တာဝန်များကို (၃၀-၈-၂၀၂၃)၊ (၃၁-၈-၂၀၂၃)၊ (၁-၉-၂၀၂၃)၊ (၂-၉-၂၀၂၃) နှင့် (၃-၉-၂၀၂၃) ရက်နေ့ထုတ် နိုင်ငံပိုင်သတင်း စာများနှင့် ဌာန၏ Website များတွင် ကြိုတင်အသိပေးကြေညာခဲ့ပါသည်။

၂။ သို့ရာတွင် အချို့သောပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများမှ ငွေထုတ်ပေးရန်တာဝန်ရှိသူများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူထံပေးချေမည့်ပေးချေငွေအပေါ် ဝင်ငွေခွန် ၂ ရာခိုင်နှုန်း နုတ်ယူရမည့်အစား ဆေးကုသမှုခံယူသူထံမှ ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို ထပ်ဆောင်းကောက်ခံသည့် နည်းလမ်းအမှားကို ဆောင်ရွက်နေကြကြောင်း သိရှိရပါသည်။

၃။ ပြည်တွင်းအခွန်များဦးစီးဌာနကဆောင်ရွက်သည့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှရရှိသောဝင်ငွေအပေါ် ငွေထုတ်ပေးချိန်၌ အခွန်နုတ်ယူပေးသွင်းစေသည့်အစီအစဉ်သည် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ဝင်ငွေအပေါ်တွင် ဝင်ငွေခွန်ကောက်ခံသည့်အစီအစဉ်သာဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများမှ ငွေထုတ်ပေးရန်တာဝန်ရှိသူများအနေဖြင့် ဆေးကုသမှုခံယူသူများထံမှ ဝင်ငွေခွန် ၂ ရာခိုင်နှုန်း ထပ်ဆောင်းကောက်ခံခြင်းအား လုံးဝ(လုံးဝ) ဆောင်ရွက်ခြင်းမပြုကြပါရန် အသိပေးအပ်ပါသည်။ ထို့ပြင်ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းသည် ကုန်သွယ်လုပ်ငန်းခွန်မကျသင့်သည့် ဝန်ဆောင်မှု အမျိုးအစားဖြစ်သဖြင့် ဆေးကုသမှုခံယူသူများထံမှ ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံပေးသွင်းရန် မလိုအပ်ကြောင်းကိုလည်း အသိပေးအပ်ပါသည်။

၅။ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းတည်ထောင်ထားသူများအနေဖြင့်လည်း မိမိလုပ်ငန်းမှ ငွေထုတ်ပေးရန်တာဝန်ရှိသူများက အခွန်နုတ်ယူပေးသွင်းသည့်လုပ်ငန်းစဉ်များအား ဆောင်ရွက်ရာတွင် ပြဋ္ဌာန်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်စေရေးအတွက် ကြီးကြပ်ပေးနိုင်ပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## အများသိစေရန် ကြော်ငြာချက်

ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်သက်ဦး [၁၂/မရက(နိုင်)၀၅၀၁၆၀]၊ အမှတ် (၂၂)၊ ရေကူးဘူတာရုံလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေသူသည် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆)၊ မြေကွက်အမှတ် (၁၄၈)၊ အကျယ်အဝန်း (အလျား ၄၀ပေx အနံ ၆၀ပေ) မြေချပါမစ်မြေကို အဆက်ဆက်ဝယ်ယူသူထံမှ ဝယ်ယူပိုင်သော ဒေါ်တင်ထွေး အမည်ပေါက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေ၏ခေါင်းရင်းခြမ်း (ပါမစ်မူရင်းခြမ်း) (အလျား ၂၀ပေx အနံ ၆၀ပေ)ဖြစ်သော အမှတ် (၁၄၈)၊ ကြာဖြူလမ်း (၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသူ ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်၊ အမှတ် (၂/၈၉)နေ ဦးနေဘ်မိုင် [၁/မကန(နိုင်)၁၁၂၁၇၈]အား ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေဝယ်ယူစဉ် (၃၁-၈-၂၀၂၃)ရက်နေ့ ကြေးမုံသတင်းစာ၌ ကြော်ငြာခဲ့ပြီး ကန့်ကွက်မည့်သူမရှိ၍ အရောင်းအဝယ်စာချုပ်ဖြင့် ကျန်တန်ဖိုးငွေအားလုံး ပေးချေသည့် (၂၈-၉-၂၀၂၃) နေ့တွင် ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့် ခြံမြေအိမ်ကို လက်ရောက်လက်ဝယ်ရရှိနေထိုင်သော ပိုင်ဆိုင်သူပိုင်ရှင်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လင်းလင်းရွှေဇင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၁၆၈/ ၂၀၁၃)**
**အမှတ် (၂၂)၊ ရေကူးဘူတာရုံလမ်း၊ (၈) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-254897472, 09-773196654**

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
ဘိုးဘွားပိုင်မြေ
➡ 20×60=400သိန်း
➡ 20×60=320သိန်း
➡ 20×60=280သိန်း
➡ 20×60=240သိန်း
ကွန်ကရစ်လမ်းမေးတင်
ဈေးနီး၊ ကျောင်းနီး၊
ထောက်ကြန့်မြို့ရှောင်လမ်းအနီး
09 43130455
09 5029341

သွေးသည် အသက်

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းလှ U/RGN- 011006 ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ ၅၁-လမ်း၊ အမှတ်(ဃ/၈၁)ဟုခေါ်တွင်သော (၈ပေ x ၂၂ပေ) အကျယ်အဝန်းရှိ နေအိမ်သည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းလှ U/RGN- 011006 အမည်ဖြင့် တစ်ဦးတည်းပိုင်ဆိုင်သော နေအိမ်ဖြစ်ပါသည်။ အဆိုပါနေအိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းလှမှတစ်ပါး မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းစသည့်ကိစ္စရပ်များကို မပြုလုပ်ရန်နှင့် မည်သူတစ်ဦးတစ်ယောက်ကမျှ အဆိုပါနေအိမ်အတွင်း ကျူးကျော်ဝင်ရောက်ခြင်း၊ ပိုင်ဆိုင်မှုကို ထိပါးနှောင့်ယှက်ခြင်း တစ်စုံတစ်ရာမပြုလုပ်ပါရန်နှင့် ပြုလုပ်လာပါက ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်စန်းလှ**
**(U/RGN-011006)**
**အမှတ်(ဃ/၈၁)၊ ၅၁-လမ်း၊ (၆)ရပ်ကွက်၊ လှိုင်မြို့နယ်။**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမြတ်သန်းဦး**
**{B.A(Eco:)H.G.P,D-A)1)}**
**အထက်တန်းရှေ့နေ(စဉ်-၁၀၂၂၀)**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**(၀၉-၇၈၃၅၄၂၉၀၀)**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆)၊ မဟာဗန္ဓုလလမ်း၊ မြေကွက်အမှတ်(၆၁၄)၊ မြေအကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၆)ထပ်တိုက်အဆောက်အဦမှ ဒုတိယထပ်၊ (၃)လွှာ၊ ခေါင်းရင်းခြမ်း၊ အခန်းအမှတ်(A-3)၊ အကျယ်အဝန်း (၁၈ပေx ၅၄ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် အခိုင်အမာတွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ယခုလက်ရှိလက်ဝယ်ပိုင်ဆိုင်ထားသူ **ဒေါ်မြင့်မြင့်အေး [၁၂/ဗဟန(နိုင်)၀၇၄၆၂၀]**မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါကဤ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၀၆)**
**ဒေါ်စုစုလှိုင်(LL.B)** — **အထက်တန်းရှေ့နေ(စဉ်-၅၅၅၆၃)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃ ၊၀၉-၇၉၆၃၀၈၀၂၁**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အောင်မေတ္တာ (၄)လမ်း၊ အမှတ်(၁၀၃) ဟုခေါ်တွင်သော မြေအကျယ်အဝန်း (အလျား ၂၀ပေx အနံ ၄၀ပေ)ရှိ မြေကွက်နှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား တရားဝင်ဝယ်ယူလက်ရှိပိုင်ဆိုင်ထားသူများဖြစ်သော ၁။ ဒေါ်ခင်စိန် [၇/ရကန(နိုင်)၀၃၃၇၁၅]၊ ၂။ ဒေါ်တင်တင်အေး [၇/ရကန(နိုင်)၀၃၉၂၃၄]တို့ထံမှ (၂၇-၉-၂၀၂၃)ရက်စွဲပါ မြေနှင့်အိမ် အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်အရ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရီစီထွန်း [၁၂/မဂတ(နိုင်)၀၆၉၆၇၁]က တရားဝင်ဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြလဲ့ဝင်း(LL.B ) အထက်တန်းရှေ့နေ(စဉ်-၂၀၉၅၁)**
**အမှတ်-၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph- ၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၉)ရပ်ကွက်၊ နှင်းပန်းလမ်း၊ အမှတ်(၁၂၃) မြေကွက်ပေါ်ရှိ တိုက်အမှတ်(၁၇)၊ (၆)ထပ် အဆောက်အဦ၏ (ဖလွှာ-ယာ)၊ အကျယ်အဝန်း (၁၂ပေခွဲx ၅၅ပေ)ရှိ တိုက်ခန်း(၁)ခန်း နှင့် ရေ+ မီးအစုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ရောင်းချသူ ဒေါ်နှင်းနှင်းဖြူ [၁၂/ဗတထ(ဧည့်)၀၀၀၃၇၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်ခင်မြသင်း [၁၂/မဂတ(နိုင်)၀၅၄၆၀၄]နှင့် ဒေါ်မြမျိုးမာန် [၁၂/ဒဂမ(နိုင်)၀၂၅၅၅၇]တို့က ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မြသင်းနှင့် ဒေါ်မြမျိုးမာန်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်မာချို (LL.B, DIPL) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၇၇၇၀)**
**အမှတ်(၆၇၈)၊ ဣန္ဒာ(၆)လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၈၇၄၀၀၀၈၃၉၊ ၀၉-၂၅၀၁၇၂၈၁၉**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ကျွန်းတောရပ်ကွက်၊ ကျွန်းတော(၂)လမ်း၊ အမှတ်- ၄၂ နေ ဦးအေးဖရင့် (ဘ) ဦးသာပိန် [၁၂/တတန(နိုင်)၀၄၉၈၉၆] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးအေးဖရင့်သည် ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ဇီးဖြူကျွန်းကျေးရွာ၌ ငါးမွေးကန် ဧရိယာ (၄၀၀)ကေခန့်ကို လက်ရှိလက်ငုတ် ပိုင်ဆိုင်လုပ်ကိုင်သူဖြစ်ပြီး ထိုငါးမွေးကန်များအနက်မှ ဧရိယာ (၁၇၃)ကေခန့်ကို ဦးအေးဖရင့်သည် သားအကြီးဆုံးဖြစ်သူ ဦးဝေလျှံ(ခ)မျိုးလင်းဦးအား အမွေဝေစုအဖြစ် ခွဲဝေပေးပြီးဖြစ်ပါသည်။ ထို့ကြောင့် ဦးအေးဖရင့် လက်ရှိလက်ငုတ်ပိုင်ဆိုင်လုပ်ကိုင်နေသော ကျန်ငါးမွေးကန် ဧရိယာများသည် ဦးအေးဖရင့် တစ်ဦးတည်းပိုင် ငါးမွေးကန်များဖြစ်ပြီး အခြားမည်သူတစ်ဦးတစ်ယောက်မှ လွှဲပြောင်းရောင်းချပိုင်ခွင့်မရှိသည့်အပြင် ဦးဝေလျှံ(ခ)မျိုးလင်းဦးတို့ ဇနီးမောင်နှံတွင်လည်း မည်သို့မှ ပိုင်ဆိုင်သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးချမ်းမြေ့စန်းသွင် (LL.B)**
**အထက်တန်းရှေ့နေ**
**(စဉ်-၄၅၉၃၁) (၂၉-၅-၂၀၁၅)**
**ကျွန်းတော (၃)လမ်း၊ ကျွန်းတောရပ်ကွက်၊ တွံတေးမြို့နယ်။**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**

**ကျောက်တံတားခရိုင်တရားရုံးတော်**

**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၀**

| | | | | |
|---|---|---|---|---|
| မြန်မာ့ခရီးသွားဘဏ်လီမိတက် (ဘဏ်၏ကိုယ်စား တာဝန်ပေးအပ်ခြင်းခံရသူ လက်ထောက်အထွေထွေ မန်နေဂျာ ဒေါ်မွေးမွေးခင်) | နှင့် | ၁။ ဒေါ်ခင်မြတ်သူ<br>၂။ ဒေါ်စံပယ်ဝင်းသူ | | အတူနေသားအမိ |
| **တရားလို** | | **တရားပြိုင်များ** | | |

**ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သမာဓိလမ်း၊ အခန်း- ၄၀၂၊ အမှတ်-၁၁၆၃ (ယခုလိပ်စာမသိ) (၁) တရားပြိုင် ဒေါ်ခင်မြတ်သူ နှင့် (၂) တရားပြိုင် ဒေါ်စံပယ်ဝင်း(အတူနေသားအမိ)တို့** သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြန်မာ့ခရီးသွားဘဏ်လီမိတက်က ငွေပေါင်းကျပ် (၁၉၄၉၂၀၂၃.၇၅)အပေါ် ငွေဒီကရီရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ **၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်။ (၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း၊ ၁၂ ရက်) နေ့မွန်းမတည့်မီ နံနက် ၁၀:၀၀ နာရီ**တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သဲမို့မို့ဆွေ)**
**ဒုတိယခရိုင်တရားသူကြီး (၄)**
**ကျောက်တံတားခရိုင်တရားရုံး**

# ဥတုရာသီ တောကိုမှီ၏

## ပျောက်ဆုံးကြောင်း

ဦးအောင်နိုင်ကို[၁၂/ဗတထ(နိုင်)၀၀၀၅၅၂] ကိုင်ဆောင်ထားသော နိုင်ငံကူးလက်မှတ် အမှတ် ၁၄၅၂၆၈ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09-455753969**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (ပပ-၂၀)၊ ဦးပိုင်အမှတ် (၄၆)၊ ၆၄x၆၅ လမ်းကြား၊ ယောမင်းကြီးနှင့် ဖိုးရာဇာလမ်းကြား ဂရန်မြေကွက် အမည်ပေါက်သူ ဦးဝင်းအောင်၏ (SP ရသူ ဦးညီညီ(ခ)ဦးအောင်ကျော်ဆန်း) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၆၅၅/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ယုံရွှေ(ခ) ယဉ်ယဉ်ကြည် [၁/ဗမန(နိုင်)၀၄၀၉၆၄]က အမှုတွဲအမှတ်-၄၅၇၉/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် (ညည-၃၈)၊ ဦးပိုင်အမှတ်(၄၅)၊ ၅၅ လမ်း၊ ၁၁၇x၁၁၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်နွယ်နွယ်ဦး၏ (SP ရသူ ဦးမျိုးသူရိန်ဦး)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် အမှတ် (၂၇၂၄/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်တွမ်စောက်ရီ [၁၃/ကခန(နိုင်) ၁၁၆၅၉၅]က အမှုတွဲအမှတ်-၄၅၈၆/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**နေပြည်တော်၊ ဒက္ခိဏမြို့နယ်၊ ဒက္ခိဏရပ်ကွက်၊ မြေတိုင်းရပ်ကွက်၊ (၁၂/ရွှေအင်ကြင်းအနောက်ရပ်) ၊ မြေကွက်အမှတ် (ဒ/၄၀၀၈)၊ အကျယ်အဝန်း (၆၀ပေx ၆၀ပေ)၊ ဧရိယာ (၀.၀၈၂)ကေရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**

ဖော်ပြပါ ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား နေပြည်တော်စည်ပင်မြို့ / မြေစီမံခန့်ခွဲမှုဌာနမှ တရားဝင်မြေငှားစာချုပ်(ဂရန်)ရရှိထားပြီး အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ရီရီသန်း [၉/ပမန(နိုင်)၀၇၁၉၄၃]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဇော်လွင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၁၇၀၀)**
**Ph: 09-426779993**
**E-5၊ Sagawar Street/FMI City. Hlaingtharyar.**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**နေပြည်တော်၊ ဒက္ခိဏမြို့နယ်၊ ဒက္ခိဏရပ်ကွက်၊ မြေတိုင်းရပ်ကွက် (၁၂/ရွှေအင်ကြင်းအနောက်ရပ်) ၊ မြေကွက်အမှတ် (ဒ/၄၀၀၇)၊ အကျယ်အဝန်း (၆၀ပေx ၆၀ ပေ) ဧရိယာ (၀.၀၈၂) ကေရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**

ဖော်ပြပါ ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား နေပြည်တော်စည်ပင် မြို့/မြေစီမံခန့်ခွဲမှုဌာနမှ တရားဝင်မြေငှားစာချုပ်(ဂရန်)ရရှိထားပြီး အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ရီရီသန်း [၉/ပမန(နိုင်)၀၇၁၉၄၃]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဇော်လွင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၁၇၀၀)**
**Ph: 09-426779993**
**E-5၊ Sagawar Street/FMI City. Hlaingtharyar.**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁၀-F)၊ မြေကွက်အမှတ် -၃၁ A ပေါ်တွင်ဆောက်လုပ်ထားသော(၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦ၏ မျက်နှာမူလျှင်၊ ဒုတိယထပ်၊ (၃)လွှာ၊ တိုက်အမှတ် (၃၁/အေ)၊ အကျယ်အဝန်း (အလျား ၁၆ x အနံ၅၀)ပေ အကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်၊ အဆက်အစပ်စာချုပ်ဖြင့် ဝယ်ယူလက်ရောက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးပိုင်စိုးဦး [၁၂/အစန(နိုင်)၁၈၈၁၀၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သွန်းဥယ်ဆွေ [၁၂/အစန(နိုင်)၁၉၇၆၈၆]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့် တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပြီး အရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းအား လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်သွန်းဥယ်ဆွေ** | **ဒေါ်သီဂီစိုး (LL.B,D.B.L, D.I.L, D.I.P.L, D.M.L)** |
| **[၁၂/အစန(နိုင်)၁၉၇၆၈၆]** | **အထက်တန်းရှေ့နေ (စဉ်-၃၅၉၄၈)** |

**အမှတ် (၃၁/အေ)၊ မြေညီထပ်၊ ကန်လမ်း၊**
**ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉ ၄၂၀၁၈၆၃၈၈**

## "ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၂၊ မြေကွက်အမှတ်(၁၆၂/က)၊ မြေကွက်လိပ်စာအမှတ်(၁၆၂/က)၊ အင်ကြင်းလမ်း၊ ၇၂/ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော ဦးတင်ဆန်း [၁၂/သကတ(နိုင်) ၀၅၀၃၅၃] အမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ဦးတင်ထွန်းနှင့် အများသိစေရန် ကြေညာခြင်း"

အထက်ရည်ညွှန်းလိပ်စာပါ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိအရောင်းအဝယ်စာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်နေထိုင်လာသူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်ဌေး [၁၄/ပသရ(နိုင်)၀၀၀၀၇၄]မှ ရောင်းချရန်ကမ်းလှမ်းလာသည့်အပေါ် ဝယ်ယူရန် အဆိုပြုတောင်းခံလာသူ ဒေါ်မြင့်မြင့်ဆွေ [၁၂/သဃက(နိုင်)၁၁၆၆၂၅]အား ရောင်းချရန် သဘောတူညီကြသဖြင့် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအား ရယူ၍ စရန်ပေးစာချုပ်ချုပ်ဆိုခဲ့ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းစာရွက်စာတမ်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးတင်ထွန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်ဌေး ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နီလာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၉၂၃)**

| | |
|---|---|
| **ဒေါ်ခြိမ့်ယွန်းဆက် (LL.B)** | **ဒေါ်ဂျာရိန်အောင်ဘူ (LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၉၉၅၁)** | **အထက်တန်းရှေ့နေ(စဉ်-၅၅၅၆၀)** |

**အမှတ်-၁၀၁၊ ဒုတိယထပ်၊ မြင်တော်သာလမ်း၊ ၃/မာန်ပြေရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။ 09-778434507, 09-772766716**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာ၊ ဝါးကျောင်းရပ်ကွက်၊ အမှတ် (၅)၊ ဘိုးဘွားပိုင်မြေ အလျား (၂၀ပေ x အနံ ၉၀ပေ)ရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်တစ်လုံးနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်မျိုး [၁၂/သလန(နိုင်)၁၂၅၄၈၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော မောင်ဟိန်းလှိုင်ထွန်း [၈/တတက(နိုင်)၁၅၄၈၉၆]မှ အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်ခြံမြေနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်တင်ဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၈၀)**
**အမှတ် (၇/က)၊ ဓမ္မရောင်ခြည်ကျောင်းလမ်း၊**
**အမှုထမ်းရပ်ကွက်၊ သန်လျင်မြို့။ Phone: 09 420301713**

## အများသိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ် (ရှမ်းအရှေ့) ရန်အောင်မြေရပ်ကွက်၊ ပါလျှံ (၃)၊ အမှတ် (၁၄၂)နေ ဦးဇင်ဖြိုး [၁၂/လသယ(နိုင်)၀၆၆၄၂၇]နှင့် ဒေါ်နန်းရွှေလီလီဝင်း [၁၃/တကန(နိုင်)၂၉၀၂၂၇]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏ မိတ်ဆွေများသည် အထက်ပါလိပ်စာတွင် နေထိုင်ပြီး "Zin Linn" အမည်ဖြင့်လည်းကောင်း "Nang Thinn Thinn Sean" အမည်ဖြင့်လည်းကောင်း Facebook Acc များအသုံးပြု၍ Online နှင့် ၎င်းတို့နေအိမ်တွင် အလှုမီနီယမ်လုပ်ငန်း လုပ်ကိုင်နေသူများဖြစ်ပါသည်။ ၎င်းတို့၏ ညီမအရင်းတော်စပ်သူ မဇာလီမော် တာချီလိတ်မြို့၊ ပါလျှံ (၂)ရပ်ကွက်တွင် နေထိုင်သူ၏ လူမှုရေး၊ စီးပွားရေးကိစ္စရပ်များအား ကျေနပ်မှုမရှိသော လူတစ်စုမှ ကျွန်ုပ်မိတ်ဆွေများ၏ ညီမဖြစ်သူ မဇာလီမော်သုံးစွဲသော "Zar Li Maw" အမည်ဖြင့် Facebook Acc, Page, Tiktok Acc အတုများဖန်တီးကာ Social လူမှုကွန်ရက်တွင် (အစ်ကိုဖြစ်သူနှင့်ဇနီး) ကျွန်ုပ်၏မိတ်ဆွေများ၏ ဓာတ်ပုံများ၊ နိုင်ငံရေးသီချင်းများ နောက်ခံထည့်သွင်းထားသည့် မိသားစုဝင်များ၏ ဓာတ်ပုံများဖြင့် ဖန်တီးထားသော Video များ Facebook Acc link များဖော်ပြကာ ညစ်ညမ်းသောစာ၊ စကားများဖြင့် ပုံစံမျိုးစုံပြုကာ ကျွန်ုပ်မိတ်ဆွေများ၏ မိသားစုဂုဏ်သိက္ခာကျဆင်းစေရန်လည်းကောင်း၊ နိုင်ငံရေးလှုပ်ရှားမှုတွင် ပါဝင်သည်ဟု ထင်ယောင်ထင်မှားဖြစ်စေရန်လည်းကောင်း Facebook Acc မှ Friends များအား Add ခြင်း၊ မမှန်သတင်းပေးခြင်း၊ Sex group များတွင် ဓာတ်ပုံများတင်ခြင်း Acc အတုများဖြင့် Messenger, Viber ဆော့ဝဲလ်များမှ ခြိမ်းခြောက်ခြင်း စသည်ဖြင့် လူမှုစီးပွားပျက်စီးစေရန် စိတ်ဒုက္ခရောက်စေရန် ပြုလုပ်ခံနေရကြောင်း ညွှန်ကြားသိရှိလာရပါသည်။ ထိုကဲ့သို့ acc အတုများပြုလုပ်၍ မဟုတ်မမှန် ဖန်တီးလုပ်ကြံတိုက်ခိုက်နေသူများအား ဥပဒေအရ အရေးယူဖော်ထုတ်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျွန်ုပ်၏မိတ်ဆွေများ၏ ဂုဏ်သိက္ခာကျဆင်းထိခိုက်နစ်နာစေရန် လူမှုကွန်ရက်အား အသုံးပြု၍ဖြစ်စေ၊ ပြင်ပပတ်ဝန်းကျင်၌ဖြစ်စေ ရေးသားဖြန့်ဝေခြင်း၊ ဖန်တီးခြင်း၊ မှတ်ချက်ပေးခြင်းမပြုလုပ်ရန်။ ထိုကဲ့သို့ ပြုလုပ်မှုများအားလုံးကို ယနေ့မှစ၍ ပြန်လည်ဖျက်သိမ်းပေးရန် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့်အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဇင်ဖြိုးနှင့်ဒေါ်နန်းရွှေလီလီဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နုနုလွင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၃၅၇၄)**
**အမှတ်(၁၀)၊ မန္တလေးလမ်း၊ ကန်/တောင်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-740870704**

## "(၂၇-၈-၂၀၂၃)ရက်နေ့စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ-၂၃ ပါ ဒေါ်သန္တာထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးဇော်ထူးမြတ်၏ အများသိစေရန် ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်း အသိပေးကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတင်အေး [၁၂/ဒဂန(နိုင်)၀၀၅၀၇၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းအသိပေးကြေညာအပ်ပါသည်-

လူကြီးမင်းတရားလွှတ်တော်ရှေ့နေ ဦးဇော်ထူးမြတ်မှ ဒေါ်သန္တာထွေး [၁၂/လသယ(နိုင်) ၀၂၀၇၉၉] ၏ လွှဲအပ်ညွှန်ကြားချက်အရ (၂၇-၈-၂၀၂၃)ရက်နေ့စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ-၂၃ပါ အများသိစေရန် အသိပေးကြေညာခြင်း အကြောင်းအရာများမှာ လုံးဝမှန်ကန်မှုမရှိပါ။

အကြောင်းမှု- ကျွန်ုပ်မိတ်ဆွေ ဦးတင်အေးသည် ဒေါ်စန်းစန်းညွန့်နှင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းခဲ့ရာမှ သမီး(၄)ဦးမွေးဖွားထွန်းကားခဲ့ပြီး၊ အဆိုပါသမီး(၄)ဦးအနက် ဒေါ်သဥ္ဇာအေးမှာ ဆရာဝန်အဖြစ် နယ်၌ဆေးကုသနေစဉ်၊ ဒေါ်သဥ္ဇာအေး၏ ကိုယ်ပိုင်ငွေဖြင့်စိုက်ထုတ်၍-

"ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ၁၀/ရပ်ကွက်၊ နတ်မောက်လမ်း၊ အမှတ်(၄၉၁/က) ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ ဦးလှမြင့် (DDE/၁၈၂၂၂၂) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"တို့အား ဝယ်ယူစဉ်ကဖခင် ဦးတင်အေး အမည်ငှားဖြင့် စာချုပ်ချုပ်ဆို၍ ဝယ်ယူခဲ့ခြင်းသာဖြစ်ကြောင်း လွှဲအပ်ညွှန်ကြားချက်များအရနှင့် ပြသသော စာချုပ်စာတမ်းများအရ သိရှိခဲ့ရပါသည်။

ဒေါ်သန္တာထွေးမှာ အိမ်ထောင်ရှိအမျိုးသမီးတစ်ဦးဖြစ်သည့်အပြင် ကျွန်ုပ်မိတ်ဆွေ ဦးတင်အေး ဖွင့်လှစ်ထားသောဆေးခန်းတွင် ဆေးခန်းအကူအနေဖြင့် လုပ်ကိုင်ပေးသောသူသာဖြစ်ကြောင်းနှင့် (၂၇-၈-၂၀၂၃)ရက်နေ့စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ-၂၃ ပါ ကြေညာချက်သည် ကျွန်ုပ်မိတ်ဆွေ ဦးတင်အေးနှင့် မိသားစုဝင်သားသမီးများ၏ ဂုဏ်သိက္ခာကျဆင်းစေသော ကြေညာချက်ဖြစ်သည့်အတွက် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် အကယ်၍ ရုပ်သိမ်းပေးခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှဲအပ်ညွှန်ကြားချက်များအရ ဒေါ်သန္တာထွေးနှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**ဦးတင်အေး၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နီလာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၉၂၃)**

| | |
|---|---|
| **ဒေါ်ခြိမ့်ယွန်းဆက် (LL.B)** | **ဒေါ်ဂျာရိန်အောင်ဘူ (LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၄၉၉၅၁)** | **အထက်တန်းရှေ့နေ (စဉ်-၅၅၅၆၀)** |

**အမှတ်-၁၀၁၊ ဒုတိယထပ်၊ မြင်တော်သာလမ်း၊ ၃/မာန်ပြေရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-778434507, 09-772766716**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ သောက်ရေကန်၊ လမ်း၊ တံတား၊
ဒါယကာကြီး

## ဦးသိန်းအောင်

**မဇ္ဈိမ ပဋိပဒါ မဟာစည် သာသနာ့ရိပ်သာ၊ သဲအင်းအောင်ဓမ္မရိပ်သာ၊**
**သုံးခွမြို့၊ (၇)နေ့ဆွမ်းလောင်းအသင်းကြီး၏ ဥက္ကဋ္ဌကြီး**

### အသက်(၉၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ အမှတ်(၁၂)ရပ်ကွက်၊ စည်သူလမ်း၊ အမှတ်(၂)နေ (ဦးဖိုးလွင်-ဒေါ်စောခင်)တို့၏သား၊ (ဒေါ်မြသင်)၏ခင်ပွန်း၊ Dr.ဦးသိန်းမြင့်-Dr.ဒေါ်ချိုချို၊ ဒေါ်မြမြသိန်းတို့၏ မွေးသဖခင်၊ Dr.ဖြိုးဇော်မြင့်၊ Dr.ဖြိုးသဇင်မြင့်၊ မကြည်ဖြိုးဖြိုးမြင့်ချို တို့၏အဘိုး ဦးသိန်းအောင်သည် ၂၉-၉-၂၀၂၃ (သောကြာနေ့) နံနက် ၃:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၂၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် သုံးခွမြို့၊ ဥက္ကံသုသာန်တွင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## လီကျင်ရှိတ်(ခ)ဦးထွန်းလှိုင်

**Success Brothers Trading Co,Ltd.**
**ဦးထွန်းလှိုင်နှင့်သားများကြမ်းခင်းဖယောင်းပုဆိုး၊ မိုးကာဆိုင်**

### အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ အမှတ်-၃(က)၊ သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်နေ (ဒေါ်အေးအေးမြ)၏ ခင်ပွန်း၊ ဒေါက်တာစန်းထွန်း-ဒေါ်မြင့်မြင့်ဝင်း၊ (ဦးအောင်ကြင်)-ဒေါ်မြင့်မြင့်စန်း၊ ဦးဝင်းနိုင်-ဒေါ်မီမီဟာ၊ ဒေါက်တာတင်ဟန်-ဒေါက်တာကေခိုင်၊ ဦးကျော်ဇေယျ-ဒေါ်နီနီစန်းတို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၄ ယောက်တို့၏ အဘိုးသည် ၂၉-၉-၂၀၂၃(သောကြာနေ့) ညနေ ၄:၁၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီဖြစ်ပါ၍ ၁-၁၀-၂၀၂၃(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်ခန်းမ-၁(က)မှ ကောင်းတံ့တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုး မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမ

## ဒေါ်ဝေရီ(သံတွဲ-ကျိုးတွင်း)

**အငယ်တန်းလက်ထောက်မန်နေဂျာ(ငြိမ်း)**
**မြန်မာ့သစ်လုပ်ငန်း၊ ရန်ကုန်တိုင်းရုံး**

### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၄)ရပ်ကွက်၊ ယမနေ(၄)လမ်း၊ အမှတ်(၆၇၈)နေ ဦးစံကျော်(လက်ထောက်အထွေထွေမန်နေဂျာ၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန-ငြိမ်း)၏ဇနီး၊ ဦးအောင်ကျော်ဦး(ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း)-ဒေါ်မီမီသက်ဆွေ၊ ဦးအောင်ကျော်မြင့်(Captain-FG)-ဒေါ်ကြည်ဖြူစံ၊ ဦးစောနေဇော်လှိုင်(F.G)-ဒေါ်ဇာခြည်ဝင့်(ACCA)တို့၏ မွေးသမိခင်၊ မြေးငါးယောက်တို့၏အဘွား ဒေါ်ဝေရီသည် ၂၉-၉-၂၀၂၃(သောကြာနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့၊ ပင်လုံဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန် အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁-၁၀-၂၀၂၃ (တနင်္ဂနွေနေ့)ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၁၀-၂၀၂၃(ကြာသပတေးနေ့) နံနက်တွင် ဘုရားအမှူးပြုသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်း၍ အမျှအတန်းပေးဝေလိုပါသောကြောင့် အမှတ်(၆၇၈)၊ ယမနေ(၄)လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း မြို့နယ်၊ ရန်ကုန်မြို့ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ကြည်မြင့် (စလင်းမြို့)

### အသက် (၈၇) နှစ်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နေ(ဦးတင်ဦး-ဒေါ်နန်းခင်)တို့၏သမီး၊ ဆင်ဖြူကျွန်းမြို့နေ(ဦးဦးလှိုင်-ဒေါ်မြ)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(၈)၊ အခန်းအမှတ်(၁၂)နေ (ဦးအောင်သန်း)၏ ဇနီး၊ ကိုလွင်မိုး (EE, Equatorial Maritime Service PTE., LTD Singapore)၊ ကိုသန်းထွန်းဦး-မချိုချိုခိုင်(အင်ဂျင်နီယာဌာန၊ အဆောက်အအုံ Y.C.D.C)၊ ကိုဇော်မင်းအောင်(မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်နေပြည်တော်)-မအေးစန္ဒာ(ဟိုတယ်/ခရီး-ငြိမ်း)၊ မဝင်းဝင်းခိုင်(ရှေးဟောင်းသုတေသန၊ ရန်ကုန်ဌာနခွဲ)တို့၏ မွေးသမိခင်ကျေးဇူးရှင်သည် ၂၉-၉-၂၀၂၃ (သောကြာနေ့) နံနက် ၀၀း၂၀ နာရီ GRAND HANTHA ဆေးရုံကြီးတွင် (၉၆)ပါးရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းသွားပါသဖြင့် ၁-၁၀-၂၀၂၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၁၀-၂၀၂၃ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်း ရပ်ကွက်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(၈)၊ အခန်းအမှတ်(၁၂) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါက်တာဒေါ်ဝင်းမေ

**(မီးယပ်နှင့်သားဖွားအထူးကုဆရာဝန်ကြီး)**

### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ အမှတ်-၆၃၊ နတ်မောက်လမ်းသွယ်(၁)လမ်းနေ (ဒေါက်တာဦးသန်းအောင်-ဒေါ်ညွန့်တင်)တို့၏သမီးကြီး၊ ဒေါက်တာသန်းညွန့်-(ဒေါ်ကစ်တီသောင်း)၊ (ဦးကျော်ညွန့်)-ဒေါ်လှလှရွှေ၊ ဦးပီတာသန်းအောင်-ဒေါ်စန္ဒာဝင်း၊ ဦးစိန်ဝင်း-ဒေါ်ကြူကြူမာ၊ ဦးကျော်မြင့်-ဒေါ်ဝင်းမာတို့၏ အစ်မကြီး ဒေါက်တာဒေါ်ဝင်းမေသည် ၂၈-၉-၂၀၂၃ရက် နံနက် ၂:၄၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၁၀-၂၀၂၃(ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမောင်မောင်ငွေ

### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်(ဦးချစ်ရင်ကန်-ဒေါ်တင်ရီ)တို့၏သား၊ (ဦးဂျီအေဘာရော့-ဒေါ်အဲလစ်ဇဘက်)တို့၏သားသမက်၊ ဒေါ်ခင်ခင်ဆွေ၏ချစ်လှစွာသောခင်ပွန်း၊ ဦးသက်ဦးမောင်-ဒေါ်အိမွန်ထွန်း၊ ဦးအာကာမြင့်လွင်-ဒေါ်ထက်ထက် အောင်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး၊ (ဦးမောင်မောင်အုန်း)၏ညီ၊ ဦးမောင်မောင်ထွန်း၊ (ဦးမောင်မောင်ခင်)၊ (ဦးမောင်မောင်တင်)၊ (ဦးမောင်မောင်မြ)၊ ဦးမောင်မောင်လှတို့၏အစ်ကို ဦးမောင်မောင်ငွေသည် ၂၉-၉-၂၀၂၃ရက် နံနက် ၆:၁၀ နာရီတွင် (၉၆)ပါးသောဝေဒနာဖြင့် ကွယ်လွန်သွားပါသဖြင့် ၁-၁၀-၂၀၂၃(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရောဂတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ ရေလဲကလေးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၇၅၅၊ ခနွဲကဘိုစု)၊ ဦးပိုင်အမှတ်(၇၁)၊ ဧရိယာ(၀.၀၄)ဧကရှိ မြေအား ရန်ကုန်မြို့၊ ဒဂုံအရှေ့မြို့နယ်၊ (၅) ရပ်ကွက်၊ မဥ္ဇူလမ်း၊ အမှတ်(၉၃၄)နေ ဦးဇော်ဝင်း [၁၄/မအပ(နိုင်)၁၁၂၉၀] မှ မြေငှားဂရန်အသစ် ရရှိရေးအတွက် မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းစာချုပ်၊ မြို့နယ်တရားရုံး ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်နှင့် အခြားလိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများနှင့် အတူ လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက် ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်အသစ် ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**

---

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်လှရီ

### အသက်(၈၈)နှစ်

ညောင်လေးပင်မြို့၊ ဦးဘအေး-ဒေါ်ပုတို့၏သမီး၊ ဦးထွန်းမောင်-ဒေါ်စောတင်တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်၇၁၈(ခ)၊ ရွှေနှင်းဆီလမ်း၊(၅)ရပ်ကွက်နေ [ဦးထွန်းမြင့်(ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ သစ်တောဦးစီးဌာန]၏ဇနီး၊ (ဦးဝင်းမောင်-ဒေါ်မြမြအေး)၊ (ဦးမောင်အံ့-ဒေါ်သန်းရီ)တို့၏ညီမ၊ ဦးစိုးညွန့်-ဒေါ်ကြည်ကြည်အေး၊ (ဦးမျိုးဟန်-ဒေါ်တင်အေး)၊ (ဗိုလ်မှူးကြီးဝင်းလှိုင်)-ဒေါ်ကြည်ကြည်ဝင်း၊ ဦးတင့်ဆွေ-ဒေါ်စန်းမြင့်၊ ဒေါ်အေးရီ၊ (ဦးဝင်းကြည်)- ဒေါ်မေမေခင်တို့၏ အစ်မ၊ ဦးဝင်းနိုင်ထွန်း(MD)-ဒေါ်ရီရီခင် (CSC Co., Ltd)၊ ဒေါ်ဝါဝါထွန်း (ပါမောက္ခ/ဌာနမှူး၊ ဥပဒေပညာဌာန၊ တောင်ငူတက္ကသိုလ်)၊ ဒေါက်တာဆန်းဌေး-ဒေါ်မာမာထွန်း၊ ဦးအောင်ကျော်မိုး-ဒေါ်အောင်အောင်ထွန်း၊ ဦးတင်မောင်ထွန်း-ဒေါ်အေးသန္တာကျော်တို့၏ မွေးသမိခင်၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားဖြစ်သူ ဒေါ်လှရီသည် ၂၈-၉-၂၀၂၃ (ကြာသပတေးနေ့)ည ၁၁:၄၈ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၂-၁၀-၂၀၂၃ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၊ အခန်းအမှတ်(၁/က) မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်မည်ဖြစ်သောကြောင့် ရပ်ဝေးရပ်နီးမှဆွေမျိုး မိတ်သင်္ဂဟများအား ညှိုးငယ်သော စိတ်ထားဖြင့် အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၁၀-၂၀၂၃ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာမည် ဖြစ်ပါသဖြင့် နေအိမ်သို့ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးကျေးဇူးတင်ရှိခြင်း

## ဒေါက်တာဒေါ်ဝင်းမေ

**(မီးယပ်နှင့်သားဖွားအထူးကုဆရာဝန်ကြီး)**

### အသက်(၈၅)နှစ်

ဒေါက်တာဒေါ်ဝင်းမေ (မီးယပ်နှင့်သားဖွားအထူးကုဆရာဝန်ကြီး)နာမကျန်းဖြစ်စဉ် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ ၂၆-၈-၂၀၂၃ရက်မှ ၂၈-၉-၂၀၂၃ ရက်အတွင်း မေတ္တာဖြင့်ဆေးကုသပြုစုစောင့်ရှောက်ပေးခဲ့ကြသော အထူးကုသမားတော်ကြီးများအားလုံး၊ ဆရာဝန်များ၊ ဆရာမများ၊ သူနာပြုနှင့် ဝန်ထမ်းများအားလုံး၊ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လာရောက်သတင်းမေးကြသူများ၊ အဝေးမှဆက်သွယ်သတင်းမေးကြသူများအားလုံးတို့ကိုအထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရောဂတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့၊ (၁၇)ရပ်ကွက်၊ ကွင်းအမှတ်(၁၉၅၊ လုပ်စာ)၊ ဦးပိုင်အမှတ်(၄၁၉+၄၂၀)၊ ဧရိယာ(၀.၁၁၀)ဧကရှိ မြေအား ရောဂတီတိုင်းဒေသကြီး၊ ကျုံပျော် မြို့နယ်၊ သောင်ကြီးကျေးရွာအုပ်စု၊ အမှတ်(၄) ရပ်ကွက်နေ ဦးနေလင်း[၁၄/ကပန(နိုင်)၂၀၃၀၅၂]မှ မြေငှားဂရန်အသစ် ရရှိရေး အတွက် ဓနုဖြူမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်မှူးရုံး၏ (၂၉-၇-၂၀၁၅)ရက်စွဲပါစာချုပ်အမှတ် (၁၉/၂၀၁၅) မြေအရောင်းအဝယ်စာချုပ်၊ နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်စာချုပ်၊ မြို့နယ်တရားရုံး ကျမ်းကျိန်လွှာနှင့် အခြား လိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လျှောက်ထားလာမှု နှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက် အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်ပြည့် မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံး လုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်အသစ် ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မအူပင်မြို့**

---

**မူးယစ်**
**ကိုပစ်**
**ပန်းတိုင်**
**သစ်**
**စိတ်သစ်**
**လူသစ်**
**ဘဝသစ်**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၂)၊ မြေကွက်အမှတ်-၃၇/ခ၊ မြေကွက်တည်နေရာအမှတ်-၃၇/ခ၊ ဘရဏီ(၁)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးတင်မြင့်[၁၂/ဥကတ(နိုင်)၁၁၆၇၃၃]၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်မြင့်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်ဘွင့်တို့ကို တရားပြိုင်ထား၍ တရားလို ဒေါ်ခင်ခင်အေးမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ဖြင့် စွဲဆိုခဲ့သည့် သင်္ဃန်းကျွန်းခရိုင် တရားရုံး၌ တရားစွဲဆိုထားသော တရားမကြီးမှုအမှတ်-၁၀၅၃/၂၀၂၂၏ စီရင်ချက်၊ တရားမဇာရီမှုအမှတ်-၈၄/၂၀၂၂၏ အမိန့် (၂၃-၈-၂၀၂၃)ရက်စွဲပါ ဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်/ကတ်၊ ဝန်ဆောင်ခတို့ကို တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ် ဒေါ်မေသူအောင်[၁၂/မဂတ(နိုင်)၁၀၇၃၅၁]မှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထား လာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါ ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၃၃/၁၀)ရပ်ကွက်၊ ရတနာသီရိလမ်း၊ အမှတ်(၆၁၁/ခ)ဟု ခေါ်တွင်သော အကျယ်အဝန်း(၂၀ ပေ x ၆၀ ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ဒေါ်ယွန်းမီမီအောင်[၁၂/ရပသ(နိုင်)၀၆၅၈၆၅]ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက ရောင်းဖိုးစရန်ငွေအချို့ ပေးအပ်ထားပြီး ဖြစ်ပါသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက် စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက် မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်ဇေယျ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဝဏ္ဏစည်သူမိုး**
**အထက်တန်းရှေ့နေ (စဉ်-၄၇၁၃၂)**
**အမှတ်(၁၈၉)၊ မင်းရဲကျော်စွာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၄၄၂၀၁၇၄**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရား ဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစား ကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေး၊ နိုင်ငံသူ၊ နိုင်ငံသားတို့၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်ရေးပင် ဖြစ်သည့်အတွက် မိမိတို့တာဝန်များကို မှန်မှန်ကန်ကန်ဖြင့် ကျေပွန်စွာ ထမ်းဆောင်နိုင်ရမည်ဖြစ် ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ မတ်လ ၆ ရက်နေ့တွင် ပြုလုပ်သော ကလေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)


ယနေ့ ဖတ်စရာ

မန္တလေးပြည်သူ့ဆေးရုံကြီးတွင် မွေးရာပါ နှလုံးရောဂါလူနာများအား Device Closure နည်းလမ်းဖြင့် ကုသခြင်းကို ဗီယက်နမ်နိုင်ငံမှ နှလုံးအထူးကုအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက် စာမျက်နှာ » ၄

ဂီတစွမ်းအား ပြည်ထွန်းကား ဆောင်းပါး စာမျက်နှာ » ၆

တရုတ်နိုင်ငံက လကမ္ဘာ စူးစမ်းလေ့လာရေးယာဉ် ချန်အီ -၆ ကို ၂၀၂၄ ခုနှစ်တွင် လွှတ်တင်မည် စာမျက်နှာ » ၁၃

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ငွေကျပ်သိန်း ၆၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား လေးသိန်း သိမ်းဆည်းရမိ စာမျက်နှာ » ၁၄

ဒေသတစ်ခု ထုတ်ကုန်တစ်မျိုးအဖြစ် ဆောင်ရွက်လျက်ရှိသည့် စံဖွံ့ဖြိုးသစ်အချောထည်လုပ်ငန်း တွေ့ဆုံမေးမြန်း စာမျက်နှာ » ၁၆


## AFC Cup ပြိုင်ပွဲ အုပ်စုဒုတိယပွဲအဖြစ် ရှမ်းယူနိုက်တက်အသင်း အဝေးကွင်းကစားရမည်

ရန်ကုန် စက်တင်ဘာ ၂၉

၂၀၂၃-၂၀၂၄ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စုဒုတိယပွဲကို အောက်တိုဘာ ၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် ကမ္ဘောဒီးယားကလပ် ဖနောင်ပင်ခရောင်းအသင်းနှင့် အဝေးကွင်းကစားရမည်ဖြစ် သည်။

ရလဒ်ကောင်းရန်လိုအပ်

ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုအဖွင့်ပွဲတွင် ဩစတြေးလျကလပ် မက်ကာသာအသင်းကို အိမ်ကွင်းတွင် အရေးနိမ့်ထားသဖြင့် နောက်တစ်ဆင့်တက်ရေးမျှော်လင့်ချက်အတွက် လက်ကျန်ပွဲများမှာ အရေးပါလျက်ရှိသည်။ အထူးသဖြင့် ပထမအကျော့ကစားရမည့် အဝေးကွင်းနှစ်ပွဲတွင် ရလဒ်ကောင်းရန် လိုအပ်နေသည်။ ဖနောင်ပင်ခရောင်းအသင်းသည် မြန်မာနောက်ခံလူ စိုးမိုးကျော် ကစားနေသည့်အသင်းဖြစ်ပြီး ယခုရာသီတွင် ခြေစွာနေသည့် အသင်းလည်းဖြစ်သည်။ စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ○



## အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ် ရောက်ရှိနိုင်

### နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်




နေပြည်တော် စက်တင်ဘာ ၂၉

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းသို့ ရောက်ရှိခဲ့သည်။ စာမျက်နှာ ၁၈ ကော်လံ ၅ သို့ ■

## အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ အားကစားနည်း သုံးမျိုး ထပ်မံယှဉ်ပြိုင်ရမည်

ရန်ကုန် စက်တင်ဘာ ၂၉

တရုတ်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့အနေဖြင့် အားကစားနည်း သုံးမျိုး ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။

ယှဉ်ပြိုင်မည်

ယခု အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက အားကစားနည်း ခုနစ်မျိုးတွင် ဝင်ရောက်ယှဉ်ပြိုင်ပြီး ဘောလုံး၊ ဝူရှူးနှင့် တိုက်ကွမ်ဒိုအားကစားအဖွဲ့များမှာ ယှဉ်ပြိုင်ပြီးဆုံးသွားပြီး Esports အဖွဲ့မှာမူ ပြိုင်ပွဲများ ယှဉ်ပြိုင်နေဆဲဖြစ်သည်။ မြန်မာအားကစားအဖွဲ့ ထပ်မံယှဉ်ပြိုင်ရမည့် အားကစားနည်းများအနက် ပိုက်ကျော်ခြင်းပြိုင်ပွဲကို အောက်တိုဘာ ၁ ရက်မှ ၇ ရက်၊ မြားပစ်ပြိုင်ပွဲကို အောက်တိုဘာ ၁ ရက်မှ ၇ ရက်၊ စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❖